# ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၉ ရက်၊ အင်္ဂါနေ့၊ (26-5-2015) (၈၂၁၂)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျော်ဂျီယာနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် မေ ၂၆**

၂၀၁၅ ခုနှစ် မေ ၂၆ ရက်တွင်ကျရောက်သော ဂျော်ဂျီယာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဂျော်ဂျီယာသမ္မတနိုင်ငံသမ္မတ မစ္စတာဂျီအော်ဂျီမာဗပ်လာရှ်ဗီလီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် မေ ၂၆ ရက်တွင်ကျရောက်သော ဂျော်ဂျီယာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဂျော်ဂျီယာသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ အိုင်ရက်ကလီဂါရီ ဘာရှ်ဗီလီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# သင်ကြားမှု သင်ယူမှုများ နိုင်ငံတကာနှင့်ယှဉ်ပြီး ကြိုးစားအားထုတ်လုပ်ဆောင်

**နေပြည်တော် မေ ၂၅**

လားရှိုးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နည်းပညာတက္ကသိုလ်(လားရှိုး) သိပ္ပရတနာခန်းမ၌ ကျင်းပသည့် လားရှိုးမြို့နယ် မိုင်းယော်၊ မန်ကောင်း(မိုင်းယန်း)၊ ပန်ထိုလင်၊ ဝိန်းထန်(မိုင်းတင်)၊ မန်ပြိန်း၊ တာပုံ၊ ဆုံကွယ်၊ ဟိုပိတ်၊ မတ်ချိုးနု၊ ကောင်းကြဲ(ပိတ်)၊ နမ့်တွန်း၊ မန်ကတ်(ဟန့်ထိုက်)၊ ကုန်းဆာ၊ ဟိုနမ့် ကျေးရွာတို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ လားရှိုးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် ယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နည်းပညာတက္ကသိုလ်(လားရှိုး)သိပ္ပရတနာခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (ပြန်/ဆက်)

# ရေမျက်နှာပြင် ပြန်လည်မြင့်တက်လာသည့် အင်းလေးကန်



အင်းလေးကန်အတွင်း စီးဝင်သည့် နမ့်လတ်ချောင်းတွင် စက်လှေများ မောင်းနှင်သွားလာနေသည်ကို မေလ တတိယပတ်က တွေ့ရစဉ်။

**ညောင်ရွှေ မေ ၂၅**

အင်းလေးဒေသနှင့် ပတ်ဝန်းကျင်ရေဝေရေလဲဒေသများဖြစ်သည့် ညောင်ရွှေ၊ တောင်ကြီး၊ ကလော၊ ပင်လောင်း၊ ဟဲဟိုးမြို့တို့တွင် မေလဆန်းပိုင်းမှစ၍ မိုးများရွာသွန်းခဲ့မှုကြောင့် အင်းလေးကန်အတွင်းသို့ ရေများစီးဝင်ကာ အင်းလေးကန်ရေမျက်နှာပြင်မှာ ပြန်လည်မြင့်တက်လာကြောင်း သိရသည်။

ရေဝေရေလဲဒေသများတွင် မိုးရွာသွန်းမှုများကြောင့် ကန်အတွင်း အဓိကစီးဝင်သည့် ချောင်းကြီးများဖြစ်သည့် နမ့်လတ်ချောင်း၊ ကလောချောင်း၊ ဘီလူးချောင်းနှင့် နယ်ခြားချောင်းတို့တွင် ရေစီးဝင်မှုမှာ ပုံမှန်ထက် ပိုမိုစီးဝင်မှုများရှိကြောင်း ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ကျော်ဦးက ပြောသည်။

"ညောင်ရွှေ နမ့်လတ်ချောင်းရေမှတ်မှာ ရေကမူလထက် ခြောက်လက်မတက်လာတယ်။ ဖောင်တော်ဦးဘုရား ရေမှတ်မှာတော့ တစ်ပေနီးပါးတက်လာတာကိုတွေ့ရတယ်။ အင်းလယ်မှာတော့ ခြောက်လက်မကနေ ရှစ်လက်မခန့်တက်လာပါတယ်။ ကန်ရဲ့ ရေအနက်ဆုံး နေရာဖြစ်တဲ့ ရေလယ်ဗိုလ်တဲဝန်းကျင်မှာတော့ ရေအနက်က ၁၀ ပေခန့်

**စာမျက်နှာ ၃ ကော်လံ ၅ သို့** ❐




ကြေးမုံ စာ တည်း ရှု ထောင့် ၂၆-၅-၂၀၁၇ [အင်္ဂါနေ့]

# အေးချမ်းစွာ အတူလက်တွဲနေထိုင်

နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် မိမိတို့၏အသက်ကို ပဓာနမထားဘဲ တာဝန်ကျေပွန်အောင်ထမ်းဆောင်ခဲ့ကြသော၊ ထမ်းဆောင်လျက်ရှိကြသည့် တပ်မတော်သားများအား ဂုဏ်ပြုကြရမည်သာဖြစ်သည်။ တပ်မတော်သားများသည် တရားသောစစ်ကို ဆင်နွှဲနေသူများဖြစ်၍ တိုင်းရင်းသားပြည်သူအားလုံးက ထောက်ခံဂုဏ်ပြုကြသည်။

ပြည်ထောင်စုဆိုသည်မှာ နိုင်ငံသားအားလုံး အေးအတူပူအမျှ တစုတစည်းတည်း စုပေါင်းနေထိုင်ကြသောနိုင်ငံဖြစ်သည်။ ထိုသို့နေထိုင်ကြသောကြောင့် ပြည်ထောင်စုနိုင်ငံဟူ၍ ဖြစ်တည်နေသည်။ ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ်နေထိုင်နိုင်သည်။ ညီညွတ်သောပြည်ထောင်စုကြီးကို မည်သူမျှသွေးမခွဲနိုင်၊ မည်သူမျှ စော်ကားခြင်းမပြုနိုင်။ ပြည်ထောင်စုပြိုကွဲပါက ဖြစ်ပေါ်လာသောဆိုးကျိုးများအား ပြည်သူများသာ လက်တွေ့ခံစားရသည်ကို မျက်မှောက်ကမ္ဘာ့နိုင်ငံအချို့၏ဖြစ်ရပ်များက သက်သေပြလျက်ရှိသည်။

မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားမင်းများလက်ထက်က တစုတစည်းတည်းထူထောင်ခဲ့သည်။ ယနေ့ထက်တိုင်လည်း စုစုစည်းစည်းနေထိုင်လျက်ရှိသည်။ သို့သော် အယူအဆကွဲပြားမှု၊ အချင်းချင်းသံသယပွားမှု၊ မျိုးနွယ်စုခေါင်းဆောင်များ၏ အားပြိုင်မှု၊ ဩဇာထူထောင်လိုမှုတို့ကြောင့် နယ်မြေဒေသအချို့တွင် ပဋိပက္ခဖြစ်ပွားရသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၉ ရက်နေ့က စတင်ဖြစ်ပွားခဲ့သည့် လောက်ကိုင်ဒေသဖြစ်စဉ်များကို ပြန်ကြည့်လျှင် အာဏာထူထောင်လိုသူများက မိမိတို့ကိုယ်ကျိုးအတွက် မသိနားမလည်သော တိုင်းရင်းသားလူငယ်များအား အသုံးချခဲ့သည်ကိုတွေ့ရသည်။ စစ်ရေးအင်အားထူထောင်ကာ အချုပ်အခြာအာဏာကို ထိပါးသည့်လက္ခဏာများ ဆောင်လာသည်။ အမိပြည်ထောင်စုကြီးအရိပ်အောက်မှ ဖောက်ထွက်၍ ၎င်းတို့ဩဇာထူထောင်ရန်အတွက် ဥပဒေဘောင်ကို ကျော်လွန်ပြီး လုပ်ဆောင်ခဲ့သည်။

ထိုအခါ တပ်မတော်က တရားသောစစ်ကိုဆင်နွှဲ၍ ပြည်ထောင်စုနိုင်ငံတော်ကြီးကို ကာကွယ်စောင့်ရှောက်ပေးရသည်။ နိုင်ငံ၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အသက်နှင့်ခန္ဓာကို ပဓာနမထားဘဲ ပိုင်နက်နယ်မြေကို ထိန်းသိမ်းစောင့်ရှောက်ကြသည်။ တပ်မတော်သားများ ထိခိုက်သေကျေဒဏ်ရာများရရှိကြသလို တိုင်းရင်းသား ပြည်သူများလည်း တိုက်ပွဲရှောင်ကြရ၊ ဒုက္ခရောက်ကြရသည်။ နိုင်ငံ့ဘဏ္ဍာငွေ များစွာဆုံးရှုံးရသည်။ ထိုသို့ဆုံးရှုံးမှုများ ဖြစ်ခဲ့ရသည်မှာ စိတ်မကောင်းဖွယ်ဖြစ်သည်။

ထိုအဖြစ်မျိုးမှ ကျော်လွှားနိုင်ရန် တပ်မတော်နှင့်အတူ တိုင်းရင်းသားပြည်သူများ ပူးပေါင်းပါဝင် လက်တွဲဆောင်ရွက်ကြရမည်။ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသူအားလုံးသည် အမိပြည်ထောင်စုကြီး၏ သားသမီးများပင်ဖြစ်သည်။ သားသမီးများအားလုံး ညီတူညီမျှ ဖွံ့ဖြိုးကြ၊ အေးချမ်းသာယာကြစေချင်သည်။ ထိုဆန္ဒကို နိုင်ငံတော်နှင့် တပ်မတော်က ဖြည့်ဆည်းပေးနေသည်မှာ မျက်မြင်ကိုယ်တွေ့ပင်ဖြစ်သည်။

တပ်မတော်၏စွန့်လွှတ်စွန့်စားကြိုးပမ်းမှုကြောင့် ကိုးကန့်ဒေသသည် ယခုအခါ တည်ငြိမ်အေးချမ်းလာပြီ။ ကိုးကန့်ဒေသသည် လောက်ကိုင်၊ ကုန်းကြမ်းဒေသနှစ်ခုဖြင့် ဖွဲ့စည်းထားသည်။ ကိုးကန့်၊ ပလောင်၊ လီဆူး၊ ရှမ်း၊ ဗမာ၊ 'ဝ'၊ ကချင်တိုင်းရင်းသားများ ညီညီညွတ်ညွတ် စုစည်းနေထိုင်သောဒေသဖြစ်သည်။ ကိုးကန့်ဒေသ ထာဝရတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်နှင့်အတူ ကိုးကန့်ဒေသမှ တိုင်းရင်းသားပြည်သူအားလုံး မိမိဒေသအတွက် အတူလက်တွဲဆောင်ရွက်ကြရမည်။

ယခုအခါ လွှတ်တော်များတွင် လုပ်ငန်းစဉ်များနှင့်အညီ ဆွေးနွေးနိုင်သော အခွင့်အရေးများလည်း ရရှိလာပြီဖြစ်သည်။ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသီးသီးတွင်လည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အုပ်ချုပ်ခွင့်၊ ပြဋ္ဌာန်းခွင့်၊ ဆောင်ရွက်ခွင့်များ ခွဲဝေရရှိနေပြီဖြစ်သည်။ ထို့ကြောင့် အမိပြည်ထောင်စုနိုင်ငံကြီးတော်အတွင်း အေးချမ်းစွာဖြင့် အတူတကွနေထိုင်နိုင်ရန် နိုင်ငံတော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး အတူလက်တွဲဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ။

# ပြည်သူလူထုအခြေပြု ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှု တပ်ကုန်းမြို့နယ် ရှားတောကျေးရွာ၌ ဆောင်ရွက်

**နေပြည်တော် မေ ၂၅**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ခုတင်(၁၀၀၀)နေပြည်တော် ပြည်သူ့ဆေးရုံကြီးမှ သွားဘက်ဆိုင်ရာအထူးကုဆရာဝန်ကြီးအဖွဲ့၊ ပျဉ်းမနားခုတင်(၂၀၀)ဆေးရုံမှ မျက်စိအထူးကုဆရာဝန်ကြီးအဖွဲ့၊ ဥတ္တရသီရိခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ တပ်ကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဆရာဆရာမများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မေတ္တာစမ်းရေဆေးခန်းမှ တာဝန်ခံ ဆရာဝန်ကြီးနှင့် ဆရာဝန်များသည် မေ ၂၄ ရက်တွင် တပ်ကုန်းမြို့နယ် ရှားတောကျေးရွာ၌ ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုလုပ်ငန်းတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်တင်တင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မေတ္တာစမ်းရေဆေးခန်းတာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာစမ်းစမ်းလှိုင်က "ရွေ့လျားကျန်းမာရေးဆေးခန်း ဖွင့်လှစ်ရခြင်းအကြောင်းနှင့် သားဆက်ခြားခြင်းအကြောင်းကို လည်းကောင်း"၊ ဒေါက်တာမျိုးမင်းဦးက "ကိုယ်ဝန်ဆောင်စနစ်တကျစောင့်ရှောက်မှုခံယူရန် အရေးပါမှု၊ ကျွမ်းကျင်သူများဖြင့် မွေးဖွားရန် အကြောင်းကိုလည်းကောင်း"၊ Seven Things This Year Project မှ Project Manager ဒေါက်တာသက်နိုင် ဦးက "ဒီနှစ်အတွင်း (၇)ချက် စီမံချက်အကြောင်းနှင့် သွေးလွန်တုပ်ကွေးရောဂါ အကြောင်းများကိုလည်းကောင်း" ကျန်းမာရေးအသိပညာပေး ဟောပြောခဲ့ကြသည်။

ထို့နောက် အဘိုးအဘွားများကို အားဆေးနှင့် အာဟာရများကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များကို တစ်ခါသုံးမွေးအိတ်၊ အိုင်အိုဒင်းဆားနှင့် ဆပ်ပြာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုပေးခြင်း ၄၈ ဦး၊ သက်ကြီးရွယ်အိုဘိုးဘွားများကို ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ပေးခြင်း ၆၁ ဦး၊ မျက်စိလူနာများကို ကြည့်ရှုစစ်ဆေးပေးခြင်း ၁၀၉ ဦး၊ သွားနှင့်ခံတွင်းလူနာများကို ကုသမှုပေးခြင်း ၂၂ ဦးနှင့် အထွေထွေလူနာများကို ကြည့်ရှုစစ်ဆေးပေးခြင်း ၂၄၈ ဦး စုစုပေါင်းလူနာ ၄၈၈ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပြီး ညွှန်းပို့ရန် လိုအပ်သောလူနာများကို နီးစပ်ရာကျန်းမာရေးဌာနသို့ ညွှန်းပို့ခြင်းနှင့် ချို့တဲ့လူနာများကို ထောက်ပံ့ခြင်းများကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသည် ၂၀၁၀ ခုနှစ်မှစ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာများသို့ကွင်းဆင်းကာ ပြည်သူလူထုအခြေပြု ရွေ့လျားကျန်းမာရေးဆေးခန်းကို ဖွင့်လှစ်၍ ကျန်းမာရေးပညာပေးဟောပြောခြင်း၊ ကိုယ်ဝန်ဆောင်နှင့် သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပံ့ပိုးပစ္စည်းများလှူဒါန်းခြင်း၊ မျက်စိနှင့်သွားကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို တစ်လတစ်ကြိမ်ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၂၅**

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၉၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၃၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၄၀ ကျပ် |
| (ဃ) | ခါတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**၁၈-၅-၂၀၁၇ ရက်နေ့မှ ၂၂-၅-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၇၁၆ ကျပ်နှင့် ဒီဇယ်တစ်လီတာ ၆၆၄ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၁၅၇၀၀ | - ၇၁၆၇၀၀ |
| မန္တလေး | ရွှေဈေး | ၇၁၅၇၀၀ | - ၇၁၆၇၀၀ |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၈၂.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၁၈၇.၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၇၄.၅၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၂.၃၂၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၉.၈၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၇.၀၃၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၈၈.၇၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၈.၆၈၈ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၄၅.၄၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၀၈.၁၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**




G.L.C Technology
Microsoft Office Specialist Certificate
Training and Test Center
G.L.C.
NEW CLASS WILL START ON MAY 31ST & JUNE 1ST
Microsoft Word Specialist
Microsoft Word Expert
Microsoft Excel Specialist
Microsoft Excel Expert
Microoosft PowerPoint Specialist
Microsoft Access Specialist
Microsoft Outlook Specialist
MOS Certificateသည် နိုင်ငံရပ်ခြားသို့သွားရောက်ကာ အလုပ် လုပ်ကိုင်လိုသူများ၊ ပြည်တွင်းရှိ နိုင်ငံတကာအဆင့်မီ Companyကြီးများတွင် ဝင်ရောက်အလုပ်လုပ်ကိုင်လိုသူများ၊ လက်ရှိ လုပ်ကိုင်နေသောအလုပ်တွင် ရာထူးနှင့်လစာ တိုးမြှင့်ရယူလိုသူများ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းကို ဦးဆောင်လုပ်ကိုင်လိုသူများနှင့် နိုင်ငံရပ်ခြားတွင် သွားရောက်ပညာသင်ကြားမည့် ကျောင်းသားကျောင်းသူများအတွက် ရယူထားသင့်သော လက်မှတ်တစ်ခုဖြစ်ပါသည်.
May 30th ရက်နေ့တွင်
"How to be successful with MOS Certificate"
ခေါင်းစဉ်ဖြင့် Event တစ်ခုပြုလုပ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါသည်
No.444, 6th Floor, Merchant Road (Corner of 43rd st and Merchant Road), Botahtaung Township, Yangon. Tel: 09-252729281, 09-975283032. Website: www.glioncomputer.com.
Facebook: www.facebook.com/glctechnology. Email: glioncomputer2014@gmail.com

စိန်ဝင်း နှင့် ရောင်းရင်းများ
ကျိုက်ထီးရိုး၊ ချောင်းသာ(နေ့စဉ်)
▲ ပုပ္ပါး ပုဂံညောင်ဦး(ခွယ်တော်လေးဆု)
▲ ပုပ္ပါး ပုဂံ(ခွယ်တော်လေးဆု)မန္တလေး ပြင်ဦးလွင်
▲ တောင်ကြီး အင်းလေး ပင်းတယ၊ ကဲ့လုံ၊ မွေတော်ကက္ကူ၊ ထမ်းစမ်းရှု
▲ မန္တလေး ပြင်ဦးလွင်၊ ဇစ်ကိုင်း၊ မုံရွာ
▲ ထားဝယ်၊ ရှင်ကိုရှင်၊ မောင်းမကန်း၊ ကျိုက္ခမီ၊ ဇက်ခဲ
▲ မော်လမြိုင်၊ ကျိုက္ခမီ၊ ဇက်ခဲ၊ ဖွားလပို့တောင်(အပတ်စဉ်သောကြာနေ့တိုင်း)
မြန်မာပြည်အနှံ့ ဘုရားဖူးပို့ဆောင်ရေးလုပ်ငန်း ■ ထုံးဘို၊ အကောက်တောင်၊ ပြည်ဘုရားစုံ(နေ့) ■ လွှန်ပြည်တော်ပြန်(တနင်္ဂနွေ)
၂၂၉၊ ပန်းဆိုးတန်း(အပေါ်လမ်း)။ ဖုန်း-01-249871,255553,095137245,5122511

ဆရာပိုင်(ပိုင်သချင်္ချာ)ကိုယ်တိုင်ဦးစီးတည်ထောင်သော
YC စာသင်ဝိုင်း
၁၀တန်း(ဘာသာစုံ)
အဆင့်မြင့်
နွေတန်းခွဲသစ်(နွေ ၃ ရက်စမည်)
နေ့လည်(၁)နာရီမှညနေ(၄)နာရီ
ခိုင်း-၆၀၀၀၀ိ / ရှယ်-၉၀၀၀၀ိ /
YC သချင်္ချာ
၄-တန်း။ ၈-တန်း
သချင်္ချာသီးသန့်
ကျောင်းကြိုဖြင့်အပ်နှံပါက 10% Discount
မြန်မာ ဂုဏ်ထူးဦးသိန်းနိုင်
အင်္ဂလိပ် ဦးနေအုပ်(စိန့်ပေါလ်)
အင်္ဂလိပ် ဦးတင်ကို
သချင်္ချာ ဆရာပိုင်(ပိုင်သချင်္ချာ)
ဓာတု ဆရာသုတ
ရူပ ဦးကျော်မိုးလတ်
ဇီဝ ဒေါက်တာမြသိန်း
ဘောဂ မိုင်းထွန်းအောင်
၁၆၅၊ ပထပ်(ထောင့်ခန်း)၊ ဆိပ်ကမ်းသာ၊ ရန်ကုန်။ Ph:09-73105201



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နည်းပညာတက္ကသိုလ်(လားရှိုး)သိပ္ပံရတနာခန်းမ၌ကျင်းပသည့် လားရှိုးမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (ပြန်/ဆက်)

❖ ရှေ့ဖုံးမှ

တွေ့ဆုံပွဲတွင် ဒုတိယသမ္မတက လားရှိုးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများ၊ ကျေးရွာများမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာများ၏လိုအပ်ချက်များကို သိရှိလို၍ ယခုလိုလာရောက်တွေ့ဆုံခြင်း ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဒေသလိုအပ်ချက်များဖြစ်သည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအပါအဝင် လမ်း၊ တံတား၊ ပို့ဆောင်ရေး၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် လူမှုစီးပွားအခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးပုံစံသည် ပြည်သူလူထုအခြေပြုသည့် အုပ်ချုပ်ရေးပုံစံဖြစ်သောကြောင့် မြို့နယ်/ကျေးရွာများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အခြေခံလိုအပ်ချက်များဖြစ်သည့် လမ်း၊တံတား၊ ပို့ဆောင်ဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ပညာရေး၊ ကျန်းမာရေး စသည့် လုပ်ငန်းများကို ထိထိရောက်ရောက်ပံ့ပိုးကူညီဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန်အတွက် မြို့နယ်နှင့်ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိအနေဖြင့်လည်း လားရှိုးဒေသမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသလိုအပ်ချက်များကိုသိရှိပြီး အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးရန် ရည်ရွယ်ချက်ဖြင့် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ထို့အတူ ဒေသအလိုက်လိုအပ်ချက်များထဲမှ ချက်ချင်းဆောင်ရွက်ပေးနိုင်သည်များကို ချက်ချင်းဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ချက်ချင်းမဆောင်ရွက်ပေးနိုင်သည်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ကျေးရွာများမှ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများက မိမိတို့ဒေသတွင် အမှန်တကယ်လိုအပ်နေသည့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးနိုင်ပါကြောင်းဖြင့်ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတက လားရှိုးမြို့နယ်အတွင်း ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးတို့အတွက် ဆောင်ရွက်ပေးခဲ့မှု၊ မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးသတ်စခန်းနှင့် မီးသတ်ယာဉ်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှု မှတ်တမ်းဓာတ်ပုံများကို ရှင်းလင်းပြသသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မိုင်းယော်၊ မန်ကောင်း(မိုင်းယန်း)၊ ပန်ထိုလင်၊ ဝိန်းထန်(မိုင်းတင်)၊ မန်ပြိန်း၊ တာပုံ၊ ဆုံကွယ်၊ ဟိုပိတ်၊ မတ်ချီးနု၊ ကောင်းကြဲ(ပိတ်)၊ နမ့်တွန်း၊ မန်ကတ်(ဟန့်ထိုက်)၊ ကုန်းဆာ၊ ဟိုနမ့် ကျေးရွာတို့မှ အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက ဒေသအလိုက် အခက်အခဲများနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်၊ ဦးတင်ငွေ၊ ဒေါက်တာဝင်းမြင့်၊ ဦးအောင်သန်းဦး၊ ဦးသောင်းတင်၊ ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်တို့က ဝန်ကြီးဌာနအလိုက် ဒေသလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်ပေးမည့် အခြေအနေများကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ဒုတိယသမ္မတ က ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးကာ ဒေသအလိုက်လိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် အဆိုပါခန်းမ၌ နည်းပညာတက္ကသိုလ်(လားရှိုး)နှင့် ကွန်ပျူတာတက္ကသိုလ်(လားရှိုး)တို့မှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဆက်လက်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နည်းပညာတက္ကသိုလ်(လားရှိုး)ကျောင်းအုပ်ကြီး ဒေါက်တာကျော်ကျော်ခိုင်အောင်နှင့် ကွန်ပျူတာတက္ကသိုလ် (လားရှိုး) ကျောင်းအုပ်ကြီး ဒေါက်တာ နန်းစိုးစိုးအောင်တို့က တက္ကသိုလ်ဆိုင်ရာအချက်အလက်များ၊ ဘာသာရပ်များ သင်ကြားပို့ချမှု၊ နှစ်အလိုက် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးခဲ့မှုနှင့် တက္ကသိုလ်အလိုက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက နည်းပညာတက္ကသိုလ်(လားရှိုး)နှင့် ကွန်ပျူတာ တက္ကသိုလ် (လားရှိုး)တို့သည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အောက်တွင်ရှိပြီး နိုင်ငံတော်အတွက် အရေးကြီးသည့်တာဝန်ကို ထမ်းဆောင်နေသည့် တက္ကသိုလ်များဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် အခြားတက္ကသိုလ်များ များစွာရှိသည့်အတွက် နိုင်ငံတော်အနေဖြင့် အဆောက်အအုံ လိုအပ်ချက်၊ သင်ကြားမှု သင်ယူမှုဆိုင်ရာလိုအပ်ချက်၊ လျှပ်စစ်မီးလိုအပ်ချက်နှင့် အခြားလိုအပ်ချက်များစွာကို ပြည့်စုံအောင် ဖြည့်ဆည်းဆောင်ရွက်ပေးရန် အကန့်အသတ်များရှိနေသော်လည်း အတတ်နိုင်ဆုံးညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

တက္ကသိုလ်ဆရာ ဆရာမများဘက်ကလည်း မိမိတို့တက္ကသိုလ် အရည်အသွေး ပြည့်မီရေးနှင့် ကျောင်းသား ကျောင်းသူများ အရည်အချင်း ပြည့်ဝစေရေးအတွက် သင်ကြားမှု သင်ယူမှုများကို နိုင်ငံတကာနှင့်ယှဉ်ပြီး ကြိုးစားအားထုတ်လုပ်ဆောင်ကြရန် လိုအပ်ပါကြောင်း၊ သို့မှသာ အရည်အချင်းပြည့်ဝသည့် ကျွမ်းကျင်သူပညာရှင်များ မွေးထုတ်နိုင်ပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် လားရှိုးမြို့မှထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

# မော်တော်ယာဉ်အစားထိုးစီမံချက်အပါအဝင် ပြည်ပမှတင်သွင်းလာသောမော်တော်ယာဉ်များအပေါ် အကောက်ခွန်ရှင်းလင်းထုတ်ပေး

**ရန်ကုန် မေ ၂၅**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ် အစားထိုးစီမံချက် အပါအဝင် ပြည်ပမှ တင်သွင်းလာသော မော်တော်ယာဉ်များအပေါ် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့သည့် ၂၅-၁၀-၂၀၁၁ ရက်မှ ၂၄-၅-၂၀၁၅ ရက်အထိ ၄၃ လတာကာလအတွင်း အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်ခွန်များကို စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့်ယာဉ်စီးရေမှာ ၄၄၉၉၁၁ စီး ဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန် (CD) ငွေကျပ် ၆၁၆၆၈၂ ဒသမ ၇၃ သန်း၊ ကုန်သွယ်လုပ်ငန်းခွန်(CT) ငွေကျပ် ၅၇၂၀၀၇ ဒသမ ၅၂ သန်း စုစုပေါင်း ငွေကျပ် ၁၁၈၈၆၉၀ ဒသမ ၂၅ သန်းကို ကောက်ခံရရှိပြီးဖြစ်သည်။

အဆိုပါ အကောက်ခွန် (CD) နှင့် ကုန်သွယ်လုပ်ငန်းခွန် (CT) များ စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်များအနက် ယာဉ်အိုယာဉ်ဟောင်းအစားထိုးလဲလှယ်ရေးစီမံချက်အတွက် ၁၂၂၀၁၅ စီး၊ ကားအရောင်းပြခန်းများအတွက် ၉၈၉၅၈ စီး၊ သဘော်သားပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၁၈ စီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက် အစီး ၇၃၀၊ ပြည်ပနေ အလုပ်လုပ်ကိုင်သူများပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၄၃စီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၉၉၇ စီး၊ စစ်သံအမှုထမ်းပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာ ဝယ်ယူသူပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၂၂၉၅၆ စီးတို့ဖြစ်ကြောင်း သိရသည်။

**(ဝင်းလှိုင်)**

❋ **မြန်မာ ယူ-၂၃ မှ**

အလယ်တန်း နေလင်းထွန်း၊ လှိုင်းဘိုဘို၊ ရဲကိုဦး၊ ဇွန်မိုးအောင်၊ စည်သူအောင်၊ ချစ်စုမိုး၊ အောင်ရှိုးသာမောင်၊ သီဟဇော်၊ အောင်ကျော်နိုင်၊ ရှေ့တန်း ကောင်းဆက်နိုင်နှင့် ရှိုင်းသူရတို့ ပါဝင်ကြသည်။

ဆီးဂိမ်းဘောလုံးပြိုင်ပွဲတွင် အုပ်စုခွဲဝေထားမှုအရ မြန်မာအသင်းမှာ အုပ်စု(က)တွင် စင်ကာပူ၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ လာအိုတို့နှင့်အတူ ကျရောက်လျက်ရှိသည်။ အုပ်စု(ခ)တွင် ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ တီမော၊ ဘရူနိုင်းနှင့် လာအိုအသင်းတို့ ပါဝင်လျက်ရှိသည်။ အုပ်စုပွဲစဉ်များအဖြစ် မြန်မာအသင်းသည် ဇွန် ၂ ရက်တွင် အင်ဒိုနီးရှား၊ ဇွန် ၄ ရက်တွင် စင်ကာပူ၊ ဇွန် ၇ ရက်တွင် ဖိလစ်ပိုင်၊ ဇွန် ၁၀ ရက်တွင် ကမ္ဘောဒီးယားအသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

ယခုဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၃ အသင်းတွင် နာမည်ကြီးကစားသမားတစ်ဦးမျှ ပါဝင်လာခြင်းမရှိဘဲ လက်ရွေးစင်အသင်း၌ ရွေးချယ်ခံရဖူးသည့် ကစားသမားအချို့သာ ပါဝင်လာခဲ့သည်။ အာရှ ယူ-၂၃ ခြေစစ်ပွဲဝင်ခဲ့သည့်အသင်းကိုအခြေခံကာ ဖွဲ့စည်းထားခြင်းဖြစ်ပြီး သကြ်န်ကာလ ပြီးကတည်းက စခန်းသွင်းလေ့ကျင့်ခဲ့ကာ မူလစီစဉ်ထားသည့် ဆားဘီးယားနှင့် ဂျပန်ခရီးစဉ်များမှာ ပျက်ပြယ်ခဲ့သောကြောင့် မေလလယ်အထိ ပြည်တွင်း၌သာလေ့ကျင့်ခဲ့ရပြီး ပြည်တွင်းအသင်းများနှင့် ခြေစမ်းကစားခဲ့ရသည်။ မြန်မာ့လက်ရွေးစင်အသင်း၊ မြန်မာ ယူ-၂၀ အသင်းအပါအဝင် MNL ကလပ်အသင်းများနှင့်ခြေစမ်းကစားခဲ့ရာ ရှုံးပွဲမရှိအောင် ကစားနိုင်ခဲ့သည်။ မြန်မာယူ-၂၃ အသင်းသည် မေ ၁၇ ရက်မှ ၂၂ ရက်အထိထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့တွင် ခြေစမ်းပွဲများသွားရောက်ယှဉ်ပြိုင်ကစားခဲ့ပြီး ဆီးဂိမ်းပြိုင်ပွဲဝင်မည့် ထိုင်း ယူ-၂၃အသင်းကို လေးဂိုးပြတ်ရှုံးနိမ့်ခဲ့သော်လည်း ဗီယက်နမ် ယူ-၂၃အသင်းနှင့် နှစ်ဂိုးစီ သရေကျခဲ့သည်။

မြန်မာယူ-၂၃ အသင်းသည် ထိုင်းနှင့် ဗီယက်နမ်ခြေစမ်းခရီးစဉ်အပြီးတွင် မေ ၂၄ ရက်မှစ၍ လေ့ကျင့်မှုများ ပြန်လည်ပြုလုပ်လျက်ရှိသည်။ ဆီးဂိမ်းပြိုင်ပွဲဝင်မည့် အပြီးသတ် လူ ၂၀ ကို ဗီယက်နမ်ယူ-၂၃ ခြေစမ်းပွဲအပြီးတွင် ရွေးချယ်ခဲ့ပြီး ဂိုးသမားချမ်းငြိမ်းကျော်၊ နောက်ခံလူ သောင်းလပ်ထန်နှင့်တိုက်စစ်မှူးသန်းထက်အောင်တို့ ကျန်ရစ်ခဲ့သည်။ ပြိုင်ပွဲမတိုင်မီ ပြည်ပခြေစမ်းပွဲနှစ်ပွဲသာ ကစားခဲ့ရသော်လည်း မြန်မာ ယူ-၂၃ အသင်းမှာ ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေး စွမ်းစွမ်းတမံလေ့ကျင့်လျက်ရှိသည်။

✳ **ကမ္ဘာ့ဖလားမှ**

MRTV အနေနဲ့ တစ်နိုင်ငံလုံးကိုလွှမ်းခြုံနိုင်တဲ့အတွက်ကြောင့်လည်း Sky Net ပရိသတ်တွေတင်မကဘဲ မြန်မာတစ်နိုင်ငံလုံးတိုက်ရိုက်ကြည့်ရှုအားပေးနိုင်မှာပါ။ MRTV အပြင် Sky Net၊ MNTV တို့ကနေလည်းတိုက်ရိုက်ထုတ်လွှင့်ပေးသွားမှာပါ။ မြန်မာအသင်းကိုလည်းအောင်မြင်မှုတွေရရှိပြီး နောက်အဆင့်တွေကိုတက်လှမ်းစေချင်ပါတယ်”ဟု Sky Net မှ Executive General Manager ဒေါက်တာသိန်းသန်းဦးက ပြောသည်။

Sky Net မှ MRTV သို့ မြန်မာ ယူ ၂၀ အသင်း၏ ပွဲစဉ်များတိုက်ရိုက်ထုတ်လွှင့်ပြသခွင့် လွှဲပြောင်းပေးခြင်းကို မေ ၂၅ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ Sky Star ဟိုတယ်တွင် ကျင်းပခဲ့ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကာ ညွှန်ကြားရေးမှူး ဦးမြင့်အောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

နယူးဇီလန်နိုင်ငံတွင် ကျင်းပတော့မည့် ကမ္ဘာ့ဖလား ယူ ၂၀ ဘောလုံးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ ယူ ၂၀ အသင်းသည် နယူးဇီလန်နိုင်ငံတွင် သွားရောက်ပြင်ဆင်လေ့ကျင်နေပြီဖြစ်ပြီး မြန်မာအသင်းယှဉ်ပြိုင်ကစားမည့် အုပ်စုပွဲစဉ် သုံးပွဲကို တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကာ အုပ်စုပွဲစဉ်များကျော်ဖြတ်နိုင်ပါက ဆက်လက်ထုတ်လွှင့်ပြသပေးသွားမည်ဟု သိရသည်။ ထုတ်လွှင့်ပြသသွားမည့် ပွဲချိန်များကိုလည်း ကြိုတင်အသိပေးကြေညာသွားမည်ဟု သိရသည်။

**(ဆုနှင်းလဲ့)**

❒ **ရေမျက်နှာပြင်မှ**

ရှိတာကို တွေ့ရတယ်။ ကန်အတွင်း ရေဝင်ရောက်မှုက ထင်တာထက်ကို မြန်မြန်ဆန်ဆန် ပိုဝင်နေတာကို တွေ့ရပါတယ်”ဟု ၎င်းကပြောသည်။

မိုးများ ရွာသွန်းလာပြီဖြစ်သဖြင့် ရေများ တက်စပြုနေပြီဖြစ်ကြောင်း၊ ရေနည်းပါးကျဆင်းခဲ့သည့် တစ်ရွာနှင့်တစ်ရွာဆက်သွယ်သည့် ရေချောင်းများတွင်လည်း ရေများမကြာမီ ပုံမှန်အတိုင်း ပြန်ဖြစ်လာတော့မည်ဖြစ်ကြောင်း၊ မိုးရွာသွန်းပြီး ရာသီဥတုအေးမြလာမှုကြောင့် အင်းလေးကန်ရေမျက်နှာပြင်မှာ လက်ရှိအခြေအနေထက် လျော့ကျရန်မရှိကြောင်း ဒေသခံများက ၎င်းတို့၏ အတွေ့အကြုံအရ သုံးသပ်ပြောဆိုလျက်ရှိသည်။

**(နေမျိုးသူရိန်)**

# အဂတိလိုက်စားသော အစ္စရေးဝန်ကြီးချုပ်ဟောင်း ထောင်ရှစ်လကျခံရမည်



**ဂျေရုဆလင် မေ ၂၅**

အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့ တရားရုံးတစ်ရုံးက ဝန်ကြီးချုပ်ဟောင်း အီဟွတ်အိုလ်မတ်ကို ယုံကြည်မှုဖောက်ဖျက်သောအမှုနှင့် လိမ်လည်သောအမှုတို့အတွက် ထောင်ရှစ်လကျခံစေရန် ယနေ့ စီရင်ချက်ချလိုက်သည်။

ဂျေရုဆလင်မြို့တော်ဝန်အဖြစ်လည်းကောင်း၊ ကုန်သွယ်ရေးဝန်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်စဉ်၌ အမေရိကန် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးထံမှ တရားမဝင်ငွေကြေးများ လက်ခံရယူခဲ့သည်ဟု စွပ်စွဲထားသောအမှုကို လွန်ခဲ့သည့်မတ်လတွင် တရားရုံးက ပြန်လည်စစ်ဆေးကြားနာ၍ စီရင်ခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သည့်နှစ်တွင်လည်း လာဘ်စားမှုများအတွက် ၎င်းကို ထောင်ဒဏ်ရှစ်နှစ် အပြစ်ပေးထားခဲ့ပြီးဖြစ်သည်။ အိုလ်မတ်က ၎င်းအနေဖြင့် မည်သည့်အမှားအယွင်းမျှ ကျူးလွန်ခြင်းမရှိကြောင်း ငြင်းဆိုထားပြီး စီရင်ချက်နှစ်ခုလုံးအတွက် ၎င်း၏အယူခံကို ကြားနာခြင်းမပြီးမီအထိ လွတ်လပ်စွာ ဆက်လက်နေခွင့်ရမည်ဖြစ်သည်။ ပထမ အယူခံလွှာအပေါ် တရားရုံးချုပ်၏ ဆုံးဖြတ်ချက်ကို လာမည့်နှစ်လအတွင်း မျှော်လင့်ရသည်။

၎င်း၏အယူခံရှုံးပါက အိုလ်မတ်သည် ထောင်နန်းစံရသော အစ္စရေးအစိုးရအဖွဲ့၏ ပထမဆုံးအကြီးအကဲဖြစ်လာမည်ဖြစ်သည်။ ၂၀၀၆ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အဂတိလိုက်စားသော စွပ်စွဲချက်များ ပေါ်ထွက်လာသဖြင့် တာဝန်မှ အနားယူရန် ဖိအားပေးခြင်းခံရပြီး နုတ်ထွက်ခဲ့ရသည်။

၁၉၉၇ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်အတွင်း နယူးယောက်အခြေစိုက် ငွေကြေးထောက်ပံ့သူ မောရစ်တာလန်စကီးထံမှ လက်ခံရရှိသော အလှူငွေများနှင့်ပတ်သက်၍ ယုံကြည်မှုဖောက်ဖျက်ခြင်း၊ မရိုးမသားရရှိထားသော ငွေများကို ဖုံးကွယ်ထားရှိခြင်းနှင့် လိမ်လည်ခြင်းတို့အတွက် ၂၀၁၂ ခုနှစ်တွင် ၎င်းကို အမှုမှတရားသေလွှတ်ပေးခဲ့သည်။

သို့သော် ၎င်းလက်ထောက်ဟောင်း ဂူလာဇာကင်က အသနားခံလွှာအပေါ် အစိုးရရှေ့နေများနှင့် အပေးအယူပြုလုပ်ရန် အိုလ်မတ်အကြောင်း ဖွင့်ဟခဲ့ပြီးနောက် ၎င်း၏အမှုကို ပြန်လည်စစ်ဆေးရန် တရားရုံးက အမိန့်ထုတ်ခဲ့သည်။

အိုလ်မတ်သည် တရားမဝင်ငွေကြေးရယူခဲ့ကြောင်း ဖော်ပြသည့် စကားပြောဆိုခြင်းများကို ဖမ်းယူထားသော တိပ်ခွေများနှင့် နေ့စဉ်မှတ်တမ်းစာအုပ်များအားလုံးကို မစ္စဇာကင်က ရှေ့နေများလက်သို့ ပေးအပ်ခဲ့သည်။

မတ်လတွင် တရားရုံးက ပြန်လည်စစ်ဆေးရာ၌ ယုံကြည်မှုဖောက်ဖျက်မှုနှင့် လိမ်လည်မှုကျူးလွန်ကြောင်း တွေ့ရှိရသည့်အတွက် ၎င်းကို ထောင်ရှစ်လကျခံစေရန် ယနေ့ အမိန့်ချခြင်းဖြစ်သည်။

ထို့အပြင် အမေရိကန်ဒေါ်လာ ၂၅၀၀၀ နှင့် ညီမျှသော ရှက်ကယ်လ် ၁၀၀၀၀၀ ဒဏ်ရိုက်ပြီး နောက်ထပ် ဆိုင်းငံ့ပြစ်ဒဏ်ရှစ်လ ကျခံစေရန်လည်း အမိန့်ချခဲ့သည်။

**ရိုက်တာ။**

# အမေရိကန်နှင့် ဥရောပနိုင်ငံများမှ စစ်လေယာဉ်များ ရုရှားနိုင်ငံအနီး အာတိတ်ဒေသ၌ စစ်ရေးလေ့ကျင့်



**အော်စလို မေ ၂၅**

အမေရိကန်ပြည်ထောင်စုနှင့် ဥရောပနိုင်ငံ ရှစ်နိုင်ငံမှ အစင်းရေ ၁၀၀ နီးပါးရှိ စစ်လေယာဉ်များသည် မေ ၂၅ ရက်က ကမ္ဘာ့မြောက်ခြမ်း နော်ဒစ်ဒေသနိုင်ငံများ၌ စစ်ရေးလေ့ကျင့်ပျံသန်းမှုများ ပြုခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အာတိတ်ဒေသ၌ ရုရှားနိုင်ငံ၏ စစ်ရေးလှုပ်ရှားမှုများ မြင့်တက်နေမှုနှင့်ပတ်သက်၍ ယင်းနိုင်ငံများအတွင်း စိုးရိမ်ပူပန်မှုများ တိုးပွားနေသည့် ဒေသဖြစ်သည်။

အဆိုပါစစ်လေယာဉ်များ ပျံသန်းလေ့ကျင့်မှုကို နော်ဝေ၊ ဆွီဒင်နှင့် ဖင်လန်နိုင်ငံတို့၏ မြောက်ပိုင်းဒေသ၌ အခြေပြုလုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး တပ်ဖွဲ့ဝင် ၄၀၀၀ ပါဝင်သည်။

ရုရှားနိုင်ငံအနီးရှိ အာတိတ်ဒေသနိုင်ငံများအတွင်း ပူးပေါင်းဆောင်ရွက်မှုမြင့်တင်ရန် ရည်ရွယ်ချက်ဖြင့် လေ့ကျင့်ကြခြင်းဖြစ်သည်။

ရုရှားနိုင်ငံသည် ယမန်နှစ်က ယူကရိန်းနိုင်ငံပိုင်နက် ခရိုင်းမီးယားဒေသအား ကျူးကျော်သိမ်းပိုက်လိုက်ရာမှ တင်းမာမှုများ မြင့်တက်လာခြင်းမရှိမီကာလအတွင်းကပင် စစ်လေယာဉ်များ လေ့ကျင့်ပျံသန်းရန် စီစဉ်ထားခဲ့ပြီး ဖြစ်သည်။

အဆိုပါ လေကြောင်းစစ်ရေးလေ့ကျင့်မှု၏ အဓိကရည်ရွယ်ချက်မှာ နေတိုးတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နေသည့် လေတပ်ဖွဲ့များအနေဖြင့် လေကြောင်းစစ်ဆင်မှုများ၌ ဟန်ချက်ညီပူးပေါင်းစစ်ဆင်မှုပြုလုပ်နိုင်ရန် ဖြစ်ကြောင်း နော်ဝေတပ်မတော်မှ ဗိုလ်မှူးချုပ် ဂျန်အော့ပ်ရာဂျ်၏ ကြေညာချက်တွင် ဖော်ပြသည်။

မေ ၂၅ ရက်မှ ဇွန် ၅ ရက်အထိ ပြုလုပ်မည့် အဆိုပါလေကြောင်း စစ်ရေးလေ့ကျင့်မှုသည် ဥရောပတိုက်၌ ၂၀၁၃ ခုနှစ်က ပြုလုပ်ခဲ့သော လေကြောင်းလေ့ကျင့်ပျံသန်းမှုများပြီးလျှင် ဒုတိယမြောက် အကြီးမားဆုံး စစ်ရေးလေ့ကျင့်မှုဖြစ်ပြီး လေကြောင်း ပစ်မှတ်များ ပစ်ခတ်ချေမှုန်းမှုနှင့် ဝေဟင်အတွင်း လောင်စာဆီ ဖြည့်တင်းပျံသန်းမှုလေ့ကျင့်ခြင်းလည်း ပါဝင်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

◆

# အင်္ဂါဂြိုဟ်သို့ လူမဲ့အာကာသယာဉ်စေလွှတ်သည့် ပထမဆုံးအာရပ်နိုင်ငံဖြစ်လာရန် ယူအေအီး ရည်မှန်း

**အဘူဒါဘီ မေ ၂၅**

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နိုင်ငံက အာကာသအေဂျင်စီသစ်ဖွဲ့စည်းထူထောင်ရေးနှင့် ၂၀၂၀ ခုနှစ်တွင် အင်္ဂါဂြိုဟ်သို့ လူမဲ့အာကာသစူးစမ်းလေ့လာရေးယာဉ်စေလွှတ်သည့် ပထမဆုံးသော အာရပ်နိုင်ငံဖြစ်လာရန် မဟာဗျူဟာမူဘောင်ရေးဆွဲချမှတ်ခြင်းကို မေ ၂၅ ရက်တွင် စတင်အကောင်အထည်ဖော်လိုက်ပြီဖြစ်သည်။

အဆိုပါလုပ်ငန်းစဉ်သည် မေ ၂၅ ရက်တွင် စတင်ကျင်းပသည့် ပင်လယ်ကွေ့အာကာသနှင့် ဂြိုဟ်တုလွှတ်တင်ရေးဖိုရမ် မကျင်းပမီ နှစ်ရက်ကတည်းက စီစဉ်နေခြင်းဖြစ်သည်။ ယူအေအီးအာကာသအေဂျင်စီက ဒေါ်လာ ၅ ဒသမ ၄၅ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် ရည်ရွယ်ထားသည်။

ပင်လယ်ကွေ့အာရပ်နိုင်ငံတစ်ခုဖြစ်သည့် ယူအေအီးနိုင်ငံတာဝန်ရှိသူများသည် အစိုးရ၏ မူဝါဒနှင့်အညီ ဂြိုဟ်ပတ်လမ်းကြောင်းများကို စူးစမ်းလေ့လာပြီး သိပ္ပံနှင့် နည်းပညာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန်၊ စီးပွားရေးနယ်ပယ်ချဲ့ထွင်ရန်၊ ယူအေအီးနိုင်ငံရှိ တီထွင်ဆန်းသစ်မှုနှင့် သုတေသနနယ်ပယ်ကို အားပေးမြှင့်တင်ရန်ဖြစ်ကြောင်း အာကာသအေဂျင်စီမှ တာဝန်ရှိသူများက ပြောကြားသည်။

ယူအေအီးနိုင်ငံသည် အာကာသတွင်းသို့ ဂြိုဟ်တုနှစ်စင်း လွှတ်တင်ထားပြီး ခါလီဖာဆတ်ဟု အမည်ပေးထားသည့် တတိယမြောက်ပြည်တွင်းဖြစ် ဂြိုဟ်တုကို ၂၀၁၇ ခုနှစ်တွင် လွှတ်တင်ရန်စီစဉ်လျက်ရှိသည်။ ယူအေအီးနိုင်ငံ၏ ပထမဆုံး လေ့လာရေးဂြိုဟ်တုကို ၂၀၀၉ ခုနှစ် ဇူလိုင်လတွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ အဘူဒါဘီမြို့အခြေစိုက် ယူအေအီးအာကာသအေဂျင်စီသည် ဒူဘိုင်းရှိ မိုဟာမတ်ဘင်ရာဟစ်ဒ်စင်တာနှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။

**ဆင်ဟွာ။**



# ပိုလန်သမ္မတရွေးကောက်ပွဲ၌ အတိုက်အခံပါတီ အောင်ပွဲခံ

**ဝါဆော မေ ၂၅**

ပိုလန်နိုင်ငံ၌ မေ ၂၄ ရက်ကကျင်းပသော သမ္မတရွေးကောက်ပွဲတွင် အတိုက်အခံပါတီ အောင်ပွဲခံကြောင်း၊ အဓိကအတိုက်အခံပါတီ၏ သမ္မတလောင်း အင်းဒရပ်ဒူဒါက လက်ရှိသမ္မတ ဘရွန်စလေကိုမိုရိုစကီးအား မမျှော်လင့်ဘဲ အောင်ပွဲခံခြင်းဖြစ်ကြောင်း ယနေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။

အတိုက်အခံခေါင်းဆောင် ဒူဒါက ရွေးကောက်ပွဲတွင် ထောက်ခံမဲ ၅၂ ရာခိုင်နှုန်း၊ လက်ရှိသမ္မတ ကိုမိုရိုစကီးက ထောက်ခံမဲ ၄၈ ရာခိုင်နှုန်းရရှိသည်ဟု စစ်တမ်းတစ်ရပ်အရ သိရသည်။

ရွေးကောက်ပွဲတွင် မိမိရှုံးနိမ့်ကြောင်း သမ္မတ ကိုမိုရိုစကီးက ထုတ်ပြန်ကြေညာခဲ့သည်။

အသက် ၄၃ နှစ်ရှိ ဒူဒါ အောင်ပွဲခံခြင်းသည် ဆယ်စုနှစ်တစ်စုတာကာလအတွင်း အတိုက်အခံပါတီအနေဖြင့် အမျိုးသားရွေးကောက်ပွဲတွင် ပထမဆုံးအကြိမ် အောင်ပွဲခံခြင်းဖြစ်သည်။

ဒူဒါ၏ တရားဥပဒေနှင့် တရားမျှတရေးပါတီသည် ကွန်ဆာဗေးတစ်ဝါဒကျင့်သုံးပြီး ကြွယ်ဝချမ်းသာသောနိုင်ငံအဖြစ်သို့ ပိုလန်နိုင်ငံကိုထူထောင်ရာတွင် လူမှုရေးအရ သာတူညီမျှမရှိကြဟု မဲဆန္ဒရှင်များက ရှုမြင်ကြခြင်းကြောင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံရေးလေ့လာသုံးသပ်သူများက ပြောကြားကြသည်။

သမ္မတရွေးကောက်ပွဲ၏ တရားဝင်မဲစာရင်းရလဒ်များကို ထုတ်ပြန်ကြေညာခြင်းမရှိသေးပေ။

ဒူဒါသည် ဩဂုတ် ၆ ရက်တွင် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်သည်။

**ရိုက်တာ။**

ပြည်တွင်းရေးရာ

ကပ္ပလီပင်လယ်နှင့် မလက္ကာရေလက်ကြား၌ တရားမဝင်ရွှေ့ပြောင်းသွားလာသော ပင်လယ်တွင်းလှေစီးဒုက္ခသည်များရောက်ရှိနေပြီး ၎င်းတို့ကို လက်ခံမည့်နိုင်ငံများမရှိသည့်အတွက် ပင်လယ်အတွင်း၌ ဒုက္ခရောက်မည့်အခြေအနေများ ကြုံတွေ့နေခြင်းအပေါ် နိုင်ငံတကာအသိုက်အဝန်းက စိုးရိမ်ပူပန်မှုများရှိနေကြောင်း သတင်းများ ကျယ်ပြန့်စွာပေါ်ထွက်လာခဲ့သည်။ အဆိုပါ သတင်းများနှင့်ပတ်သက်ပြီး လက်ရှိ ဖြစ်ပေါ်နေသည့် အခြေအနေမှန်များကို ပြည်သူများသိရှိနိုင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထင်လင်းကို သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

# လူမှောင်ခိုမှု၊ လူကုန်ကူးမှုနဲ့ ဆက်စပ်ဖြစ်ပွားနေတဲ့ နိုင်ငံဖြတ်ကျော်မှုခင်းတွေကို တားဆီးနှိမ်နင်းဖို့ ဝိုင်းဝန်းအဖြေရှာသင့်



ဦးထင်လင်း

မေး/ရေး-ဟန်နီဝင်း(သတင်းစဉ်)
ဓာတ်ပုံ-ကောင်းထက်

**မေး။ ။ ဘင်္ဂလားဒေ့ရှ်ဘက်မှ လှေစီးဒုက္ခသည်တွေကို ယာယီကယ်ဆယ်ထားတယ်လို့ သိရပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ဖြစ်စဉ်ကိုသိချင်ပါတယ်။ ပြီးတော့ ဘယ်လိုရည်ရွယ်ချက်နဲ့ လှေစီးဒုက္ခသည်တွေကို ကယ်ဆယ် ခဲ့တယ်ဆိုတာကိုလည်းသိရှိလိုပါတယ်။**

ဖြေ။ ။ မြန်မာနိုင်ငံအနေနဲ့ လှေစီးဒုက္ခသည်တွေ ပင်လယ်အတွင်းမှာဒုက္ခရောက်မှာကို နိုင်ငံတကာအသိုက်အဝန်းနဲ့ ထပ်တူစိုးရိမ်ပါတယ်။ လှေစီးဒုက္ခသည်တွေ တွေ့ရှိရင်လည်း လူသားချင်းစာနာထောက်ထားမှု အကူအညီတွေပေးအပ်ဖို့ အသင့်ရှိပါတယ်။ ပြီးတော့ရှာဖွေကယ်ဆယ်မှုတွေ ပြုလုပ်နိုင်ဖို့နဲ့ မြန်မာ့တပ်မတော်(ရေ)က ကင်းလှည့်မှုပြုလုပ်နေတာတွေကို နိုင်ငံခြားရေးဝန်ကြီးဌာနက မေလ ၁၉ ရက်မှာ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။

ဒီသဘောထားနဲ့အညီ ကပ္ပလီပင်လယ်နဲ့မလက္ကာရေလက်ကြားမှာဖြစ်ပေါ်နေတဲ့ ရွှေ့ပြောင်းသွားလာသူတွေ၊ ပင်လယ်တွင်းလှေစီးဒုက္ခသည်တွေနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံအနေနဲ့ ဒေသတွင်းနိုင်ငံများနဲ့ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ဖို့ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဦးဆောင်တဲ့ ပင်လယ်ပြင်အတွင်း တရားမဝင်ရွှေ့ပြောင်းသွားလာမှုများဆိုင်ရာ အရေးပေါ်စီမံခန့်ခွဲရေး ကော်မတီကို မေ ၂၂ ရက်မှာဖွဲ့စည်းခဲ့ပြီး ပထမအကြိမ် အစည်းအဝေးကိုလည်း အဲဒီနေ့မှာပဲပြုလုပ်ခဲ့ပါတယ်။

ဒီလိုဆောင်ရွက်ရာမှာမေ ၂၀ ရက် ညနေပိုင်းမှာလှေစီးဒုက္ခသည် ၂၀၈ ဦးပါဝင်တဲ့ စက်လှေတစ်စီးနဲ့ အခြားစက်လှေတစ်စင်းကိုရခိုင်ပြည်နယ် မောင်တောမြို့နယ် သဘ်ာကွေ့ကျေးရွာ အနောက်ဘက်ပင်လယ်ပြင်မှာ တွေ့ရှိခဲ့တဲ့အတွက် အလယ်သံကျော်ကျေးရွာအနီးမှာ ယာယီစောင့်ရှောက်မှုပေးထားပါတယ်။ ဒီလူတွေကို လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်တဲ့အဖွဲ့က သွားရောက်စိစစ်မှုတွေ ပြုလုပ်ခဲ့ရာမှာသူတို့ဟာ ဘင်္ဂလားဒေ့ရှ် နိုင်ငံ၊ ကော့ဘဇား၊ စစ်တကောင်းနဲ့ ဒါကာမြောက်ခြမ်းမှာနေထိုင်တဲ့ ဘင်္ဂလားဒေ့ရှ် လူမျိုးတွေဖြစ်တာကို စိစစ်တွေ့ရှိရပါတယ်။ သူတို့ဟာအလုပ်အကိုင် အခွင့်အလမ်းတွေရှာဖွေဖို့ ထိုင်းနိုင်ငံနဲ့ မလေးရှားနိုင်ငံတွေကို တရားမဝင်သွားရောက်မယ့်သူတွေ ဖြစ်တာလည်း တွေ့ရပါတယ်။

နောက်ပြီး သူတို့ဟာ ရှေ့ဆက်သွားဖို့လည်းအတားအဆီးတွေရှိနေတဲ့အတွက် တဝဲလည်လည်နဲ့ သောင်တင်နေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံကို ဦးတည်လာရောက်တာ မဟုတ်တာတော့ သေချာပါတယ်။

ဒီလူတွေကိုပင်ရင်းနိုင်ငံကို အမြန်ဆုံးပြန်လည်ပို့ဆောင်ဖို့အတွက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကရန်ကုန်မှာရှိတဲ့ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးကိုယခုလ ၂၃ ရက်ကပြောကြားခဲ့သလို ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးကလည်း ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေကို မေ ၂၄ ရက်က ပြောကြားပြီးဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ရှိသူများကလည်း လုပ်ထုံးလုပ်နည်းများနဲ့အညီ ဒီလူတွေကို ကောင်စစ်တွေ့ဆုံမှုတွေပြုလုပ်မယ်၊ တွေ့ဆုံမေးမြန်းမှုတွေပြုလုပ်မယ်၊ အဲဒီနောက် ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းတွေကို အမြန်ဆောင်ရွက်မယ်လို့လည်းဖြေကြားထားပါတယ်။

ဒီလူတွေကို စစ်တွေမြို့မှာရှိတဲ့ ဘင်္ဂလားဒေ့ရှ် ကောင်စစ်ဝန်ရုံးနဲ့ ရန်ကုန်မှာရှိတဲ့ ဘင်္ဂလားဒေ့ရှ် သံရုံးက တာဝန်ရှိပုဂ္ဂိုလ်တွေက ကောင်စစ်တွေ့ဆုံမှုတွေပြုလုပ်နိုင်ဖို့ ဘင်္ဂလားဒေ့ရှ်ဘက်က မေ ၂၃ရက်မှာ မေတ္တာရပ်ခံခဲ့တဲ့အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက အဲဒီနေ့မှာပဲနေ့ချင်းခွင့်ပြုခဲ့ပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာနက သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့နဲ့ကြိုတင်ညှိနှိုင်းမှုတွေ ပြုလုပ်ပေးထားပြီးတော့ မေ ၂၅ ရက်နေ့(ဒီနေ့)မှာပဲ သွားရောက်တွေ့ဆုံမှုတွေပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။

**မေး။ ။ဒေသတွင်းမှာလည်းဘယ်လိုဖြစ်ပေါ်တိုးတက်မှုရှိတယ်ဆိုတာသိရှိလိုပါတယ်။**

ဖြေ။ ။ ဒေသတွင်းအနေနဲ့ ဆောင်ရွက်ချက်တစ်ရပ်ကတော့ ဒီလှေစီးဒုက္ခသည်တွေ ဦးတည်ရာနိုင်ငံတွေဖြစ်တဲ့ အင်ဒိုနီးရှား၊ မလေးရှားနဲ့ထိုင်းနိုင်ငံတွေနဲ့ မေ ၂၀ ရက်မှာ မလေးရှားနိုင်ငံပူထရာဂျားရားမှာတွေ့ဆုံပြီးဆွေးနွေးခဲ့ကြပါတယ်။ ဆွေးနွေးချက်တွေ အရအင်ဒိုနီးရှားနဲ့မလေးရှားနိုင်ငံတွေက သူတို့နိုင်ငံတွေရဲ့အနီး ပင်လယ်ပြင်မှာရောက်ရှိနေတဲ့ လှေစီးဒုက္ခသည်တွေကို မူရင်းနိုင်ငံ ဒါမှမဟုတ် တတိယနိုင်ငံကို ပို့ဆောင်ရေးတွေ နိုင်ငံတကာအသိုက်အဝန်းကဆောင်ရွက်သွားမယ်ဆိုရင် တစ်နှစ် ယာယီလက်ခံကယ်ဆယ်ထားမယ်လို့ ထုတ်ပြန်ခဲ့ပါတယ်။ ထိုင်းနိုင်ငံကတော့ ပြည်တွင်းဥပဒေတွေအရ ဒီလိုယာယီလက်ခံဖို့ မဖြစ်နိုင်ဘူးလို့ ကြားသိရပါတယ်။

**မေး။ ။ အခုလို မြန်မာ့မြေပေါ်ရောက်ရှိနေတာနဲ့ ပတ်သက်ပြီး ရှေ့အလားအလာတွေကိုလည်းသိချင်ပါတယ်။**

ဖြေ။ ။ ဒီမေးခွန်းနဲ့ပတ်သက်ပြီး အချက်(၃)ချက်နဲ့ ပြန်လည်ဖြေကြားလိုပါတယ်။

ပထမအချက်ကတော့ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာအသိုက်အဝန်းထဲမှာ တာဝန်သိသိနဲ့ ရပ်တည်နေတဲ့နိုင်ငံဖြစ်တဲ့အတွက် ပင်လယ်ပြင်မှာ ဒုက္ခရောက်နေသူတွေကို ကယ်တင်ခဲ့ခြင်းသာဖြစ်ပါတယ်။ ဒီလိုကယ်တင်ခဲ့ခြင်းဟာလည်း လူသားချင်းစာနာထောက်ထားမှု ပြုလုပ်တဲ့အနေနဲ့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ နိုင်ငံတကာ စာချုပ်စာတမ်းများမှာလည်း ဒီလိုဆောင်ရွက်ဖို့ ပြဋ္ဌာန်းချက်တွေရှိပါတယ်။ ဥပမာအနေနဲ့ မြန်မာနိုင်ငံဟာကမ္ဘာ့ကုလသမဂ္ဂရဲ့ ပင်လယ်ပြင်ဥပဒေဆိုင်ရာကွန်ဗင်းရှင်း (United Nations Convention on the Law of the Sea-UNCLOS) စာချုပ်ဝင်နိုင်ငံ ဖြစ်ပြီးတော့ ဒီစာချုပ်ရဲ့ ပြဋ္ဌာန်းချက်အမှတ် (၉၈)မှာဆိုရင် ပင်လယ်ပြင်မှာ ရှာဖွေကယ်ဆယ်မှုတွေ ပြုလုပ်ဖို့လိုအပ်ကြောင်းကို ပြဋ္ဌာန်းထားပါတယ်။ မြန်မာနိုင်ငံဟာ အချို့သော နိုင်ငံတကာစာချုပ်စာတမ်းများမှာ မပါဝင်နိုင်သေးသည့်တိုင် ဒီစာချုပ်များရဲ့ ရည်မှန်းချက်အတိုင်းကူညီစောင့်ရှောက်မှုတွေ ပြုလုပ်ပေးဖို့ ကျင့်ဝတ်ပိုင်းဆိုင်ရာ ဝတ္တရား(Moral Obligation) ရှိပါတယ်။

ဒုတိယအချက်ကတော့ ဒီလိုစောင့်ရှောက်မှုတွေ ပေးထားခြင်းဟာ ယာယီလက်ခံထားခြင်းသာဖြစ်ပါတယ်။ အမြဲတမ်းလက်ခံထားဖို့လုံးဝမရှိပါဘူး။

တတိယအချက်ကတော့ နိုင်ငံတကာလုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဆောင်ရွက်ဖွယ်ရှိတာတွေကို နှစ်နိုင်ငံ ညှိနှိုင်းပြီး တော့ အမြန်ဆုံးဆောင်ရွက်ပြီး ဒုက္ခသည်တွေကို အမြန်ဆုံးပင်ရင်းနိုင်ငံကို ပြန်လည်ပို့ဆောင်နိုင်ဖို့ ညှိနှိုင်း ဆောင်ရွက်လျက်ရှိတာကို ရှင်းရှင်းလင်းလင်းအသိပေးလိုပါတယ်။

**မေး။ ။ ဒီဖြစ်စဉ်များအပေါ်မှာ ဘာများဖြည့်စွက်ပြောချင်ပါသေးလဲ။**

ဖြေ။ ။ ဒီသတင်းတွေမထွက်ပေါ်လာခင် အရင်ကလည်းဒေသတွင်းမှာ လှေစီးထွက်ခွာသူတွေဟာ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ဘက်က ဖြစ်တယ်လို့ စွပ်စွဲပြောဆိုမှုများရှိပါတယ်။ သို့သော်လည်း ဒီရက်များအတွင်း ထွက်ပေါ်လာတဲ့သတင်းတွေအရ လှေစီးဒုက္ခသည် အများစုဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှဖြစ်တယ်ဆိုတာ တစ်စထက်တစ်စပိုမိုပေါ်လွင်လာခဲ့ပါတယ်။

ဥပမာအနေနဲ့ပင်လယ်ပြင်မှာရှိနေခဲ့တဲ့ လှေစီးဒုက္ခသည် ၇၀၀၀ ခန့်လောက်ရှိတဲ့အထဲက အများစုဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံက တရားမဝင်အလုပ်သမားတွေဖြစ်တယ်။ နိုင်ငံရေးခိုလှုံခွင့်တောင်းတဲ့ ဒုက္ခသည်တွေ မဟုတ်ဘူးလို့ အင်ဒိုနီးရှားတာဝန်ရှိသူတွေက ပြောကြားခဲ့တာကို ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးကရည်ညွှန်းပြီး The Weekend Australian သတင်းစာကို မေ ၂၃ ရက်က ပြောကြားခဲ့ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံမှာဖိနှိပ်ချုပ်ချယ်မှုတွေရှိတဲ့အတွက် လှေစီးထွက်ပြေးနေရတာတွေ အများအပြားရှိတယ်ဆိုတဲ့ စွပ်စွဲချက်တွေ မဟုတ်မှန်တာထင်ရှားပါတယ်။ ဒေသတွင်းတခြားနိုင်ငံတစ်ခုကဘဝတိုးတက်မှုနဲ့ စီးပွားရေးအခွင့်အလမ်းအတွက် တရားမဝင်ထွက်ခွာသူတွေသာ အများစုဖြစ်တယ်ဆိုတာ ဒေသတွင်းနိုင်ငံတွေကလည်း ပိုမိုသိရှိလာပြီဖြစ်ပါတယ်။ လှေစီးဒုက္ခသည်အများစုက မြန်မာနိုင်ငံကမဟုတ်တာကိုလည်း ကုလသမဂ္ဂအဖွဲ့အစည်းတွေက တစ်စထက်တစ်စ နားလည်သဘောပေါက်လာပါတယ်။ ဒီလိုတရားမဝင် ထွက်ခွာမှုတွေဟာဒေသတွင်း လူမှောင်ခိုမှုပြုလုပ်နေကြသူတွေနဲ့ အဲဒီဂိုဏ်းတွေကြောင့်ဖြစ်တယ်ဆိုတာလည်း တစ်စတစ်စပိုမိုပေါ်လွင်လာပါတယ်။ ဒါကြောင့် လူမှောင်ခိုမှု၊ လူကုန်ကူးမှုနဲ့ ဆက်စပ်ဖြစ်ပွားနေတဲ့ နိုင်ငံဖြတ်ကျော်မှုခင်းတွေကို တားဆီးနှိမ်နင်းဖို့ ဒေသတွင်းနိုင်ငံတွေ၊ နိုင်ငံတကာ အဖွဲ့အစည်းတွေ၊ ကုလသမဂ္ဂအဖွဲ့အစည်းတွေအနေနဲ့ ဝိုင်းဝန်းအဖြေရှာသင့်ပါတယ်။

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)၌ ကျောင်းအပ်နှံရေးကျင်းပ

ရန်ကုန် မေ ၂၅

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးမှ ကြီးမှူးကျင်းပသော မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအခမ်းအနားကို ဒဂုံမြို့သစ် အရှေ့ပိုင်း အမှတ် (၄) ရပ်ကွက်ရှိ အထက(၂) စံပယ်ခန်းမ၌ မေ ၂၅ ရက် နံနက်ပိုင်းက ကျင်းပရာ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေးဗဟိုကော်မတီဝင် ရန်ကုန်တိုင်းဒေသကြီး သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးကျော်စိုးက အမှာစကားပြောကြားပြီး ကျပ်သိန်း ၁၄၀ တန်ဖိုးရှိ ဖတ်စာအုပ်နှင့် ဗလာစာအုပ် ၅၄၇၃ ဒါဇင်ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(၅၉၃)

## စာအုပ်စာပေ လှူမိတ်ဆွေ

**ပျောက်ဆုံး**
ကွန်တော် ဦးမင်းဇော်ထူး[၁/ကမန(နိုင်)၀၂၅၉၂၇]၏ ပတ်စ်ပို့ M 435041 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉၂၅၄၃၅၅၄၆၁




## Steel Structure ဆောက်လုပ်ရေး တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့ သုဝဏ္ဏကွင်းတွင် တိုက်ကွမ်ဒိုအားကစားရုံ Steel Structure (ရေ၊ မီးအစုံအလင်) ပေ(၁၆၀×၁၂၀) အဆောက်အအုံ(၁)လုံး ဆောက်လုပ်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ လုပ်ငန်းရှင်ကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်။

၂။ စိတ်ပါဝင်စားသူ လုပ်ငန်းရှင်ကုမ္ပဏီများအနေဖြင့် တင်ဒါလျှောက်လွှာပုံစံအား (၂၆-၅-၂၀၁၅ ရက်မှ ၃-၆-၂၀၁၅ ရက်အထိ) ရုံးချိန်အတွင်း မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်ရုံး(အောင်ဆန်းအားကစားကွင်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါပိတ်မည့်ရက် - ၁၂-၆-၂၀၁၅ရက် (သောကြာနေ့) ၁၆း၀၀နာရီ

၄။ အသေးစိတ်သိလိုသော အချက်အလက်များအား မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် ဖုန်း-၀၁-၂၃၀၅၂၅၀-၅၇၊ လိုင်းခွဲ-၁၇၂ နှင့် ၀၉-၇၉၄၇၂၄၈၅၅ တို့သို့ ဆက်သွယ်၍ မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်




## ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန ရောဝတီတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ ကျန်းမာရေးဦးစီးဌာန၊ ခုတင်(၂၀၀) ပြည်သူ့ဆေးရုံကြီးတွင် သုံးစွဲရန်အတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများကိုမြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါဖြင့်ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ
စတင်ရောင်းချမည့်ရက် - ၂၅-၅-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၆-၆-၂၀၁၅ ရက်၊ ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းများ အသေးစိတ်ကိုသိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီး
ခုတင်(၂၀၀)ဆေးရုံအုပ်ကြီးရုံး၊ မြောင်းမြမြို့
ဖုန်း-၀၄၂-၇၀၄၉၂



# လူမှောင်ခိုရာဇဝတ်ဂိုဏ်းများ၏ သားကောင်များဖြစ်ခဲ့ရသည့် ပင်လယ်တွင်း လှေစီးဒုက္ခသည်များ၏ ရင်တွင်းစကားသံများ

**အမေး၊ အဖြေ - မင်းမင်းဇော်(သတင်းစဉ်)**

မောင်တော မေ ၂၅

**တရားမဝင်ရွှေ့ပြောင်းသွားလာမှု၊ လူမှောင်ခိုမှုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို မြန်မာနိုင်ငံအနေဖြင့် အထူးအလေးထားဆောင်ရွက်လျက်ရှိရာ မေ ၂၁ ရက်တွင် မြန်မာ့ပင်လယ်ပြင်၌ လူမှောင်ခိုစက်လှေနှစ်စင်းနှင့်အတူ လှေစီးဒုက္ခသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၂၀၈ ဦး လိုက်ပါလာကြောင်း ကနဦးစိစစ်တွေ့ရှိရသည်။ မြန်မာနိုင်ငံသည် လှေစီးဒုက္ခသည်များအား လူသားချင်းစာနာထောက်ထားမှု ရှုထောင့်အရ ရခိုင်ပြည်နယ် မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာ ယာယီကယ်ဆယ်ရေးစခန်းတွင် ယာယီလက်ခံထားပြီး ၎င်းတို့၏ ပင်ရင်းနိုင်ငံဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရန် နှစ်နိုင်ငံတာဝန်ရှိသူများက စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထိုလှေစီးဒုက္ခသည်များအား မေးမြန်းစိစစ်ရာ လူမှောင်ခိုမှုနှင့် လူကုန်ကူးမှုများကို စီးပွားရေးလုပ်ငန်းကြီးတစ်ရပ်ကဲ့သို့ ပြုလုပ်နေသည့် နိုင်ငံတကာရာဇဝတ်ဂိုဏ်းများ၏ သားကောင်များသဖွယ်ဖြစ်ခဲ့ရကြောင်း သိရသည်။**

**အဆိုပါ လှေစီးဒုက္ခသည်အချို့၏ တွေ့ဆုံမေးမြန်းချက်ဖြစ်ရပ်မှန်များနှင့် ရင်တွင်းစကားသံများကို ရေးသားတင်ပြလိုက်ရပါသည်-**

**မိဇာဒ်ရော်ဟာမန်**
**နော်ဘော်နီယာကျေးရွာ**
**ဖာလင်ခါလီမြို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ**

ကျွန်တော် အိုခိယားမြို့ ပင်လယ်ကမ်းခြေသားပေါက်စခန်းမှာ လျှပ်စစ်ပြင်လုပ်ငန်း လုပ်ကိုင်ပါတယ်။ စခန်းကနေ အိမ်အပြန်လမ်းမှာ သူငယ်ချင်းက စက်လှေပေါ်မှာ အလုပ်လုပ်ရင် တစ်နေ့ ဘင်္ဂလားငွေ နှစ်ထောင်ကျော်ရမယ်ဆိုပြီး ခေါ်သွားခြင်းခံရပါတယ်။ စက်လှေအသေးနဲ့ပင်လယ်ပြင်ထဲမှာ ၈ နာရီနီးပါးကြာအောင်မောင်းပြီးမှ စက်လှေအကြီးထဲကို ပို့ခြင်းခံရပါတယ်။ စက်လှေပေါ်ရောက်တဲ့အခါ မင်းတို့ပြန်ဖို့မစဉ်းစားနဲ့ မလေးရှားကို ခေါ်သွားမယ်လို့ပြောပါတယ်။ တစ်လလောက်ကျော်တဲ့အခါ ကျွန်တော်တို့ စက်လှေကြီးပေါ်ကို ဘင်္ဂလားဒေ့ရှ်က လူတွေ တဖြည်းဖြည်းနဲ့ရောက်လာလို့ ရိက္ခာမလုံလောက်ခဲ့ပါဘူး။ ကျွန်တော်တို့ကို ရိုက်နှက်ပြီး စက်လှေဝမ်းထဲ အတင်းသွားခိုင်းခဲ့ပါတယ်။ အိမ်ကိုလည်း အဆက်အသွယ်မရတော့ပါဘူး။ နောက်မြန်မာရေတပ်နဲ့တွေ့ပြီး စားသောက်ဖွယ်ရာတွေပေးပါတယ်။ ဒီစခန်းကိုရောက်လာတော့ အဝတ်အထည်တွေရပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ကျန်ခဲ့တဲ့ အဖေနဲ့ အမေကို သတိရနေမိပါတယ်။ ကျွန်တော့်ဇာတိ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို အမြန်ဆုံး ပြန်ချင်ပါတယ်။

**မိုဟာမက်အီမီရာဟာဆင်**
**အေဒီယာမာဖာယာကျေးရွာ**
**ကော့ဘဇားမြို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ**

ကျွန်တော့်မှာ မောင်နှမ ကိုးယောက်ရှိပါတယ်။ ကော့ဘဇားမြို့ ပင်လယ်ကမ်းခြေမှာ ရေချိုးပြီးအပြန် လူတစ်ဦးက ခေါ်သွားပြီး တောထဲက တဲတစ်တဲမှာ ထားပါတယ်။ နောက်ထပ် လေးဦးရောက်လာပြီး စုနာပါရာကျေးရွာအနီးက စက်လှေပေါ်တင်ခြင်းခံရပါတယ်။ ၄ နာရီနီးပါးကြာအောင် စက်လှေကိုမောင်းပြီး စက်လှေအကြီးပေါ်ကို တင်ခံရပါတယ်။


မိဇာဒ်ရော်ဟာမန်

မှတ်မှတ်ရရ လှေပေါ်ရောက်တာ ၃ လပိုင်း ၁၈ ရက်နေ့ပါပဲ၊ လှေပေါ်မှာ ဒုက္ခမျိုးစုံခံစားခဲ့ရပါတယ်။ ဘင်္ဂလားမှာကျန်နေတဲ့ အဖေ၊ အမေ၊ မောင်နှမတွေနဲ့ အမြန်ဆုံးတွေ့ချင်ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံက အမြန်ဆုံး ပြန်လာခေါ်စေချင်ပါတယ်။

**ရေဝါန်**
**ဘော်ဘာနီဟူကျေးရွာ**
**ကိုမီလာမြို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ**

ကျွန်တော်အရင်က ငါးသလောက်လှေတွေမှာ ဘင်္ဂလားငွေ တစ်နေ့ တစ်ထောင်နဲ့ အလုပ်လုပ်ပါတယ်။ နောက်လှေတစ်စင်းက တစ်နေ့ နှစ်ထောင်ပေးမယ်ဆိုပြီး ခေါ်သွားပါတယ်။ ပင်လယ်ထဲမှာ ၈ နာရီကြာအောင်မောင်းပြီး ဓားတွေ၊ တုတ်တွေနဲ့ စက်လှေကြီးပေါ်တက်ခိုင်းပါတယ်။ သူတို့က ဘင်္ဂလား-မြန်မာ ရေနယ်စပ်ရောက်တဲ့ ရေတပ်လာတယ်ဆိုပြီး စက်လှေဝမ်းထဲကို အတင်းဆင်းခိုင်းပါတယ်။


မိုဟာမက်အီမီရာဟာဆင်

ဒီစခန်းကိုရောက်တော့ ကျွန်တော် ဝမ်းသာတယ်။ ကျွန်တော် ဘင်္ဂလားက အိမ်ကို အမြန်ဆုံးပြန်ချင်တယ်။

**မူဟာမက်မိုဘီနော်ဟောက်**
**မာလ်ဖာရာကျေးရွာ**
**အိုဂီယမြို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ**

သူငယ်ချင်းက နေ့လည်ပိုင်းမှာ လက်ဖက်ရည်သောက်မယ်လို့ ခေါ်သွားပြီး ညနေပိုင်းရောက်တော့ လူသုံးယောက်က ကျွန်တော့်ကို စက်လှေပေါ်ကိုခေါ်သွားပါတယ်။ အဲဒါမှ ကျွန်တော့်ကို သူငယ်ချင်းက ဘင်္ဂလားငွေ ၂၀၀၀၀ နဲ့ ရောင်းစားသွားတယ်ဆိုတာ သိရပါတယ်။ ရွာမှာ ကျန်ခဲ့တဲ့ ကျွန်တော့်အဖေက မျက်မမြင်ပါ။ စက်လှေမောင်းတဲ့သူက ထိုင်းကမ်းခြေမှာ အခြေအနေမကောင်းဘူး။ မင်းတို့ကို ဘင်္ဂလားပြန်ပို့မယ်လို့ ပြောပါတယ်။ ပြန်ချင်ရင် ဘင်္ဂလားငွေ ၅၀၀၀၀ ပေးရမယ်လို့ပြောပါတယ်။ အခုဒီစခန်းကို ရောက်ပါတယ်။


မူဟာမက်မိုဘီနော်ဟောက်

ကျွန်တော့်အဖေနဲ့ အမြန်ဆုံးတွေ့ချင်ပါတယ်။ ဘင်္ဂလားက အမြန်ဆုံး လာခေါ်လို့ ပြောချင်ပါတယ်။

**နိုရိုအာဆာ**
**ရာဇာကိုဒေဟာင်ဖာယာကျေးရွာ**
**ကော့ဘဇားခရိုင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ**

ကျွန်တော်က ရွာမှာ စက်ချုပ်လုပ်ငန်းအကူအဖြစ်လုပ်ပါတယ်။ တစ်နေ့ကို ၅၀၀ ရပါတယ်။ သူငယ်ချင်းက အလည်သွားမယ်ဆိုပြီး ကျွန်တော့်နှာခေါင်းပေါ် ပဝါတင်လိုက်တဲ့အခါ ကျွန်တော် ဘာမှမသိတော့ပါဘူး။ ကျွန်တော်သတိရတဲ့အခါ ပင်လယ်ထဲက စက်လှေပေါ်ရောက်နေတာ သိရပါတယ်။ ပင်လယ်ထဲမှာ ၈ နာရီကြာစက်လှေမောင်းပြီး စက်လှေအကြီးပေါ် ရောက်လာပါတယ်။ အသက်မသေရုံ စားသောက်ခဲ့ရပါတယ်။ မိဘဆွေမျိုးတွေနဲ့ ကွဲတာကြာတော့ အမြန်ဆုံးပြန်တွေ့ချင်ပါတယ်။ မြန်မာအစိုးရရဲ့အကူအညီနဲ့ ဘင်္ဂလားဒေ့ရှ်ကို ပြန်ချင်ပါတယ်။


နိုရိုအာဆာ

**မိုဟာမက်မိုဇာဆဲလ်ဟူဆန်**
**အူဂျော်ဖူလ်ကျေးရွာ**
**ဖုလ်အာကော်တီဘာရီမြို့**
**စူဝါတန်ကာခရိုင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ**

ကျွန်တော့်မှာ မောင်နှမ ခုနစ်ယောက်ရှိပါတယ်။ ကျွန်တော် ကော့ဘဇားပင်လယ်ကမ်းခြေကို အလည်လာပါတယ်။ တည်းခိုခန်းမှာ တည်းခိုမလားဆိုပြီး ကျွန်တော့်ကို လူနှစ်ယောက်က စက်လှေပေါ်ကို တုတ်နဲ့ရိုက်ပြီးတင်ပါတယ်။ စက်လှေပေါ်ရောက်တဲ့အခါ စက်လှေမောင်းသူက မင်းကိုဝယ်ထားတယ်လို့ ပြောပါတယ်။ စက်လှေပေါ်က လူပွဲစားက ထိုင်းကို ပို့မယ်လို့ပြောပါတယ်။ ထိုင်းကမ်းခြေမှာ အခြေအနေမကောင်းလို့ ဘင်္ဂလားကို ပြန်ပို့မယ်လို့ ပြောပါတယ်။ ငွေ ၅၀၀၀၀ ပေးရမယ်လို့လည်း ပြောပါတယ်။ ဘင်္ဂလားမှာ ကျန်ခဲ့တဲ့ ကျွန်တော့်သားလေးကို သတိရတယ်။


မိုဟာမက်မိုဇာဆဲလ်ဟူဆန်

ဖုန်းနဲ့ အဆက်အသွယ်ရတုန်းက သားရဲ့ ပြန်လာတော့မလား ဆိုတဲ့အသံကို ကြားနေမိတယ်။ ဘင်္ဂလားဒေ့ရှ်ကို အမြန်ဆုံးပြန်ချင်ပါတယ်။



## အိုလံပစ်နေ့ အလေးမပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မေ ၂၅**

၂၀၁၅ ခုနှစ် ဇွန် ၂၃ ရက်တွင် ကျရောက်မည့် အိုလံပစ်နေ့ အထိမ်းအမှတ် အလေးမပြိုင်ပွဲကို ဇွန် ၁၉ ရက်တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ အလေးမအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား/အမျိုးသမီး အလွတ်တန်းပြိုင်ပွဲ (၁၅ နှစ်အောက်)နှင့် အသက်(၂၀)အောက် အငယ်တန်းအလေးမပြိုင်ပွဲများကို ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်လိုသူများသည် အမျိုးသားမှတ်ပုံတင်မိတ္တူနှင့်အတူ ဇွန် ၁၀ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်ရုံး အောင်ဆန်းအားကစားပြိုင်ဝင်းသို့ အမည်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၁-၃၈၈၁၆၀ သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)


## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်
## ပုံနှိပ်ထုတ်ဝေသူလုပ်ငန်းရှင်များမှ စာအုပ်စာစောင်များနှင့် Electronic Document များ ပေးအပ်ကြရေး အသိပေးကြေညာချက်

စာအုပ်စာစောင်ပုံနှိပ်ထုတ်ဝေသူလုပ်ငန်းရှင်များသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ(က)အရ မိမိတို့ထုတ်ဝေသော စာအုပ်စာစောင် ၄ အုပ် သို့မဟုတ် ၄ စောင်နှင့် Electronic Document တို့အား ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ သို့ရာတွင် ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းရှင်များက စာအုပ်အရောင်းဆိုင်များသို့ ပေးပို့ထားသောစာအုပ်စာရင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ လာရောက်ပေးအပ်သော စာအုပ်စာရင်းတို့ကို တိုက်ဆိုင်စစ်ဆေးရာတွင် (၁၄-၅-၂၀၁၅) ရက်နေ့အထိ အသစ်ထွက်ရှိသော စာအုပ် ၂၇၃ အုပ်အနက် ပြန်ကြားရေးဝန်ကြီးဌာနသို့ပေးအပ်သော စာအုပ် ၁၃၉ အုပ်သာရှိသဖြင့် ၁၃၄ အုပ်မှာလာရောက်ပေးအပ်ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းရှင်များသည် မိမိတို့ပေးအပ်ရန်ကျန်ရှိသော စာအုပ်စာစောင်များနှင့် Electronic Document များကို သက်ဆိုင်ရာဌာနသို့ (၁၅-၆-၂၀၁၅) ရက်နေ့ နောက်ဆုံးထား၍ လာရောက်ပေးအပ်ကြပါရန်နှင့် ပေးအပ်ရန်ပျက်ကွက်ပါက ဥပဒေအရအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ATM များကို ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အချက်အချာကျသည့်နေရာများတွင် လာမည့်သက်တမ်းကာလအတွင်း အသုံးပြုနိုင်ရန်စီစဉ်လျက်ရှိ

**နေပြည်တော် မေ ၂၅**

ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ၏ နိုင်ငံတော်အတွင်း ခေတ်အဆက်ဆက် တည်ထောင်ထားခဲ့သော ဆည်များနှစ်ရှည်လများ တည်တံ့ခိုင်မြဲရေးအတွက် ရေဝေရေလဲ သစ်တောများပြုန်းတီးမှုကာကွယ်ပေးရန်နှင့် အစဉ်ထာဝရ ကောင်းမွန်နေစေရန် မည်သည့်အစီအမံများဖြင့် စီမံဆောင်ရွက်ထားသည် မေးခွန်းနှင့်စပ်လျဉ်း၍ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်**က ဆည်ရေလှောင်တမံများ၏ ရေဝေရေလဲဒေသများကို စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်ရန်အတွက် နှစ်(၃၀)စီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအချိန်ထိ တတိယ(၅)နှစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရမည်းသင်းခရိုင်အတွင်းရှိ သစ်ဆုံဆည်၏ ရေဝေရေလဲဧရိယာသည် ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး စီမံကိန်းဧရိယာတွင် ပါဝင်ပြီး ဧက ၇၆၈၀၀ ကျယ်ဝန်းပါကြောင်း၊ ရမည်းသင်းခရိုင်အတွင်း ဆည်နှင့်ချောင်းများ၏ ရေဝေရေလဲ ဧရိယာဧက တစ်သိန်းကျော်ရှိပြီး သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနတို့မှ ရေဝေရေလဲစိုက်ခင်းများ ပြန်လည်ထူထောင်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေဝေရေလဲ စိုက်ခင်းများ တည်ထောင်ခြင်းလုပ်ငန်းသည် ရန်ပုံငွေကန့်သတ်ချက်ဖြင့် ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ရေအားလျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည့် သက်ဆိုင်ရာဌာနများ၊ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ရေအရင်းအမြစ်ကို အဓိကထား အသုံးပြုဆောင်ရွက်လျက်ရှိသည့် ဌာနများ၊ ဒေသခံပြည်သူများအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရေဝေရေလဲဒေသများ ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ယခုထက် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ထိရောက်အောင်မြင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။



ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ

ယင်းမာပင် မဲဆန္ဒနယ်မှ ဦးသောင်းဟန်၏ ယင်းမာပင်မြို့နယ် လက်ဝဲမြောင်းမကြီး ဖောက်လုပ်ရာတွင် ပါဝင်ခဲ့သော လယ်ယာမြေများအတွက် သက်ဆိုင်ရာ တောင်သူများအား ထိုက်သင့်သော နစ်နာကြေးများ ထုတ်ပေးရန်နှင့် မြောင်းမကြီးတွင် လက်တံသွယ်နှင့် ရေယူမြောင်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးရန်နှင့် စပ်လျဉ်း၍ မေးမြန်းရာ **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်**က ယင်းမာပင်မြို့နယ်နှင့် ပုလဲမြို့နယ်အတွင်းရှိ လယ်ယာမြေများ စိုက်ပျိုးရေရရှိရေးအတွက် မြောက်ယမားလက်ဝဲမြောင်းမကြီး တူးဖော်ခြင်းလုပ်ငန်းအား နှစ်စဉ်ခွဲဝေရရှိသော ရန်ပုံငွေဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ပါကြောင်း။



ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်

ယခင်အစိုးရများ အဆက်ဆက်ကာလမှ တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးဖြစ်သော ရေလှောင်တမံများ၏ ရေဝပ်ဧရိယာအတွင်း တမံဖို့မြေယူသောဧရိယာအတွင်းနှင့် ဆည်ရေသောက်ဧရိယာအတွင်း ကျရောက်သော လယ်ယာမြေများအား နစ်နာကြေးပေးလျော်ရပါက နိုင်ငံတော်အနေဖြင့် ငွေကြေးပမာဏ များပြားစွာ သုံးစွဲရမည်ဖြစ်ပါကြောင်း၊ အဆိုပါတည်ဆောက်ပြီးစီးခဲ့သော ဆည်မြောင်းစီမံကိန်းများသည် အများပြည်သူအကျိုး၊ နိုင်ငံတော်အကျိုးအတွက် ထိုစဉ်က တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ပါဝင်နစ်နာမှုရှိခဲ့သော လယ်ယာမြေများအတွက် နစ်နာကြေးပေးအပ်နိုင်ရန် နိုင်ငံတော်အစိုးရအဖွဲ့သို့ ရန်ပုံငွေတင်ပြတောင်းခံထားခြင်း မရှိပါကြောင်းနှင့် နစ်နာကြေးပေးအပ်ရန် အစီအစဉ်မရှိပါကြောင်း၊ လက်ဝဲမြောင်းမကြီး၏ လက်တံမြောင်းများ ဖော်ဆောင်ရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတောင်းခံခဲ့သော်လည်း မရရှိခဲ့ပါကြောင်း၊ နောင်တွင် ထပ်မံတောင်းခံပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး၏ နိုင်ငံခြားသားခရီးသည်များ ငွေလဲလှယ်ရေးအတွက် ရုံးပိတ်ရက်ရှည်များတွင် ဘဏ်များနှင့် Money Changer များကို ဗဟိုဘဏ်မှ ကွပ်ကဲ၍ အဓိကကျသော မြို့နယ်တိုင်း၌ အလှည့်ကျဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်းနှင့် စပ်လျဉ်း၍ **မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်**က KBZ, AYAB, CB ဘဏ်များမှ လေဆိပ်များ၊ ရွှေတိဂုံဘုရားနှင့် Shopping Centre များ စသည့်နေရာများတွင် Money Changer များ ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ထားပါကြောင်း။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် လာမည့်သက်တမ်းကာလအတွင်း နိုင်ငံခြား ခရီးသွားများပြားသော အဓိကကျသော မြို့နယ်များ၌ ဘဏ်များ၏ Money Changer Counter များနှင့် ဘဏ်မဟုတ်သော ကုမ္ပဏီများ၏ Money Changer Counter များ အလှည့်ကျဖွင့်လှစ်နိုင်စေရန် ညှိနှိုင်းအကြောင်းကြားသွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် ပုဂ္ဂလိကဘဏ်အချို့တွင် နိုင်ငံခြားငွေများကို အလိုအလျောက်လဲလှယ်ပေးနိုင်သည့် Foreign Exchange ATM စက်များကို ယခုဘဏ္ဍာနှစ်အတွင်း တပ်ဆင်သွားမည်ဖြစ်ပြီး ယင်း ATM များကို ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အချက်အချာကျသည့် နေရာများတွင် ၂၀၁၆-၂၀၁၇ ခုနှစ် သက်တမ်းကာလတွင်လည်း အသုံးပြုနိုင်ရန် စီစဉ်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ဘိန်းအစားထိုးဒေသများရှိတောင်သူများ စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ နည်းပညာပံ့ပိုးကူညီ ဆောင်ရွက်သွားမည်

**နေပြည်တော် မေ ၂၅**

အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၅)မှ ဦးစောထွန်းမြအောင်က တောင်ပေါ်ဒေသ ဘိန်းစိုက်ပျိုးသည့် ဒေသများတွင် ဘိန်းအစားထိုးစိုက်ပျိုးရန် ရွှေစင်ကြယ်ပဲမျိုး Pure Gold Star Bean(Star Sacha Inchi) အား အစားထိုးစိုက်ပျိုးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်းနှင့် စပ်လျဉ်း၍ **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း**က ရွှေစင်ကြယ်ပဲပင်သည် နေရောင်အနည်းဆုံး ၁၂ နာရီ ရရှိရန်လိုအပ်ပြီး ရေမဝပ်သော မြေမျိုးတွင် ကောင်းစွာဖြစ်ထွန်းပါကြောင်း၊ ရေဝပ်ဒဏ်ကိုမခံနိုင်ပါကြောင်း၊ သို့သော် ခြောက်သွေ့ကာလ၌ ရေသွင်းပေးရန် လိုအပ်ပါကြောင်း၊ နွေးသမပိုင်း ရာသီဥတုကို နှစ်သက်၍ မြန်မာနိုင်ငံတွင် ကောင်းစွာ အောင်မြင်ဖြစ်ထွန်းနိုင်ပါကြောင်း။

ရွှေစင်ကြယ်ပဲကို ရောဂါကုသနိုင်သည့် ဆေးထုတ်လုပ်မှုတွင်လည်းကောင်း၊ စားသုံးကုန်ထုတ်လုပ်မှုတွင်လည်းကောင်း၊ အလှကုန်ပစ္စည်းထုတ်လုပ်မှုတွင် လည်းကောင်း၊ လူ့ခန္ဓာကိုယ်ကို ဖွံ့ဖြိုးမှုပံ့ပိုးသည့် ဆေးထုတ်လုပ်မှုတွင် လည်းကောင်း အသုံးပြုကြပါကြောင်း။

လက်ရှိအခြေအနေတွင် လားရှိုးမြို့နယ်၊ မူဆယ်မြို့နယ်နှင့် မြစ်ကြီးနားမြို့နယ်များတွင် ဧက ၁၅၀၀ စာ EL SHADDAI Co.,Ltd မှ မျိုးစေ့တင်သွင်းဖြန့်ဖြူး စမ်းသပ်စိုက်ပျိုးလျက်ရှိပါကြောင်း၊ ပဲခူးတိုင်းဒေသကြီး အေးသုခကျေးရွာ၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောက်ချောကုန်းကျေးရွာ၌လည်းကောင်း စမ်းသပ်စိုက်ပျိုးရန် ပျိုးထောင်ထားပါကြောင်း၊ အဆိုပါဒေသများတွင် စမ်းသပ်စိုက်ပျိုးမှုအောင်မြင်ပါက ဘိန်းအစားထိုးဒေသများရှိ တောင်သူများ စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နည်းပညာပံ့ပိုးကူညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်မဲဆန္ဒနယ်မှ ဦးအုန်းထင်၏ ကျောက်ဖြူမြို့နယ်၊ ဇင်ချောင်းကျေးရွာအုပ်စုရှိ ကျီးဒွေကျေးရွာ၊ ရွာမကျေးရွာ၊ ကုန်ဘောင်(ဝက်တောပြင်) ကျေးရွာသုံးရွာ ဆက်သွယ်ထားသော မြေသားလမ်းကို ကျောက်ချောလူသွားလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်း၍ **မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး**က ကျောက်ဖြူမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၁၃၁၁ ဒသမ ၀၀ သန်းဖြင့် ကျောက်ချောလမ်း ၁၁ မိုင်၊ မြေသားလမ်းမိုင် ၂၀ နှင့် ကွန်ကရစ်တံတား ပေ ၁၀၀ တို့အား ဆောင်ရွက်ရန် ခွင့်ပြုပြီးဖြစ်ပါကြောင်း။



ဒုတိယဝန်ကြီး ဦးအုန်းသန်း



ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးစောထွန်းမြအောင်

ကျောက်ဖြူမြို့နယ် ဇင်ချောင်းကျေးရွာအုပ်စုရှိ ကျီးဒွေကျေးရွာ၊ ရွာမကျေးရွာ၊ ကုန်ဘောင်(ဝက်တောပြင်) ကျေးရွာသုံးရွာအား ရွာချင်းဆက်လူသွားကျောက်ချောလမ်းသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လျာထားတင်ပြထားခြင်းမရှိသေးပါကြောင်း၊ လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး၏ ကျောက်တော်မြို့နယ် ဆန်းသစ်ပြင်ကျေးရွာတွင် နိုင်ငံတော်အစိုးရမှ မူလတန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်းနှင့် စပ်လျဉ်း၍ **ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း**က ကျောက်တော်မြို့နယ် ဆန်းသစ်ပြင်ကျေးရွာ ကိုယ်ထူကိုယ်ထ မူလတန်းကျောင်းသည် စာသင်ဆောင် အလျားပေ ၆၀၊ အနံပေ ၃၀၊ ခနိမိုး၊ ဝါးခင်း၊ ထရံကာ တစ်ထပ်ဆောင်ဖြစ်ပြီး စာသင်ခန်းမှာ ဟောခန်းဖြစ်ပါကြောင်း၊ ပင်မကျောင်း ငတပေါင်း အခြေခံပညာမူလတန်းကျောင်းနှင့် သုံးမိုင်ခန့် ကွာဝေးပါကြောင်း၊ လက်ရှိကျောင်းသားဦးရေသည် သတ်မှတ်ထားသည့် မူလတန်းအဆင့်သင်ကျောင်းသားဦးရေ ပြည့်မီခြင်းရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း။

သို့ဖြစ်ပါ၍ ဆန်းသစ်ပြင်ကျေးရွာ ကိုယ်ထူကိုယ်ထမူလတန်းကျောင်းကို အခြေခံပညာ မူလတန်းကျောင်း(ခွဲ)အဖြစ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

**(သတင်းစဉ်)**

# ကမ္ဘောဇခရက်ဒစ်ကတ် ဝန်ဆောင်မှုပြန်လည်စတင်

**ရန်ကုန် မေ ၂၅**

ကမ္ဘောဇ ခရက်ဒစ်ကတ်ကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့် ပထမဆုံးပြန်လည် ထုတ်ဝေမည်ဖြစ်ကြောင်းသိရသည်။ ပြည်တွင်းသုံး အမ်ပီယူခရက်ဒစ်ကတ်ကို ကမ္ဘောဇဘဏ်မှ ဝန်ဆောင်မှုအသစ်ဖြင့် ထုတ်ဝေသွားမည်ဖြစ်သည်။ ကမ္ဘောဇခရက်ဒစ်ကတ်ကို ပြည်တွင်းသုံး ခရက်ဒစ်ကတ်အမျိုးအစားဖြင့် ထုတ်ဝေမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်းရှိ အမ်ပီယူကတ် လက်ခံသော အေတီအမ်နှင့် ပီအိုအက်စ်များတွင် အသုံးပြုနိုင်မည်ဖြစ်သည်။

ကမ္ဘောဇခရက်ဒစ်ကတ်ကို အသုံးပြုခြင်းဖြင့် ငွေသားထုတ်ယူနိုင်ခြင်း၊ ဈေးဝယ်နိုင်ခြင်း၊ အွန်လိုင်းမှတစ်ဆင့် ဈေးဝယ်နိုင်ခြင်းစသော ငွေသားသယ်ယူသွားရန်မလိုဘဲ လွယ်ကူစွာ ပေးချေနိုင်မည့် အခွင့်အရေးများရရှိမည်ဖြစ်သည်။ အနည်းဆုံး ၁၅ ရက်မှ အများဆုံး ၄၅ ရက်အထိ အတိုးပေးရန်မလိုဘဲ သုံးစွဲနိုင်မည်ဖြစ်သည်။ တစ်မူထူးခြားသော ကမ္ဘောဇခရက်ဒစ်ကတ်ကိုလည်း ဈေးကွက်သို့ ထပ်မံ၍ ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။

ကမ္ဘောဇခရက်ဒစ်ကတ်ကို ပထမဆုံးပြန်လည်မိတ်ဆက်၍ ဝန်ဆောင်မှု စတင်လိုက်ခြင်းအားဖြင့် ကမ္ဘောဇဘဏ်သည် ခေတ်မီပြောင်းလဲတိုးတက်နေသော မြန်မာနိုင်ငံတွင် ဘဏ်ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို ရှေ့ဆုံးမှဦးဆောင်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မေ ၂၅ ရက်မှစတင်ပြီး ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဂျော်ဂျီယာနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် မေ ၂၆**

၂၀၁၅ခုနှစ် မေ ၂၆ ရက်တွင် ကျရောက်သော ဂျော်ဂျီယာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဂျော်ဂျီယာသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စ တမား ဘယ်ရူချရှဗီလီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

**(သတင်းစဉ်)**



## အသက်(၁၀၀)နှင့်အထက် သက်ကြီး ဝါကြီးများအား ဂုဏ်ပြုလွှာနှင့်ချီးမြှင့်ငွေပေးအပ်

**နေပြည်တော် မေ ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် တာဝန်ရှိသူများနှင့်အတူ မေ ၂၃ ရက်တွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်နေ အဘွား ဒေါ်လှတင်(၁၀၁)နှစ်**(အပေါ်ပုံ)** နှင့် အလုံမြို့နယ်နေ အဘိုး ဦးပန်းမြ(၁၀၁)နှစ်တို့၏ နေအိမ်များသို့ ကိုယ်တိုင်သွားရောက်၍ နိုင်ငံတော်သမ္မတ ကိုယ်တိုင် လက်မှတ်ရေးထိုးသော ဂုဏ်ပြုလွှာနှင့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၏ ချီးမြှင့်ငွေ ၂၅ ရာခိုင်နှုန်းမှ ထောက်ပံ့ငွေကျပ် နှစ်သိန်းစီနှင့် ဝန်ကြီးဌာနမှ အသုံးအဆောင်ပစ္စည်းများကို နိုင်ငံတော်ကိုယ်စား ပေးအပ်ပြီး မိသားစုဝင်များကို ဂုဏ်ပြုဝမ်းမြောက်စကား ပြောကြားသည်။

ဆက်လက်၍ အထက(၄)အလုံ၌ ကျင်းပသော ရန်ကုန် တောင်ပိုင်းခရိုင်၊ မြောက်ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင်အတွင်း ထပ်မံပေးပို့သော အသက်(၁၀၀)နှစ်နှင့်အထက် သက်ကြီး ဝါကြီးများကို ဂုဏ်ပြုလွှာနှင့် ချီးမြှင့်ငွေများပေးအပ်သည်။ အခမ်းအနားတွင် ကိုယ်တိုင်တက်ရောက်ကြသော ဒေါ်လှခင်(၁၀၃)နှစ်၊ ဒေါ်ထွေး(၁၀၁) နှစ်၊ ဒေါ်ကြွေ(၁၀၂)နှစ်၊ ဒေါ်ထူး(၁၀၁)နှစ်၊ ဒေါ်ဘီ(၁၀၅)နှစ်၊ ဦးသန်းတင်(၁၀၅)နှစ်၊ ဒေါ်ကြူးဆင်(၁၀၂)နှစ်နှင့် ဒေါ်သန်းမြင့်(၁၀၈)နှစ်တို့အား ဂုဏ်ပြုလွှာများနှင့် ထောက်ပံ့ငွေ နှစ်သိန်းကျပ်စီနှင့် အသုံးအဆောင်ပစ္စည်းများကို နိုင်ငံတော်ကိုယ်စားပေးအပ်သည်။ ထို့နောက် အခမ်းအနားသို့ မတက်ရောက်နိုင်သော သက်ကြီးဝါကြီးများ၏ အတူနေမိသားစုဝင်များကို ဂုဏ်ပြုလွှာနှင့် ချီးမြှင့်ငွေများအား ပေးအပ်ပြီး အဘွားတစ်ဦးက ဆုတောင်းမေတ္တာများ ပြန်လည်ပို့သပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်တို့က အနောက်ပိုင်းခရိုင်အတွင်းရှိ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာငါးခု၊ မသန်စွမ်းပရဟိတဂေဟာနှစ်ခု၊ ဘိုးဘွားရိပ်သာ တစ်ခု၊ အမျိုးသမီးဂေဟာတစ်ခုနှင့် ကိုယ့်အားကိုယ်ကိုးမူကြိုကျောင်း ၁၀ ကျောင်းတို့အတွက် ငွေကျပ် ၈၇၂ ဒသမ ၃၄ သိန်း၊ တောင်ပိုင်းခရိုင်အတွင်းရှိ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာကိုးခု၊ ဘိုးဘွားရိပ်သာငါးခုနှင့်ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်း ရှစ်ကျောင်းတို့အတွက် ငွေကျပ် ၉၂၁ ဒသမ ၁၉ သိန်း၊ မြောက်ပိုင်းခရိုင်အတွင်းရှိ လူငယ်ဖွံ့ဖြိုးရေးပရဟိတ ဂေဟာ ၃၃ ခု၊ မသန်စွမ်းပရဟိတဂေဟာတစ်ခု၊ ဘိုးဘွားရိပ်သာနှစ်ခုနှင့်ကိုယ့်အားကိုယ်ကိုးမူကြိုကျောင်း ၃၃ ကျောင်းတို့အတွက် ငွေကျပ် ၁၁၅၆ ဒသမ ၀၃ သိန်း စုစုပေါင်းကျပ်သိန်းပေါင်း ၂၉၄၉ ဒသမ ၅၆ သိန်းကို သက်ဆိုင်သူများထံ ထောက်ပံ့ပေးပြီး ဂေဟာအုပ်ချုပ်ရေးမှူးတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

## ထားဝယ်မြို့ ရွှေတောင်စားစေတီတော် အောက်ပစ္စယံတွင် ချိတ်ဆွဲထားရှိမည့် ခေါင်းလောင်းကြီး စတင်သယ်ဆောင်မည်

**မန္တလေး မေ ၂၅**



တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရွှေတောင်စားစေတီတော် အောက်ပစ္စယံ အင်္ဂါထောင့်မြေကွက်လပ်ပေါ်တွင် ချိတ်ဆွဲထားရှိမည့် မဟာဝိဇယခေမသီတလနိဗ္ဗုတဃောသ မဟာခေါင်းလောင်းတော်ကြီးကို သွန်းလောင်းခဲ့သည့် မန္တလေးမြို့ တမ္ပဝတီရပ် တောင်ဆင်တဲကျောင်းတိုက်မှ ထားဝယ်မြို့သို့ မေ ၂၆ ရက် နံနက် ၇ နာရီအချိန်တွင် အောင်စည်အောင်မောင်းများ တီးခတ်ပြီး ရွှေမိုး ငွေမိုးရွာသွန်းကာ စတင်သယ်ယူမည်ဖြစ်ကြောင်း သိရသည်။

ခေါင်းလောင်းတော်ကြီးကို ကြေးပိဿာချိန် ၁၁၆၉ ပိဿာအသုံးပြုသွန်းလောင်းခဲ့ရပြီး ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ရင်ပြင် တနင်္ဂနွေထောင့်ရှိ သာယာဝတီမင်းခေါင်းလောင်းတော်ကြီးနှင့် အရွယ်တူ ပုံသဏ္ဌာန်တူ သွန်းလောင်းခဲ့ခြင်းဖြစ်ကြောင်း၊ သာယာဝတီမင်း ခေါင်းလောင်းဆုံမျက်နှာပြင်တွင် မနုသီဟပုံပြုလုပ်ထားပြီး ယခုခေါင်းလောင်းကြီးတွင် လောကနတ်ရုပ်ပုံ ပြုလုပ်ထားခြင်းဖြစ်သည်။ ချိတ်ဆွဲမည့် ပုစွန်ကွေးတွင် နယားနှစ်ကောင်နှင့် ကြာပန်းကိုင်နတ်သားပုံ ပြုလုပ်ထားကြောင်း တွေ့ရသည်။

ခေါင်းလောင်းတော်ကြီးကို မသွန်းလောင်းမီက ရွှေတိဂုံရင်ပြင်တော်ရှိ သာယာဝတီမင်း ခေါင်းလောင်းတော်ကြီး၏ ပုံသဏ္ဌာန်အနိမ့်အမြင့် အထူအပါးတို့ကို စနစ်တကျတိုင်းတာကာ ဖယောင်းပုံပြုလုပ်ပြီး တမ္ပဝတီရပ်ကွက်မှ ကြေးသွန်းပညာရှင်များ၊ လုပ်သားများ စုပေါင်းကာ ညလုံးပေါက် သွန်းလောင်းခဲ့ရကြောင်း၊ ခေါင်းလောင်းသွန်းလောင်းရာတွင် ရှေးအစဉ်အဆက် အသုံးပြုခဲ့သည့် ကြေးအချိုးအစားအတိုင်း ရောစပ်ပြီး အသံသာယာစေရန် သွန်းလောင်းခဲ့ခြင်းဖြစ်ကြောင်း၊ မှတ်တမ်းများအရ စစ်ပြီးခေတ်တွင် သွန်းလောင်းခဲ့သည့် ခေါင်းလောင်းများအနက် အကြီးမားဆုံးဖြစ်ကြောင်းကို တာဝန်ယူသွန်းလောင်းခဲ့သည့် ကြေးသွန်းပညာရှင် ဦးအောင်သန်းမော်က ပြောကြားသည်။

ခေါင်းလောင်းကြီးသွန်းလောင်းရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ကြေးချိန်ငါးတန်ကို မတည်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး မြိတ်မြို့ ပြည့်ဖြိုးထွန်းကုမ္ပဏီမှ ဦးလှသန်းက ကြေးချိန် ၈ တန်၊ ကော့သောင်းမြို့ ဦးကျော်လွင်က ကြေးချိန် ၁ ဒသမ ၈ တန်နှင့် ထားဝယ် မြို့သူမြို့သားများက ကြေးပစ္စည်းမျိုးစုံတို့ကို ပါဝင်လှူဒါန်းခဲ့ကြခြင်းဖြစ်ပြီး သွန်းလောင်းခ ကျပ်သိန်းပေါင်း ၁၄၀၀ ကုန်ကျခဲ့ကြောင်း သိရသည်။

ခေါင်းလောင်းကြီးကို ၁၂ ဘီး တပ်မော်တော်ယာဉ်ဖြင့် သယ်ဆောင်မည်ဖြစ်ပြီး ယခုသယ်ဆောင်မည့် ခေါင်းလောင်းကြီး၏ အလေးချိန်နှင့် ထုထည်ကို ထားဝယ်မြို့အရောက် အန္တရာယ်ကင်းစွာ သယ်ယူပို့ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း ခေါင်းလောင်းတော်ကြီး တင်ဆောင်မောင်းနှင်မည့် ယာဉ်မောင်းက ပြောပြသည်။

**တင်မောင်**
**အောင်သူရ(မန်းကိုယ်ပွား)**

## သန်လျင်စတားစီးတီးတွင် အပြည်ပြည်ဆိုင်ရာ ကျောင်းဖွင့်လှစ်တော့မည်

**ရန်ကုန် မေ ၂၅**

Yoma Strategic Holdings ကုမ္ပဏီနှင့် Education Index Management(EIM) တို့သည် သန်လျင်စတားစီးတီးတွင် အပြည်ပြည်ဆိုင်ရာ ကျောင်းတစ်ကျောင်းဖြစ်သည့် The British College Yangon ကို မကြာမီ ဖွင့်လှစ်ရန် ရည်ရွယ်ထားကြောင်း ထုတ်ပြန်ကြေညာထားသည်ဟု သတင်းစာရှင်းလင်းပွဲတစ်ခုအရသိရသည်။

ဗြိတိသျှသင်ရိုးညွှန်းတမ်းကို အခြေခံမည့် အဆိုပါအပြည်ပြည်ဆိုင်ရာကျောင်းကို ၂၀၁၆-၂၀၁၇ စာသင်နှစ်တွင် ဖွင့်လှစ်ရန်ရည်ရွယ်ထားပြီး အသက်(၂)နှစ်မှ (၈)နှစ်ရှိ မြန်မာကျောင်းသားနှင့် နိုင်ငံခြားကျောင်းသားများကို လက်ခံသင်ကြားမည်ဖြစ်ကြောင်း၊ ယင်းကုမ္ပဏီသည် ကျောင်းအဆောက်အအုံနှင့် ပစ္စည်းပစ္စယအားလုံးကို ဖော်ဆောင်ပြီးနောက် အဆိုပါ ကျောင်းကိုငှားရမ်းသွားမည်ဖြစ်ကြောင်း၊ သင်ကြားရေးနှင့်စီမံခန့်ခွဲမှုအပိုင်းကိုမူ Dulwich College International နှင့်အတူ Dulwich College, Londonတို့က စီမံကြီးကြပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သန်လျင်စတားစီးတီးနယ်နိမိတ်တွင်းရှိ မြေအကျယ် ၈ ဒသမ ၃ ဟက်တာပေါ်တွင် ကျောင်းကိုတည်ဆောက်ပြီးနောက် အပြည်ပြည်ဆိုင်ရာ ပညာရေးအဆင့်အတန်းနှင့်အညီ လိုအပ်သော အဆောင်အယောင်နှင့် အထောက်အပံ့ ပစ္စည်းပစ္စယများကို ပြည့်စုံစွာ ဖြည့်တင်းမည်ဖြစ်ကြောင်း၊ ခေတ်အမီဆုံးစာသင်ခန်း၊ အနုပညာဌာန၊ ရေကူးကန်၊ အားကစားကွင်း၊ အားကစားရုံများပါတည်ဆောက်မည်ဖြစ်ရာ စုစုပေါင်း ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ သန်း ၄၀ ခန့်ရှိမည်ဖြစ်ကြောင်း EIM ၏အမှုဆောင်ဥက္ကဋ္ဌ မစ္စတာ ဖရာဆာဗိုက်ကပြောကြားသည်။

ပညာရေးဝန်ကြီးဌာန၏ အသိအမှတ်ပြုမှုနှင့်သက်ဆိုင်ရာမှ ထောက်ခံချက်များရရှိခဲ့ပြီဖြစ်ရာ ဖော်ပြပါ မြေနေရာတွင် ကျောင်းဆောင်ဆောက်လုပ်မှု စတင်နေပြီဖြစ်ကြောင်း၊ ကျောင်းဖွင့်လှစ်လိုက်ခြင်းဖြင့် ပြည်တွင်းကျောင်းသားများအပြင် ယင်းစတားစီးတီးနေထိုင်မည့် နိုင်ငံခြားသားများအတွက်ပါ များစွာအထောက်အကူပြုမည်ဟုသိရသည်။

**(ကျော်သဲအိမ်)**

◆◆◆

## လူမှုအကျိုးပြုလုပ်ငန်းများဆောင်ရွက်ရန် ပရဟိတအသင်း ရုံးခန်းဖွင့်

**ရန်ကုန် မေ ၂၅**

လူမှုအကျိုးပြုလုပ်ငန်းများဆောင်ရွက်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်းရှင်များ ပရဟိတအသင်းရုံးကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကျောက်ကုန်းလမ်း၌ မေ ၁၉ ရက် နံနက်ပိုင်းကဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အိမ်ခြံမြေလုပ်ငန်းရှင်များ ပရဟိတအသင်းအား စတင်ဖွဲ့စည်းစဉ်က အသင်းသားများ၏ သာရေးနာရေး လူမှုရေးကိစ္စအဝဝအားဆောင်ရွက်ရန် အတွက်သာ ဖွဲ့စည်းခဲ့သော်လည်း အသင်းသားများ၏ ဆန္ဒအရ မြန်မာနိုင်ငံနေရာဒေသအသီးသီးရှိ ရေဘေး၊ လေဘေး၊မီးဘေးစသည့် သဘာဝဘေးအန္တရာယ်ကြုံတွေ့ရသည့် ပြည်သူများနှင့် စစ်ဘေးဒဏ်သင့်လူမှုရေး ဒုက္ခခံစားနေရသည့် ဒေသများသို့ပါ လှူဒါန်းရန်အတွက် ပရဟိတလူမှုရေးအဖွဲ့အစည်းအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း အိမ်ခြံမြေလုပ်ငန်းရှင်များ ပရဟိတအသင်းနာယက ဦးတင်မောင်၏ ပြောပြချက်အရသိရသည်။

အိမ်ခြံမြေလုပ်ငန်းရှင်များပရဟိတအသင်းအနေဖြင့် စတင်ဖွဲ့စည်းခဲ့သည့် အချိန်မှစ၍ ရခိုင်ပြည်နယ် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရန် ရခိုင်ပြည်နယ် ဘေးဒုက္ခ ကယ်ဆယ်ရေးအသင်းနှင့် လောက်ကိုင်ဒေသတွင်တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်နေသော တပ်မတော်သားများအတွက် အသင်းမှ စုဆောင်းငွေများဖြင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ထို့ပြင် အခြားသော လူမှုအကျိုးပြုလုပ်ငန်းများ လူမျိုးမရွေး၊ ဘာသာမရွေး နေရာဒေသမရွေးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ပရဟိတလုပ်ငန်းကို စိတ်ပါဝင်စားသူမည်သူမဆို အသင်းဝင်နိုင်ကြောင်း သိရသည်။ **(သီသီမင်း)**

# ၂၀၁၅ -၂၀၁၆ ပညာသင်နှစ် နေပြည်တော်ကောင်စီနယ်မြေ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၂၅**

၂၀၁၅ -၂၀၁၆ ပညာသင်နှစ် နေပြည်တော်ကောင်စီနယ်မြေ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ဇမ္ဗူရွှေကြာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီ ပညာရေးတာဝန်ခံ၊ နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် ဖတ်စာအုပ်များကို ပေးအပ်ကြသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ အခြေခံပညာကျောင်းပေါင်း ၇၀၀ ကျောင်းရှိပြီး ယမန်နှစ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားသူ ၂၀၇၆၀၉ ဦးရှိခဲ့ရာ အဋ္ဌမတန်းမှ ကုစားပြန်လည်ဖြေဆိုသူ စုစုပေါင်း ၆၃၃၃ ဦးရှိပြီး အောင်မြင်သူမှာ ၄၉၅၉ ဦးဖြစ်ကာ ကျရှုံးသူ ၂၃၆ ဦး ရှိခဲ့ကြောင်း သိရသည်။

အလားတူ စတုတ္ထတန်းတွင် ကုစားပြန်လည်ဖြေဆိုသူ ၆၃၅၅ ဦးရှိပြီး အောင်မြင်သူ ၅၅၇၅ ဦးဖြစ်၍ ကျရှုံးသူမှာ ၇၈၀ ရှိခဲ့ကြောင်း နေပြည်တော်ပညာရေးညွှန်ကြားရေးမှူးရုံးမှ သိရသည်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် နိုင်ငံတော်မှ အခမဲ့ပညာရေးစနစ်ကို မူလတန်း၊ အလယ်တန်းအထိသာသတ်မှတ်ခဲ့ပြီး ယခု ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှစ၍ အထက်တန်းအထိတိုးမြှင့်၍ အခမဲ့ပညာရေးစနစ်ကို သတ်မှတ်ခဲ့ကြောင်း သိရသည်။ **(ထိန်နန်နော်)**

# ကျောင်းသားတိုင်း ကျောင်းနေနိုင်ရေးအတွက် အခမဲ့ပညာရေးစနစ်ဖော်ဆောင်

အမေး၊ အရေး၊
ဓာတ်ပုံ - ဥမ္မာသန့်

**ဇွန် ၁ ရက်တွင် နိုင်ငံအဝှမ်းရှိ အခြေခံပညာကျောင်းများဖွင့်လှစ်တော့မည်ဖြစ်သည်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်၏ ကျောင်းဖွင့်ရာသီတွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးအတွက် ကျောင်းအပ်နှံရေးသီတင်းပတ်ကို မေ ၂၅ ရက်မှ မေ ၃၁ ရက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိသည်။**

**ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးကို ရည်ရွယ်ကာ ယခင်က မူလတန်းနှင့် အလယ်တန်းကို အခမဲ့ပညာရေးစနစ်သတ်မှတ်ခဲ့ပြီး ယခုအခါ အခြေခံပညာအထက်တန်းကိုပါ အခမဲ့ပညာရေးစနစ်သတ်မှတ်ခဲ့သည်။ ကျောင်းအပ်နှံရေးလှုပ်ရှားဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆရာမများနှင့် မိဘများအား တွေ့ဆုံမေးမြန်းချက်များကို ဖော်ပြလိုက်ပါသည်-**

**ဒေါ်ခင်ခင်ကျော်**
**အထက(၄) ပုဇွန်တောင်**
**ကျောင်းအုပ်ဆရာမကြီး**

ကျွန်မတို့ကျောင်းက ဇွန် ၁ ရက် ကျောင်းမဖွင့်ခင်ကတည်းက ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားပါတယ်။ ကျောင်းအဆောက်အအုံတွေကို မိုးလုံအောင် အမိုးတွေလဲတယ်။ ရေအိမ်တွေ ပြုပြင်တယ်။ ကလေးတွေ ရေကောင်းစွာသောက်သုံးနိုင်ရန် ရေသန့်စက်တွေ ပြုပြင်တယ်။ ခုံကျိုး၊ ခုံပဲ့တွေကိုလည်း အကုန်လုံးပြန်လည်ပြုပြင်ပြီး ကျောင်းဖွင့်ရာသီ ကလေးတွေ ကောင်းစွာပညာသင်ကြားနိုင်အောင် စီစဉ်ထားပါတယ်။ ကျောင်းအပ်နှံရေးနေ့ကို ယနေ့မှ မေ ၃၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ လက်ခံပါတယ်။ ၁ နာရီနောက်ပိုင်းမှာတော့ ဆရာမတွေနဲ့ ကျောင်းဖွင့်တဲ့အခါလုပ်ဆောင်ရမယ့် လုပ်ဆောင်ချက်တွေကို အစည်းအဝေးနေ့တိုင်းလုပ်ပါတယ်။ အတန်းလိုက် တန်းခွဲလိုက် လုပ်ပါတယ်။ အခမဲ့ပညာရေးစနစ်ဖြစ်တဲ့အတွက် မူလတန်းပိုင်းကို ဖတ်စာအုပ်၊ ဗလာစာအုပ်၊ ခြောက်အုပ်၊ ဝတ်စုံ အခမဲ့ပေးမှာပါ။ အလယ်တန်းနဲ့ အထက်တန်းကို ပုံနှိပ်စာအုပ်တွေ အခမဲ့ပေးမယ်။ ဘာငွေမှ ကောက်ခံခြင်းမရှိပါဘူး။ အခမဲ့ပညာရေးကို မနှစ်က အလယ်တန်းလုပ်တယ်။ ဒီနှစ် အထက်တန်းစတယ်။ ကျောင်းဖွင့်ရာသီမှာ ကျောင်းအပ်ရာမှာ ကြိုက်တဲ့မြို့နယ် လာအပ်နိုင်ပါတယ်။ အခြေခံပညာဦးစီးဌာနက ချမှတ်ထားတဲ့အတိုင်း ဆောင်ရွက်ပါတယ်။ ကျောင်းဖွင့်တာနဲ့ စာသင်ကြားနိုင်အောင် ကျောင်းလာအပ်တဲ့ ကျောင်းသားတိုင်း ဖတ်စာအုပ်တွေ ဝေထားပါတယ်။ စာသင်ချိန် အချိန်စာရင်းတွေကိုလည်း အဆင်သင့်လုပ်ထားပါတယ်။ အခုလို မူလတန်း၊ အလယ်တန်းတင်မက အထက်တန်းအဆင့်အထိပါ အခမဲ့ပညာရေးစနစ်ဆောင်ရွက်ပေးတဲ့အတွက် ပညာတတ်တွေ ပိုပြီးများလာမယ်လို့ ထင်ပါတယ်။


ဒေါ်ခင်ခင်ကျော်


ဒေါ်သက်သက်ဝင်း

**ဒေါ်သက်သက်ဝင်း**
**အလယ်တန်းပြဆရာမ**

ဒီနှစ်မှာ အထက်တန်းအဆင့်ကိုပါ အခမဲ့ပညာသင်ကြားရတာဖြစ်တဲ့အတွက် ကျောင်းသားဦးရေများလာမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှာ ကျောင်းတက်နေပါတယ်။ ကလေးတွေက အလယ်တန်း၊ မူလတန်းမှာ ပညာသင်ကြားနေပါတယ်။ နှစ်ယောက်စလုံးကို အခမဲ့ပညာရေးအတွက် ကုန်ကျစရိတ်မရှိပါဘူး။ ဒါကြောင့် ကျောင်းနေအရွယ်ကလေးတွေအတွက် မိဘတွေက ကျောင်းအပ်ရင် ကုန်ကျစရိတ်မရှိတော့ဘူး။ မူလတန်း သမီးနဲ့ အလယ်တန်းသားအတွက် ဖတ်စာအုပ်တွေရမယ်။ မူလတန်းအတွက်က ဗလာစာအုပ်နဲ့ ကျောင်းဝတ်စုံကို ကျောင်းဖွင့်ရင် ပေးမယ်လို့ ပြောပါတယ်။ သူတို့လေးတွေ တစ်နှစ်တစ်တန်း အောင်ဖို့၊ ကလေးတွေကို မယ်လို့ မျှော်လင့်ပါတယ်။ နိုင်ငံတော်က အခမဲ့ပညာရေးစနစ်ကို ဖော်ဆောင်တဲ့အတွက် ကျောင်းသားတိုင်း ကျောင်းနေနိုင်ရေးအတွက် ပိုပြီး ထိရောက်ပါတယ်။ ကျောင်းအပ်ရာမှာလည်း ဖောင်ကလည်း အခမဲ့၊ အလယ်တန်းဖတ်စာ စာအုပ်တွေကလည်း အခမဲ့ပေးတဲ့အတွက် မိဘတွေကော၊ ကလေးတွေကော ကျေနပ်ကြတယ်။ မိဘတွေကလည်း ကျောင်းအပ်ရာမှာ ကုန်ကျစရိတ်မရှိတဲ့အတွက် ဝမ်းသာအားရ ပျော်ရွှင်စွာ ကျောင်းအပ်သွားကြပါတယ်။


ဒေါ်ဥမ္မာထွန်း(ကျောင်းသားမိဘ)

**ဒေါ်ဥမ္မာထွန်း(ကျောင်းသားမိဘ)**

ကျွန်မ သားနဲ့သမီးက ပုဇွန်တောင်ပညာတတ်ဖြစ်ဖို့အတွက် ရှုန်းကန်ရတာပေါ့။ ဆရာ၊ မိဘကော၊ ကျောင်းသားကော ကြိုးစားရတာပေါ့။ နိုင်ငံတော်အနေနဲ့ အခမဲ့ပညာရေးစနစ်ဆိုတော့ ဝမ်းသာပါတယ်။ ကျေးဇူးတင်ပါတယ်။

ပညာရေးကဏ္ဍတွင် အခြေခံနှင့် အဆင့်မြင့်ပညာရေးကဏ္ဍ ဟူ၍ နှစ်ပိုင်းရှိရာ အခြေခံပညာရေးကဏ္ဍ၌ ကျောင်းစတင်ဖွင့်လှစ်ချိန်တွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံနိုင်ရန် အဘက်ဘက်မှဆောင်ရွက်နေခြင်းဖြင့် ကျောင်းနေသူ ပိုမိုများပြားလာနိုင်အောင် အားပေးလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။

## ကျောက်တန်းမြို့နယ်အတွင်း မဲစာရင်းများထုတ်ပြန်

**ကျောက်တန်း မေ ၂၅**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများတွင် မေ ၂၅ ရက်က လာမည့်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အမည်ပါမဲစာရင်းများကို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ထုတ်ပြန်ထားရာ မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုကြသည်။

ထိုသို့ ထင်သာမြင်သာအောင် ထုတ်ပြန်ထားခြင်းဖြင့် မဲစာရင်းတွင် မိမိတို့၏အမည်များ ပါ/မပါ၊ အချက်အလက်များ မှန်/မမှန်ကို သိရှိနိုင်ပြီး လိုအပ်ပါက ကော်မရှင်သို့တင်ပြနိုင်ကြောင်း သိရသည်။ **အောင်ဆွေ(ရွှေတံတား)**

## ကျောင်းအပ်နှံရေး ပထမနေ့မြင်ကွင်း


**မေ ၂၅ ရက်သည် ကျောင်းအပ်နှံရေးသီတင်းပတ်၏ ပထမရက်ဖြစ်၍ အမြို့မြို့အနယ်နယ်ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသားကျောင်းသူများအား ကျောင်းအပ်စတင်လက်ခံလျက်ရှိရာ ရန်ကုန်မြို့ တာမွေမြို့နယ် အမက(၇)၌ ကျောင်းအပ်လက်ခံလျက်ရှိသည်ကို တွေ့ရစဉ်။**
(ဌေးအောင်)


**ကျောင်းအပ်နှံရေးသီတင်းပတ်၏ ပထမနေ့ မေ ၂၅ ရက်က မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမက(၁၂)ကျောင်း၌ ကျောင်းအပ်နှံမှုမြင်ကွင်းကို တွေ့ရစဉ်။**
မင်းထက်အောင်(မန်းကိုယ်ပွား)


**ကျောင်းအပ်နှံရေးသီတင်းပတ်၏ ပထမနေ့ မေ ၂၅ ရက်က မရမ်းကုန်းမြို့နယ် အထက(၁)ကျောင်း၌ ကျောင်းအပ်နှံမှုမြင်ကွင်းကို တွေ့ရစဉ်။**
(၀၃၇)


**ကျောင်းအပ်နှံရေးသီတင်းပတ်၏ ပထမနေ့ မေ ၂၅ ရက်က ပေါင်းတည်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသားကျောင်းသူများအား ကျောင်းအပ်စတင်လက်ခံနေစဉ်။**
(မြို့နယ်ပြန်/ဆက်)

# ဒီမိုကရေစီ၏အနှစ်သာရ ညီတူညီမျှအခွင့်အရေးရကြပါစေ

ဘိုးသက်ရှည်(ဥပဒေ)

၂၃-၅-၂၀၁၅ ရက် စနေနေ့ထုတ်ဝေသည့် ကြေးမုံသတင်းစာတွင် လာမည့်အထွေထွေရွေးကောက်ပွဲကြီးနှင့်ပတ်သက်ပြီး စိတ်ဝင်စားဖွယ်ကောင်းသည့် ဆောင်းပါးရှင် ရန်ကင်းရေးသားထားသော "နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်" ဆိုသည့်ဆောင်းပါးကို ဖတ်ရှုလိုက်မိသည်။ ဆောင်းပါးရှင်က မကြာမီကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးတွင် လက်ရှိသမ္မတ၊ ဒုတိယသမ္မတများသည် ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံပိုင်ခွင့်၊ မဲဆွယ်စည်းရုံးပိုင်ခွင့်နှင့်ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပါ ပြဋ္ဌာန်းချက်များကို ရည်ညွှန်း၍ တွေးဆချက်များကို တင်ပြထားကြောင်း တွေ့ရှိရသည်။

နိုင်ငံ့ဝန်ထမ်းဘဝတွင် နှစ်ပေါင်းများစွာ ဥပဒေရေးရာနယ်ပယ်၌ ထမ်းဆောင်ခဲ့ပြီးသော အငြိမ်းစားကျွန်တော်သည် ရန်ကုန်မြို့၏ လူဦးရေကျဲပါးပြီး ဆိတ်ငြိမ်သော မြို့ပြင်ရပ်ကွက်တစ်ခုတွင်နေထိုင်၍ မိမိရပ်ကွက်၏ ရပ်ရေးရွာရေး၊ သာရေးနာရေး၊ လူမှုရေးများကိုသာ တတ်အားသရွေ့ ဆောင်ရွက်လျက်ရှိသည်။ တစ်နည်းအားဖြင့် အမျိုးသားနိုင်ငံရေးကိုသာ စိတ်ပါဝင်စားစွာ ဖြည့်ဆည်းဆောင်ရွက်ပေးနေသူဟု ဆိုနိုင်သည်။

မုတ်သုံ၏ အစဖြစ်လေရာ မိုးဦးလေဦးလည်း စတင်လာသဖြင့် သဘာဝပတ်ဝန်းကျင်သည်လည်း စိမ်းလန်းစိုပြည်စပြုလာလေပြီ။ မိုးသံလေသံနှင့်အတူ အောက်ပြည်အောက်ရွာ၏ ဖားမျိုးစုံတို့ကလည်း အော်မည်ကြလေပြီ။ ဤသို့သော ရာသစုံမြင်ကွင်းနှင့်အတူ ပထမအကြိမ် လွှတ်တော်ကုန်ဆုံးခါနီးပြီဖြစ်သဖြင့် ဒုတိယလွှတ်တော်သက်တမ်းအတွက် အထွေထွေရွေးကောက်ပွဲကြီးကို လွတ်လပ်တရားမျှတစွာ ဆောင်ရွက်ပေးနိုင်ရန် ရွေးကောက်ပွဲကော်မရှင်ကလည်း သွက်သွက်လက်လက် လှုပ်ရှားစပြုနေလေပြီ။ သတင်းစာ၊ ဂျာနယ်တို့ကလည်း နိုင်ငံရေးပါတီအသီးသီး၏ Election Campaign စတင်ဆောင်ရွက်မှုသတင်းစုံကို နေ့စဉ် ပြည်သူသို့ တင်ပြနေကြလေသည်။ ကျွန်တော်သည် ဆောင်းပါးရှင် ရန်ကင်း၏ ရေးသားတင်ပြချက်အပေါ် မိမိ၏ နိုင်ငံ့ဝန်ထမ်းဘဝ တစ်တပ်တစ်အား တွေ့ကြုံခဲ့သည့် အတွေ့အကြုံများနှင့်အတူ ပြည်သူသို့ တင်ပြရန် စိတ်ပါဝင်စားမိလာသည်။

ဆောင်းပါးရှင် ရန်ကင်းရေးသားထားသော တင်ပြချက်များအနက်မှ အဓိကအချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၄ ပါ "နိုင်ငံတော်သမ္မတနှင့် ဒုသမ္မတတို့သည် နိုင်ငံရေးပါတီတစ်ခုခုမှ အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့်နေ့မှစ၍ မိမိတို့ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ" ဆိုသော ပြဋ္ဌာန်းချက်ဖြစ်သည်ဟု ကျွန်တော်တွေ့ရှိမိလိုက်သည်။

ဆောင်းပါးရှင်၏ တွေးဆချက်များသည် ဥပဒေလေ့လာသူတစ်ဦးကသူ၏ လေ့လာတွေ့ရှိချက်ကို ဤရွေးကောက်ပွဲမတိုင်မီကာလအတွင်း လိုအပ်သလို သုံးသပ်ဆောင်ရွက်စေလိုသော ဆန္ဒစေတနာရှိပုံရသည်ဟု ယူဆမိပါသည်။ ပုဒ်မ ၆၄ တွင်ပါရှိသော သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် မိမိတို့ရာထူးသက်တမ်းအတွင်း ပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းမဆောင်ရွက်ရဟု တားမြစ်ထားခြင်းမှာ နိုင်ငံတော်၏ အုပ်ချုပ်ရေးအာဏာကို ကိုင်တွယ်ကျင့်သုံးရသော သမ္မတ၊ ဒုတိယသမ္မတများအား ၎င်းတို့အနေဖြင့် မိမိတို့၏ နိုင်ငံရေးပါတီတွင် မိမိတို့ဆောင်ရွက်ရန်ရှိသော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းမပြုရန် တားမြစ်ထားခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် သမ္မတ၊ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းမခံရမီက မိမိ၏ ပါတီအတွက် မိမိဆောင်ရွက်ရသော ပါတီလုပ်ငန်းများကို သမ္မတ၊ ဒုတိယသမ္မတအဖြစ် ဤသို့ ရွေးကောက်တင်မြှောက်ခံရသည့်နေ့မှစ၍ ဆောင်ရွက်ခြင်းမပြုရန် တားမြစ်ထားသော ပြဋ္ဌာန်းချက်သာဖြစ်သည်။

ဤနေရာတွင် ပါတီလုပ်ငန်းဆောင်ရွက်ခြင်းနှင့် အထွေထွေရွေးကောက်ပွဲတွင် မိမိနှင့် မိမိပါတီ အောင်နိုင်ရေးအတွက် မဲဆွယ်စည်းရုံးခြင်း (Election Campaign) ကို ခွဲခြားရှုမြင်ရန် လိုအပ်သည်။ **ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် မဲဆွယ်စည်းရုံးခြင်းသည် ပါတီလုပ်ငန်း ဆောင်ရွက်ခြင်းမဟုတ်ပါ။ နိုင်ငံရေးပါတီများတွင် ပါတီအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရန် ပါတီဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ စသည့် ပုဂ္ဂိုလ်များသည် ပါတီမှသတ်မှတ်ထားရှိသော ပါတီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းသည်သာ ပါတီလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြစ်**သည်။

တစ်ဖက်တွင် ရွေးကောက်ပွဲအောင်နိုင်ရေးအလို့ငှာ မဲဆွယ်စည်းရုံးခြင်း (Election Campaign) သည် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သောပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအား ဖွဲ့စည်းပုံအခြေခံဥပဒေက ခွင့်ပြုထားသော အခွင့်အရေးပင်ဖြစ်သည်။ ဤအခွင့်အရေးကို မည်သည့်ပါတီဝင်ဖြစ်စေ၊ တစ်သီးပုဂ္ဂလဖြစ်စေ ကျင့်သုံးပိုင်ခွင့်ရှိသည်။ အဘယ်ကြောင့်ဆိုရမူ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈ ၏ ပုဒ်မခွဲ(က) တွင် နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်ဟု အတိအလင်းပြဋ္ဌာန်းထားရှိသောကြောင့်ဖြစ်သည်။ ထို့ပြင် **ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၀၆ တွင်လည်း "နိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံတော်အတွင်း လွတ်လပ်စွာ စည်းရုံးပိုင်ခွင့်ရှိသည်ဟုလည်းကောင်း၊ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်"ဟု လည်းကောင်း ပြဋ္ဌာန်းထားရှိပြီးဖြစ်သည်။** သို့ဖြစ်ရာ ပါတီတစ်ရပ်ရပ်၏ ပါတီဝင်ဖြစ်စေ၊ တစ်သီးပုဂ္ဂလဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈ ၏ ပုဒ်မခွဲ(က) အရ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိနေပြီဖြစ်ရာ ယင်းသို့ယှဉ်ပြိုင်ရာတွင် မိမိပါတီ သို့မဟုတ် မိမိအောင်နိုင်ရေးအတွက် စည်းရုံးခွင့်သည် အလိုအလျောက် ဆောင်ရွက်ခွင့်ရှိပြီးဖြစ်ပေသည်။ ဤအခွင့်အရေးသည် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသော ပိတ်ပင်၍မရသည့် အခွင့်အရေးဖြစ်ရာ သမ္မတ၊ ဒုတိယသမ္မတများအပါအဝင် နိုင်ငံသားတိုင်း ခံစားခွင့်ရှိကြောင်း သိသာထင်ရှားလှသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၁ ၏ ပုဒ်မခွဲ (ခ)နှင့် (ဂ) တို့အရ သမ္မတနှင့် ဒုတိယသမ္မတများသည် ရာထူးသက်တမ်းကုန်ဆုံးသော်လည်း သမ္မတနှင့် ဒုတိယသမ္မတအသစ်များ ရွေးချယ်တင်မြှောက်ပြီးသည်အထိ မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရပါမည်။ ဤသို့ ပြဋ္ဌာန်းထားခြင်းသည် နိုင်ငံတော်တွင် သမ္မတနှင့် ဒုတိယသမ္မတများ ရာထူး

> မြန်မာနိုင်ငံတွင် ကျင့်သုံးခဲ့သော အစဉ်အလာများအရ လည်းကောင်း၊ အခြားနိုင်ငံများတွင် ကျင့်သုံးသော အစဉ်အလာများအရ လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း၊ လက်ရှိနိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့သည် ရာထူးမှနုတ်ထွက်ခြင်း မပြုဘဲ ဒုတိယသက်တမ်း ရွေးချယ်တင်မြှောက်ခံခွင့်အတွက် မဲဆွယ်စည်းရုံးခြင်း၊ ယှဉ်ပြိုင်အရွေးခံခြင်းတို့အပြင် မိမိပါတီ အောင်နိုင်ရေးအတွက် မဲဆွယ်စည်းရုံးခြင်းများကိုလည်း ဆောင်ရွက်နိုင်။

နေရာများ လစ်လပ်မှုမရှိဘဲ စဉ်ဆက်မပြတ် ရှိနေစေရန် ဖြစ်သည်။ ထို့ပြင် သမ္မတနှင့် ဒုတိယသမ္မတများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၁ ၏ ပုဒ်မခွဲ(ဂ) အရ ရာထူးသက်တမ်း နှစ်ကြိမ်အထိ ထမ်းဆောင်ခွင့်ရှိရာ ၎င်းတို့သည်လည်း ဒုတိယအကြိမ် ရွေးချယ်တင်မြှောက်ခံရရေးအတွက် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိပေသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ရည်ရွယ်ချက်နှင့် အနှစ်သာရကို စဉ်းစားဆင်ခြင်သည့်အခါ ဥပဒေ၏ ပုဒ်မတစ်ခုတည်းကိုသာ ကွက်၍ စဉ်းစားခြင်းမပြုဘဲ သက်ဆိုင်ရာ အခြားပုဒ်မများနှင့် ယှဉ်တွဲ၍ ပေါင်းစပ်စဉ်းစားရပါသည်။ သို့မှသာ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ရည်ရွယ်ချက်နှင့် အနှစ်သာရကို မှန်ကန်စွာ ဖော်ထုတ်ရရှိနိုင်မည်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆ ၏ ပုဒ်မခွဲ (င) တွင် "နိုင်ငံတော်သည် နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးကို အစဉ်တစိုက် ဦးတည်သည်"ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် နိုင်ငံသားအားလုံး (သမ္မတနှင့် ဒုတိယသမ္မတများ အပါအဝင်) အတွက် တရားမျှတမှုကို ဦးတည်ထားရှိစေလိုသဖြင့် ဤအချက်ကို ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ယခုဖော်ပြခဲ့သော ပုဒ်မ ၆ ၏ ပုဒ်မခွဲ(င) ပါ ပြဋ္ဌာန်းချက်နှင့်တကွ ပုဒ်မ ၃၈ ၏ ပုဒ်မခွဲ(က)၊ ပုဒ်မ ၆၁၊ ပုဒ်မ ၄၀၆ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ပုဒ်မ ၆၄ ပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် လာမည့်အထွေထွေရွေးကောက်ပွဲတွင် မိမိလက်ရှိရာထူးမှ နုတ်ထွက်ခြင်းမပြုဘဲ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံပိုင်ခွင့်နှင့် မဲဆွယ်စည်းရုံးခွင့်များရှိကြောင်း ထင်ရှားစွာတွေ့ရှိရသည်။

ထို့ပြင် ရည်ညွှန်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေတွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

"**ပုဒ်မ ၆။** (က) ပြည်ထောင်စုအစိုးရအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(၁) နိုင်ငံတော်သမ္မတ၊
(၂) ဒုတိယသမ္မတများ၊
(၃) ပြည်ထောင်စုဝန်ကြီးများ၊
(၄) ပြည်ထောင်စုရှေ့နေချုပ်။

(ခ) × × × × × × × × × × × × × × × × × ×။"

"**ပုဒ်မ ၇။** ပုဒ်မ ၆၊ ပုဒ်မခွဲ (က)ပါ ပြည်ထောင်စုအစိုးရအဖွဲ့ အဖွဲ့ဝင်တစ်ဦးဦးသည်-

(က) × × × × × × × × × × × × × × × × × ×။"

(ခ) ပုဒ်မခွဲ (က) အရဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင်သော်လည်းကောင်း၊ တစ်သီးပုဂ္ဂလရွေးချယ်ခံခဲ့သူဖြစ်လျှင် သော်လည်းကောင်း၊ သီးခြားခန့်အပ်တာဝန်ပေးခြင်း ခံခဲ့ရသည့် နိုင်ငံသားတစ်ဦးဖြစ်လျှင် သော်လည်းကောင်း **အဆိုပါပုဂ္ဂိုလ်သည် နောင်လာမည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင် ရွေးချယ်ခံမည့်သူဖြစ်ပါက နိုင်ငံသားတစ်ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၊ ပုဒ်မခွဲ(က)အရ ပေးအပ်ထားသော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန် အလို့ငှာ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကြေညာသည့်နေ့မှစ၍ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိသည်။"**

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် ရာထူးတာဝန်မှ နုတ်ထွက်ရန်မလိုဘဲ ဒုတိယမြောက်သက်တမ်းအတွက် ရွေးချယ်တင်မြှောက်ခံခွင့်၊ ထိုသို့ရွေးချယ်တင်မြှောက်ခံခွင့်ရရှိရန် မဲဆွယ်စည်းရုံးခွင့် ရှိသည့်အပြင် မိမိပါတီအတွက်ကိုလည်း မဲဆွယ်စည်းရုံးခွင့်ရှိကြောင်း ဤပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပြဋ္ဌာန်းချက်များက ထပ်ဆင့်အထောက်အပံ့ပြု ပြဋ္ဌာန်းထားသည်ကို အထင်အရှားတွေ့ရှိရသည်။

မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းခဲ့ဖူးသော ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေများအရလည်း ထိုစဉ်က ဝန်ကြီးချုပ်များသည် အထွေထွေရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြရာ၌ ရာထူးမှနုတ်ထွက်ခြင်းမပြုဘဲ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြရသည်။ အလားတူ အိမ်နီးချင်း အိန္ဒိယနိုင်ငံတွင်လည်း လက်ရှိဝန်ကြီးချုပ်သည် ရာထူးမှနုတ်ထွက်ခြင်းမပြုဘဲ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည်။ ကမ္ဘာ့ဒီမိုကရေစီကျင့်သုံးမှုတွင် စံပြုလျက်ရှိသည့် အမေရိကန်နိုင်ငံ၏ သမ္မတရွေးကောက်ရာတွင်လည်း လက်ရှိသမ္မတသည် ရာထူးမှနုတ်ထွက်ခြင်းမပြုဘဲ ဒုတိယသက်တမ်းအတွက် ယှဉ်ပြိုင်အရွေးခံသည်ကို တွေ့ရှိနိုင်သည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ကျင့်သုံးခဲ့သော အစဉ်အလာများအရလည်းကောင်း၊ အခြားနိုင်ငံများတွင် ကျင့်သုံးသော အစဉ်အလာများအရလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ လက်ရှိ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့သည် ရာထူးမှ နုတ်ထွက်ခြင်းမပြုဘဲ ဒုတိယသက်တမ်း ရွေးချယ်တင်မြှောက်ခံခွင့်အတွက် မဲဆွယ်စည်းရုံးခြင်း၊ ယှဉ်ပြိုင် အရွေးခံခြင်းတို့အပြင် မိမိပါတီ အောင်နိုင်ရေးအတွက် မဲဆွယ်စည်းရုံးခြင်းများကိုလည်း ဆောင်ရွက်နိုင်ကြောင်း ထင်ရှားလှပေသည်။

ထိုနည်းတူစွာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များသည်လည်း ဒုတိယသက်တမ်း ဝင်ရောက်ယှဉ်ပြိုင်လိုပါက လက်ရှိရာထူးတာဝန်မှ နုတ်ထွက်ရန်မလိုဘဲ မဲဆွယ်စည်းရုံး၍ ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရှိသည်။ အခြေခံဥပဒေနှင့် တည်ဆဲဥပဒေများက ညီတူညီမျှ ခံစားခွင့်ရှိသည်များကို ပြဋ္ဌာန်းပေးအပ်ထားပြီးဖြစ်သည်ကို ပေါ်လွင်အောင် ဖော်ထုတ်တင်ပြရခြင်းဖြစ်ပါသည်။

ဒီမိုကရေစီ၏ အနှစ်သာရ ညီတူညီမျှ အခွင့်အရေးရကြပါစေ။ ။

## စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မော်လမြိုင် မေ ၂၅**

ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားစေရန် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိရာ မော်လမြိုင်မြို့နယ် ဖဲထော်မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုကို မေ ၂၂ ရက်က မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချစ်ငွေနှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်နေမှုများအပေါ် ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။

**(ကြေးမုံ)**

ပြည်တွင်းရေးရာ

# ပထမအကြိမ်(နွေရာသီ)အခမဲ့ မြန်မာအက အခြေခံကဗျာလွတ်ရက်တိုသင်တန်းဖွင့်

**ရန်ကုန် မေ ၂၅**

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန အနုပညာအထက်တန်းကျောင်း (ရန်ကုန်)၌ ပထမအကြိမ်(နွေရာသီ) အခမဲ့ မြန်မာအက အခြေခံကဗျာလွတ်အကရက်တိုသင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ မေ ၂၄ ရက် နံနက်ပိုင်းက ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် အနုပညာဦးစီးဌာနမှ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ယခုသင်တန်းသည် မြန်မာ့ရိုးရာယဉ်ကျေးမှုတစ်ခုဖြစ်သော မြန်မာ့အကများကို ဖော်ထုတ်ပြီး လက်ဆင့်ကမ်း သင်ကြားပေးခြင်းဖြင့် မြန်မာ့ရိုးရာအမွေအနှစ်များကို ရှေးမူမပျက် ထိန်းသိမ်းခြင်းဖြစ်သလို မြန်မာ့ရိုးရာယဉ်ကျေးမှုများ ပြန့်ပွားသည်ထက်ပြန့်ပွားအောင် စနစ်တကျ တတ်မြောက်စေရန် ကျေးလက်ဒေသများအထိ သင်တန်းများဖွင့်လှစ်ပေးသွားရမည်ဖြစ်ကြောင်း အဆိုပါသင်တန်းတွင် ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

မြန်မာ့သဘင် ဖောင်ဒေးရှင်း (မန္တလေး)မှ ဦးသိန်းဇော်နှင့် အတွင်းရေးမှူး ဦးနန်းဝင်းတို့ကလည်း "အနုပညာအလွှာ အများကြီးရှိတဲ့အထဲမှာ သဘင်အလွှာက အရေးကြီးတယ်။ ခံယူချက်၊ ဝါသနာနဲ့ မြန်မာဆိုတဲ့ ဂုဏ်ကိုဖော်ပြပါဆို မြန်မာ့ယဉ်ကျေးမှုကို ဖော်ပြရမယ်။ ဒီအကပညာက သရုပ်ဆောင်လုပ်လည်း အသုံးဝင်တာပဲ။ မြန်မာဆိုတာ ပျောက်မသွားအောင် မြန်မာ့ယဉ်ကျေးမှုအမွေကို ထိန်းသိမ်းကြတဲ့ အမျိုးကောင်း သားသမီးတွေဖြစ်ကြပါစေ" ဟု ပြောသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၆၃ ဦး တက်ရောက်ကြပြီး ဆရာမရှစ်ဦးက မေ ၂၁ ရက်မှ ၃၀ ရက်အထိ အမျိုးသား ကကွက် ၁၇ ကွက်နှင့် အမျိုးသမီး ကကွက် ၄၀ ကို သင်ကြားပေးလျက်ရှိကြောင်း ပါမောက္ခဌာနမှူး(ငြိမ်း) ဒေါ်နုနုစိန်က ပြောသည်။ သင်တန်းသား၊ သင်တန်းသူများသည် အနုပညာစိတ်ဝင်စားသူများ၊ သရုပ်ဆောင်လူငယ် မောင်မယ်များနှင့် လူငယ်နှင့် သက်ကြီးသင်တန်းသားများပါ တက်ရောက်ကြကြောင်း သိရသည်။**(ဝဲအောက်ပုံ)**

**(သန့်ဇင်ဝင်း)**






# သာစည်မြို့နယ်ရှိ ဝန်ထမ်းအိမ်ရာတိုက်ခန်းများ မေလကုန်တွင် တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးမည်

**သာစည် မေ ၂၅**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ငွေတောင်ဦးကုမ္ပဏီနှင့် ရတနာပုံကုမ္ပဏီတို့က သာစည်မြို့နယ် ကန်စွယ်ကျေးရွာအနီးတွင် ဝန်ထမ်းများ နေထိုင်ရန်အတွက် အဆောက်အအုံတစ်ခုလျှင် အလျား ၁၀၂ ပေ၊ အနံ ၂၉ ပေ၊ အမြင့် ပေ ၃၀ ရှိသည့် သုံးထပ်တိုက်အဆောက်အအုံ နှစ်လုံးကို တည်ဆောက်လျက်ရှိရာ ယခုမေလကုန်တွင် တည်ဆောက်မှုလုပ်ငန်းများနှင့် အချောသပ်ပြင်ဆင်မှုလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။**(ယာပုံ)**

အဆိုပါ အဆောက်အအုံတစ်ခုလျှင် အခန်းပေါင်း ၁၂ ခန်း ပါရှိပြီး အခန်းတစ်ခန်းလျှင် အိပ်ခန်းနှစ်ခန်း၊ ဧည့်ခန်းတစ်ခန်း၊ ရေချိုးခန်းနှင့် အိမ်သာတစ်ခန်း၊ ထမင်းစားခန်းတစ်ခန်းတို့ပါရှိကြောင်း သိရသည်။ ကန်စွယ်ကျေးရွာသည် မြို့နှင့် ထိစပ်လျက်ရှိသော ကျေးရွာတစ်ရွာဖြစ်ပြီး ယခုအခါ ဝန်ထမ်းအိမ်ရာများ တည်ဆောက်ပေးခြင်းဖြင့် မကြာမီ ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်သည်။

**မောင်ကို(သာစည်)**



# ကွတ်ခိုင်မြို့နယ်အတွင်း မိုးပွင့်(အထူး) နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်

**ကွတ်ခိုင် မေ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာကျေးရွာအုပ်စုအတွင်းရှိ နမ့်ဖတ်ကာကျေးရွာ ရပ်ကွက် ၁/၂/၃/၄ နှင့် ပန်ကိုင်၊ ပန်ဂျရော့၊ သံမှုံ၊ သံလော့၊ ကောင်းလိန်၊ ပူတာဘွန်၊ မန်ဘိမ်း၊ ဟိုပုံ၊ ဟိုလော့၊ လော့ခွမ်၊ ဟိုမော့ကျေးရွာများသို့ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမင်းမင်းဇော်နှင့် ဝန်ထမ်းများသည် ကျေးရွာစုရပ်အသီးသီးသို့ သွားရောက်၍ ပြည်သူ ၅၄၈ ဦးအား မိုးပွင့်(အထူး)နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာ မူဆယ်ခရိုင် ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းကို လာရောက်ကြည့်ရှုပြီး ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံကာ ယာယီသက်သေခံလက်မှတ်အပ်နှံရေးလုပ်ငန်းနှင့် ပတ်သက်၍ ပြည်သူများ နားလည်သဘောပေါက်စေရန် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



# ပြန်ကြားရေးဝန်ကြီးဌာန Call Center တည်ထောင်ပြီး ပြည်သူများသို့ ဝန်ဆောင်မှုပေးရန် ဆောင်ရွက်လျက်ရှိ




ပြန်ကြားရေးဝန်ကြီးဌာနနှင့် Blue Ocean Co.,Ltd တို့ ပူးပေါင်း၍ "Call Center Hotline 1883"မှ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပတ်သက်သော သတင်းများ၊ မိုးလေဝသနှင့် ရာသီဥတုသတင်းများ၊ ပြည်တွင်းသတင်းများ၊ နောက်ဆုံးရသတင်းများ၊ ထူးခြားဖြစ်စဉ်သတင်းများကို (၁-၆-၂၀၁၅)ရက်နေ့မှစ၍ ၂၄ နာရီ ထုတ်လွှင့်ပေးခြင်းနှင့် ဖြေကြားဝန်ဆောင်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

Call Center အသုံးပြုပုံမှာ 1883 Hot Line နံပါတ်ကို ခေါ်ဆိုပါ။ နံပါတ်(၁)တွင် နေ့စဉ်သတင်းများကို စက္ကန့် (၉၀)နားဆင်နိုင်သည်။

အဆိုပါနံပါတ်တွင် နံပါတ်ခွဲ သုံးခုထားရှိကာ နံပါတ်(၁)တွင် ပြည်တွင်းသတင်း၊ နံပါတ်(၂)တွင် မိုးလေဝသသတင်း နှင့် နံပါတ်(၃)တွင် နောက်ဆုံးရထူးခြားဖြစ်စဉ်သတင်းများကို နားဆင်နိုင်သည်။

ဝန်ကြီးဌာနနှင့် ပတ်သက်သည့် အချက်အလက်များကို သိလိုလျှင်၊ ကောလာဟလသတင်းများ၊ အင်တာနက်သတင်းများကို အတည်ပြုလိုလျှင် နံပါတ်(၂)ကိုနှိပ်ပါက Operator မှ ဖြေကြားပေးမည်ဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် မြန်မာ့ဆက်သွယ်ရေး(MPT)ဖုန်းများသာ ဝန်ဆောင်မှုရရှိမည်ဖြစ်ပြီး မကြာမီတွင် အခြား Mobile ဖုန်း အော်ပရေတာများနှင့်ပူးပေါင်းပြီး ဝန်ဆောင်မှုရရှိစေရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ပြန်ကြားရေးဝန်ကြီးဌာန**

# သူငိုလိုက်ရင် မကောင်းဆိုးဝါးတစ်ကောင်လို ရုပ်ဆိုးပါတယ်လို့ဆိုလာတဲ့ မင်းသမီးချော ဂျွန်အွန်



တောင်ကိုရီးယား အဆိုတော်နှင့်သရုပ်ဆောင်မင်းသမီးချော ဟွမ်ဂျွန်အွန်က Entertainment Relayနှင့်ပြုလုပ်သည့် အင်တာဗျူးတစ်ခု၌ သူငိုလိုက်သောအခါ မကောင်းဆိုးဝါးတစ်ကောင်လိုပဲ ရုပ်ဆိုးလွန်းလှပါသည်ဟု ဆိုခဲ့သည်။

သူက"ပြည်သူတွေကို အလုပ်အကျွေးပြုနေတဲ့ သရုပ်ဆောင်တစ်ဦးအနေနဲ့ ကိုယ့်အလုပ်ကိုကြိုးစားလုပ်တယ်။ အဆိုတော်တစ်ဦးကနေ သရုပ်ဆောင်လိုင်းဘက်ကို ကူးလာခဲ့တာဆိုတော့ ပိုကြိုးစားရတယ်"ဟု သူ၏ခံယူချက်ကို ပြောပြခဲ့သည်။

ဆက်လက်၍သူ့အားပရိသတ်က အငိုမင်းသမီးဟု တင်စားခေါ်ဝေါ်ကြခြင်းနှင့် ပတ်သက်၍လည်း "ကျွန်မကိုဒီလိုခေါ်တာကြိုက်ပါတယ်။ ဒါပေမယ့် ငိုလိုက်ရင် ရုပ်တော်တော်ဆိုးသွားတယ်။ ကြည့်ရတာ မကောင်းဆိုးဝါးတစ်ကောင်ရဲ့ ရုပ်လိုပဲ။ တော်တော်ဆိုးတာ။ ဒါ့ကြောင့် ငိုတဲ့အခန်းရိုက်ရင် သတိထားရတယ်။ ဒါပေမယ့် ငိုတဲ့အခန်းက ရုပ်သာဆိုးတာ ခံစားမှုကတော့ အပြည့်ပဲ။ တကယ်ကောင်းတယ်"ဟုလည်း သူကပြောခဲ့သည်။

ဟွမ်သည် ၂၀၀၂ခုနှစ်တွင် ကိုရီးယားပေါ့ပ်ဂီတအဖွဲ့ Sugar ၏ အဖွဲ့ဝင်တစ်ဦးအဖြစ် အနုပညာလောကအတွင်းသို့ စတင်ဝင်ရောက်ခဲ့ပြီး ၂၀၀၄တွင် Love Letter ဇာတ်ကား၌ ဧည့်သည်သရုပ်ဆောင်အဖြစ် စတင်သရုပ်ဆောင်ခဲ့သည်။ ထို့နောက် ကြော်ငြာများပါရိုက်ကူးလာခဲ့ရကာ ၂၀၁၁ခုနှစ်တွင် ကိုရီးယားထိပ်တန်းနာမည်ကျော် ၄၀ အနက် ၁၈ ဦးမြောက်နေရာကို ရရှိခဲ့သည်။ ၂၀၁၄တွင် "Endless Love" ဇာတ်လမ်းတွဲဖြင့် SBSရုပ်သံလိုင်းမှပေးအပ်သော အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုကို ရရှိခဲ့သည်။

ခင်ခင်သက်

# Green Plugged Seoul 2015 တွင်ပရိသတ်များ ပွဲကျခဲ့ရသည့် Dynamic Duoအဖွဲ့

တောင်ကိုရီးယားနိုင်ငံ ဟစ်ဟော့ပ်အဆိုတော်အဖွဲ့တစ်ဖွဲ့ဖြစ်သည့် Dynamic Duoအဖွဲ့မှ တေးသီချင်းသီဆိုဖျော်ဖြေတင်ဆက်မှုအတွင်း အဆိုတော် ချွိုင်ဇာ၏ချစ်သူအမည်ကို အဖွဲ့ဝင်ဂေးကိုက သီချင်းနာမည်တွင် မှားယွင်းပြီး ထည့်သွင်းပြောဆိုလိုက်မိသည့်အတွက် ပရိသတ်များက သဘောကျခဲ့ကြကြောင်း ရေးသားဖော်ပြထားသည်။





မေ ၂၃ ရက်တွင် ကျင်းပခဲ့သည့် Green Plugged Seoul 2015 တွင် Dynamic Duo ဟစ်ဟော့အဖွဲ့မှ ဖျော်ဖြေတင်ဆက်နေစဉ် အဆိုတော်ချွိုင်ဇာက "ဒီမှာရှိကြတဲ့ မိန်းကလေးပရိသတ်တွေအားလုံး အလွန့်အလွန်လှကြပါတယ်။ ယောကျ်ားလေးတွေကလည်း ကြည့်ကောင်းကြပါတယ်"လို့ ပြောဆိုလိုက်သောအခါ ပရိသတ်များက ချွိုင်ဇာ၏ ချစ်သူဖြစ်သည့် f(x)အဖွဲ့မှ ဆူလီ၏အမည်ကို တစ်ပြိုင်တည်းအော်ပြီးပြောဆိုခဲ့ကြသည်။

ယင်းသို့မှားပြားလှသည့် ပရိသတ်ထံမှ အသံတစ်သံတည်းညီညီညာညာ ထွက်ပေါ်လာသည်မှာ အံ့ဩစရာကောင်းကြောင်း Dynamic အဖွဲ့မှ ဂေးကိုက ဝင်၍နောက်ပြောင် ပြောဆိုခဲ့သည့်အတွက် ချွိုင်ဇာမှာစင်ပေါ်တွင် အနေရခက်ခဲ့သည်ဟုဖော်ပြထားသည်။

ထို့နောက် ဂေးကိုက ပရိသတ်များအား "အခုကျွန်တော်တို့ အတူတူ male and Sulli part သီချင်းကိုဆိုလိုက်ကြရအောင်" လို့ ပြောဆိုလိုက်မိပြီးမှ male and female part သီချင်းအား ဆူလီ၏နာမည်နှင့် မှားယွင်းပြောဆိုလိုက် သည့်အတွက် ယင်းကဲ့သို့ဆိုလိုခြင်းမဟုတ်ကြောင်း ပြန်လည်ရှင်းပြလိုက်သဖြင့် ပရိသတ်များပွဲကျခဲ့ကြသည်ဟုဆိုသည်။

နောက်ဆုံးတွင် မနေနိုင်တော့သည့် ချွိုင်ဇာက နောက်ပြောင်ပြောဆိုနေသည့် ဂေးကိုအား ဆုံးမမှ ဖြစ်တော့မည်ဖြစ်ကြောင်း သတိပေးစကားပြောဆိုကာ ချေပပြောဆိုလိုက်သည်ဟု Soomoi news တွင် ရေးသားထားသည်။

Dynamic Duoအဖွဲ့မှ အသက် (၃၄) နှစ်အရွယ်ရှိ အဆိုတော်ချွိုင်ဇာနှင့် သရုပ်ဆောင်အဆိုတော် f(x) အဖွဲ့မှ အသက်(၂၀)အရွယ်ဆူလီတို့သည် အသက် (၁၄)နှစ်ကွာဟသည့် ကိုရီးယားနိုင်ငံ၏ နာမည်ကြီးအနုပညာရှင်စုံတွဲ တစ်တွဲဖြစ်သည်။

**စန္ဒာဝင်း**

# ဟာသသရုပ်ဆောင်နှင့် မင်းသမီးကြီး အန်နီမီအာရာကွယ်လွန်



မင်းသားဘင်းစတေလာ၏မိခင် ဟာသသရုပ်ဆောင်နှင့် မင်းသမီးကြီး အန်နီမီအာရာသည် အသက်(၈၅)နှစ်အရွယ်တွင် ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။

သူ၏အမျိုးသား ဂျယ်ရီစတေလာနှင့် သားဖြစ်သူတို့က သူသည်ပြီးခဲ့သည့် စနေနေ့က ကွယ်လွန်သွားခဲ့ကြောင်း တိုင်းမ်မဂ္ဂဇင်းသို့ ပြောခဲ့သည်။

သူကွယ်လွန်သွားချိန်တွင် သားသမီးနှစ်ဦးနှင့် မြေးများကျန်ရှိခဲ့ပြီး သူ၏ခင်ပွန်းသည် ဂျယ်ရီက "ကျွန်တော်တို့ အိမ်ထောင်သက် (၆၁)နှစ်ရှိခဲ့တယ်။ တစ်ချိန်လုံးလိုလို အတူတူလက်တွဲပြီး အလုပ်လုပ်ခဲ့ကြတာ"ဟု သတိတရပြောသည်။

စတေလာတို့ဇနီးမောင်နှံနှစ်ဦးသည် The Ed Sullivanအစီအစဉ်တွင် စတေလာနှင့် မီအာရာအဖြစ် ပါဝင်ဖျော်ဖြေတင်ဆက်ခဲ့ပြီး ၁၉၆၀ ပြည့်နှစ်များတွင် အခြားသော အစီအစဉ်ပေါင်းများစွာ၌လည်း ပါဝင်သရုပ်ဆောင်ခဲ့ကာ သူတို့ဖျော်ဖြေတင်ဆက်ခဲ့သော ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များအတွက်လည်း ဆုတံဆိပ်များစွာ ရရှိသည်။

**ခင်ခင်သက်**

## ရုပ်မြင်သံကြားအစီအစဉ်

*၂၆ - ၅ - ၂၀၁၅ (အင်္ဂါနေ့)*

### မြဝတီ

၆း၀၃ တရားတော်
၆း၁၅ မေတ္တာပို့
၆း၂၀ ခမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၈း၁၀ စိုက်ပျိုးသုတ
၈း၂၅ မြတ်နိုးစရာရိုးရာလက်မှုပညာ
၈း၃၅ ခရီးလည်းသွားစကားလည်းဆို
၉း၀၀ တည်ဆောက်ပြုပြင် မြို့တော်တစ်ခွင်
၄း၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ အင်္ဂလိပ်စာသုတ
၄း၄၅ မြန်မာသံစဉ်ချိုနားဝင်
၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၁၅ သူတို့အကြောင်း
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂန္ထဝင်မြောက်အမုန်း (အပိုင်း-၂၃)
၆း၃၅ Dream Team
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရာဇဝင်ထဲက တော်ဝင်သမားတော် (အပိုင်း-၄၇)
- VOA အင်္ဂလိပ်စာသင်ခန်းစာ
- ဟာသရုပ်စုံ
- ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- မှော်ဝင်စီးချင်း (အပိုင်း-၁၀)

### MRTV - 4

၅း၀၀ ပဌာန်းပါဠိတော်၊ မေတ္တာသုတ်
၈း၀၀ Cartoon Series (Go Go Giggles)
၈း၃၅ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၇၉)
၉း၃၅ အနုပညာမိုးကောင်းကင်
၁၀း၀၀ ခေတ်သစ်ပျိုမေ
၁၁း၀၅ သွားမယ်စားမယ် (SHIAWASE SUSHI II)
၁၁း၃၀ Forever Music Tribute လပြည့်ဝန်းသို့တမ်းချင်းည [ကိုနေဝင်းမရှိမလှိုင်း နှစ် (၃၀)ခရီး] (ဒုတိယပိုင်း)
၁၁း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၁၄)
၁း၀၀ "သစ္စာအနက် (၁၆)ချက်၊ အမှတ် (၁၄)" တရားတော် (ဓမ္မရံသီဆရာတော် ဘဒ္ဒန္တသုနန္ဒ)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝိညာဉ်ရှိက်သံ" (အပိုင်း-၃၉)
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၂၁)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၂၂)
၇း၁၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝိညာဉ်ရှိက်သံ" (အပိုင်း-၄၀)
၈း၁၀ ရသစုံညွှန်းတမ်းများ
၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၈၀)
၉း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၁၅)
၁၀း၅၅ MRTV-4 Stage
၄း၁၀ World of Knowledge (Dog Whisperer: Power Of The Pack)

### mitv

- Insight Myanmar (Library) (Ep-3) Library for Women & Children
- Civic Duty
- The Pride of Myanmar "Traditional Handicraft"
- Kayin Child Boxer
- News Extra "Rohinja"
- Photographer: Kyaw Win Hlaing (YUC)
- Archery Session (from Ramayana Play)
- Amazing "U Nyein Chan Aung"
- Simple Living With High Spirit
- News Extra "Rohinja"
- Sagaing: Gold Leaf
- Dawei - Tavoy , Travel To The Southern Part Of Myanmar
- A Person with Faith
- Today Myanmar "Nyaung Chaung Thar"
- Taste Of Myanmar (Shan - Flat -Rice- Noodle Soup)
- Traditional Handicrafts from the Golden Land
- SHWE SETTAW (Minbu)
- Sticky Shan Snack
- Life of Sea Urchin Diver
- Trishaw Man
- FLying Without Wings- My Great Limitless Adventure - Pakokku
- Marketable Goods (Aluminium Glasss & Stainless Steel)
- Youth Filmmaker: KAUNG SINT
- [Doctor] [Painter]



# ပြင်သစ်အိုးပင်းလုံခြုံရေးအပေါ် ဖက်ဒဲရာစိတ်ပျက်

ဆွစ်ဇာလန်တင်းနစ်အကျော်အမော် ဖက်ဒဲရာက ကွင်းအတွင်း ဝင်ရောက်လာသည့် လူငယ်ပရိသတ်များကြောင့် ပြင်သစ်အိုးပင်း လုံခြုံရေးအနေအထားအပေါ် မေးခွန်းထုတ်ခဲ့ပြီး ထို့အတွက်ရင်း အနေဖြင့် စိတ်ပျက်ရသည်ဟု ပြောကြားခဲ့သည်။ ဖိလစ်ပီချက်ထရီယာ ကွင်းတွင် ကိုလံဘီယာနိုင်ငံသား ဖယ်လ်လာအား ၆-၃၊ ၆-၃၊ ၆-၄ ဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်၌ လူငယ်ပရိသတ်တစ်ဦးက ဖက်ဒဲရာနှင့် အတူ ဓာတ်ပုံရိုက်ခွင့်ရရန်ကွင်းအတွင်းသို့ ခွင့်ပြုချက်မရရှိဘဲ ဝင်ရောက်လာခဲ့ရာ လုံခြုံရေးကြီးကြပ်သူများက ဆွဲထုတ်ခဲ့ရသည်။

ဖက်ဒဲရာ "ကျွန်တော်ဒီကိစ္စအတွက် ဘယ်လိုမှမပျော်ရွှင်နိုင်တော့ပါဘူး။ ဒါမျိုးအလားတူဖြစ်ရပ်က လေ့ကျင့်ရေးကွင်းမှာလည်းဖြစ်ခဲ့ပြီးပါပြီ။ ပထမကလေးငယ်တစ်ယောက်ကွင်းထဲဝင်လာတယ်။ နောက် သုံး လေးယောက်လောက် ထပ်ပြီးဝင်လာခဲ့တယ်။ ဒီလိုသာ ဘယ်လိုလူမျိုးမဆို အဆီးအတားမရှိဝင်ရောက်ခွင့်ရနေရင် ကျွန်တော်တို့ ဘာဖြစ်လာမယ်ဆိုတာ ဘယ်သူမှမပြောနိုင်တဲ့ အနေအထားကို ရောက်သွားမှာပါ။ ၂၀၀၉ ပြင်သစ်အိုးပင်းမှာလည်း ကျွန်တော်ဒီဖြစ်ရပ်မျိုးကြုံတွေ့ခဲ့ရသေးတယ်။ မနေ့က ဖြစ်ရပ်ကိုအခြေခံပြီး တစ်ခုခုတော့အလျင်အမြန် အကောင်အထည်ဖော်ဖို့ကောင်းပြီလို့ ကျွန်တော်ယူဆတယ်လေ။ ဒါက ကျွန်တော့်အတွက်ဆိုတာထက် ကစားသမားတွေအားလုံးရဲ့ ကိုယ်စားပြောပေးတာပါ။ လုံခြုံရေးသမားတွေကို ကွင်းထဲမှာချထားပေးပေမယ့် ကိုယ့်အလုပ်ကို တာဝန်ကျေကျေ ဆောင်ရွက်တာမျိုး အားနည်းနေကြတယ်" ဟု ပြောကြားခဲ့သည်။

၂၀၀၉ ပြင်သစ်အိုးပင်းဗိုလ်လုပွဲအဖြစ် ဖက်ဒဲရာနှင့် ရော်ဘင်ဆိုဒါလင်တို့ ယှဉ်ပြိုင်နေစဉ် ယခုကဲ့သို့ပင် ကွင်းအတွင်းသို့ လူတစ်ဦးဝင်ရောက်လာခဲ့ဖူးပြီး နာဒဲလ်နှင့် ဒေးဗစ်ဖာရာတို့ ယှဉ်ပြိုင်ခဲ့သည့် ၂၀၁၃ ဗိုလ်လုပွဲတွင်လည်း အလားတူဖြစ်ရပ်မျိုးဖြစ်ပွားခဲ့သေးသည်။

# မြန်မာအမျိုးသားဂေါက်သီးရိုက်အသင်း မလေးရှားနိုင်ငံသို့ထွက်ခွာ

ရန်ကုန် မေ ၂၅

၂၀၁၅ ခုနှစ် မေ ၂၁ ရက်မှ ၂၄ ရက်အထိ မလေးရှားနိုင်ငံ Kelab Golf Sarawak တွင်ကျင်းပမည့် "The 113th Malaysian Amateur Open 2015" ပြိုင်ပွဲ နှင့် မေ ၂၆ ရက်မှ ၂၈ ရက်ထိ Saujana Golf & Country Club တွင်ကျင်းပမည့် "MPI Saujana Amateur Championship 2015" ပြိုင်ပွဲများပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန် ခေါင်းဆောင်သော မြန်မာအမျိုးသား ဂေါက်သီးရိုက်အသင်းသည် မေ ၁၈ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မလေးရှားနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာအမျိုးသားဂေါက်သီးရိုက်အသင်းအား မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာဂေါက်သီးရိုက်အသင်းတွင် အသင်းအုပ်ချုပ်သူ/နည်းပြအဖြစ် ဦးအောင်လှဟန်နှင့် အမျိုးသားအားကစားသမားများအဖြစ် မောင်မောင်ဦး၊ ဇင်မင်းသူ၊ ဟိန်းစည်သူနှင့် သီဟမျိုးဆက်တို့ လိုက်ပါသွားကြောင်းသိရသည်။ **(အောက်ပုံ)**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်အနေဖြင့် စင်ကာပူနိုင်ငံတွင် လက်ခံကျင်းပမည့် ၂၀၁၅ ခုနှစ် (၂၈) ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဂေါက်သီးအားကစားဖြင့် နိုင်ငံ့ဂုဏ်မြင့်တင်ပေးနိုင်ရေး ရည်မှန်းချက်ဖြင့် နိုင်ငံတကာဖိတ်ခေါ် ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်းသိရသည်။

**ဖိုးသော်ဇင်**



## အားကစားလောက သတင်းတိုများ

- စတုတ်စီးတီးအား လီဗာပူးက ခြောက်ဂိုး-တစ်ဂိုးဖြင့်ရှုံးနိမ့်ရာ လီဗာပူးနည်းပြ ဘရန်ဒန်ရော်ဂျာက အဆိုပါ စိတ်ပျက်ဖွယ်အရှုံးအတွက် ပရိသတ်များအား တောင်းပန်ခဲ့သည်။
- ဟားလ်စီးတီးနည်းပြ စတိဗ်ဘရုစ်က အသင်း၏စွမ်းဆောင်ရည်မှာ ပရီမီယာလိဂ်တွင် တင်ကျန်လောက်အောင် မကောင်းခဲ့ဟု ဝန်ခံခဲ့သည်။
- မန်စီးတီးနည်းပြ ပယ်လီဂရီနီက သူ၏ အနာဂတ်နှင့်ပတ်သက်၍ သံသယမရှိကြောင်းဆိုခဲ့သည်။
- မန်ယူကဂိုးသမားဒီဂီယာအား ရီးယဲလ်မှ ခေါ်ယူလိုလျှင် အစားထိုးရန်အတွက် ရီးယဲလ်ဂိုးသမားနာဗက်စ်အား ပြန်လည် ခေါ်ယူချင်သည် အကြောင်းပြန်ထားသည်။
- ဘာစီလိုနာသည် အနိုင်မယူနိုင်လောက်အောင်ခက်ခဲသည့် ပြိုင်ဘက်ဟု ဂျူဗင်တပ်အသင်းခေါင်းဆောင် ဘတ်ဖွန်က ချီးကျူးခဲ့သည်။
- ရီးယဲလ်အသင်းကဲ့သို့ ကစားသမားကောင်းများစွာ ပိုင်ဆိုင်ထားသောအသင်းကို ကျော်လွန်ကာ လာလီဂါဖလားရရှိခဲ့သည့်အတွက် အင်မတန်ဂုဏ်ယူမိသည်ဟု ဘာစီလိုနာနည်းပြက ဖွင့်ဟခဲ့သည်။
- ဝက်စ်ဘရွန်းနှင့်ပွဲတွင် ဟက်ထရစ်သွင်းယူနိုင်ခဲ့သော ဝဲလ်ကော့အား အာဆင်နယ်က အဆိုပါကစားသမားကို ဟက်ထရစ်ဂိုးသွင်းနိုင်ခဲ့၍မဟုတ်ဘဲ အသင်းတွင် အမြဲတမ်းရှိစေချင်သည့်ဆန္ဒမှာ ယခင် ကတည်းကပင်ရှိကြောင်း နည်းပြဝင်းဂါးက ဆိုခဲ့သည်။

**မေလဲ့သင်း - စုစည်းသည်။**

# လာမည့်ဘောလုံးရာသီတွင်ချယ်လ်ဆီးကို သွေးသစ်လောင်းသွားရန် မော်ရင်ဟိုစီစဉ်




ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက နောက်နှစ်ဘောလုံးရာသီတွင် လက်ရှိချန်ပီယံအသင်းသားများကို ဖိအားပေးသည့်အနေဖြင့် ကစားသမားသစ်များထပ်မံခေါ်ယူကာ ယှဉ်ပြိုင်မှုမြင့်မားသည့် ပုံစံဖြင့် ပိုမိုအားကောင်းသော ကစားသမားအင်အားစာရင်းရရှိအောင် အားဖြည့်သွားမည်ဟုဆိုခဲ့သည်။

ချယ်လ်ဆီးသည်ယခုနှစ်တွင် ပရီမီယာလိဂ်ဖလားချန်ပီယံဘွဲ့ကို ကစားချိန် ၂၇၄ ရက်ဖြင့် စံချိန်တင်ရရှိခဲ့သော်လည်း နည်းပြမော်ရင်ဟိုက အသင်းမှထွက်ခွာရန်သေချာနေသည့် တိုက်စစ်မှူးဒရော့ဘာ၊ အသင်းပြောင်းရွှေ့ရန် နီးစပ်နေသည့်ဂိုးသမား ပီတာချက်တို့နေရာတွင် ကစားသမားသစ်များအစားထိုးဖြည့်ဆည်းနိုင်မှသာ လက်ရှိချန်ပီယံဘွဲ့ကို ဆက်လက်ကာကွယ်နိုင်မည်ကို သိရှိထားသည်။

"ကျွန်တော်တို့ရဲ့ပြိုင်ဘက်အသင်း သုံး၊ လေးသင်းလောက်က ချန်ပီယံဆုကို စိန်ခေါ်ဖို့အတွက် အပြိုင်အဆိုင်ကြိုးပမ်းနေချိန်မှာ ကိုယ့်အသင်းကိုပိုကောင်းတဲ့လူစာရင်း၊ တောင့်တင်းတဲ့နည်းဗျူဟာအခင်းအကျင်း၊ ကျွန်တော်ကိုယ်တိုင်လည်းပိုပြီး တိုးတက်နေအောင်ကြိုးဆနေရမှာဖြစ်ပါတယ်။ ဖြစ်နိုင်တာကတော့ ဖိအားအောက်ရောက်နေမယ့် ကျွန်တော့်ကစားသမားတွေကို သွေးသစ်ထပ်လောင်းပေးရမှာပါ။အသင်းသားတွေက ကျွန်တော့်အကြောင်းသေချာသိနေတော့ နောက်နှစ်မှာသူတို့ဒီအနေအထားအတိုင်းနေရာရချင်မှရမယ်ဆိုလည်းသိနေပါတယ်။ ကျွန်တော်တို့အသင်းကို အချို့လူတွေက ကစားကွက်အခင်းအကျင်းမကောင်းဘဲ ရလဒ်ပဲကောင်းအောင်ကစားတတ်တဲ့အသင်းလို့ဝေဖန်နေကြပါတယ်။ ဒါကမမှန်ပါဘူး။ ချယ်လ်ဆီးဟာ အခြားအသင်းနဲ့မတူတဲ့ အင်အားကြီးမားတဲ့ စိတ်ဓာတ်ခွန်အားမျိုးပိုင်ဆိုင်ထားတဲ့အသင်းဖြစ်တယ်ဆိုတာ သူတို့မသိရှိကြလို့ပြောတာမျိုးလို့ ထင်ပါတယ်" ဟု မော်ရင်ဟိုက ဆိုခဲ့သည်။

မော်ရင်ဟိုက ချယ်လ်ဆီးသို့ပြန်လည်ရောက်ရှိလာခြင်းမှာ ၎င်းအတွက်စိန်ခေါ်မှုအသစ်တစ်ရပ်ဖြစ်ခဲ့ပြီး အသင်းကို သွေးသစ်လောင်းကာ ပြန်လည်တည့်မတ်ပေးနိုင်ခဲ့သည့်အတွက် ချန်ပီယံဆုကို တစ်ကျော့ပြန်ရရှိခဲ့ခြင်းဖြစ်သည်ဟုလည်း သူ၏ ယုံကြည်မှုကိုထုတ်ဖော်ပြောကြားခဲ့သည်။

# ဖယ်လ်ကာအိုအား မန်ယူ လက်လွှတ်မည်

မန်ယူက တိုက်စစ်မှူးဖယ်လ်ကာအိုရဲ့ တစ်နှစ်အငှားစာချုပ်ကို သက်တမ်းထပ်တိုးဖို့ ဒါမှမဟုတ် အမြဲတမ်း စာချုပ်ချုပ်ဆိုခေါ်ယူဖို့အတွက် အခွင့်အရေးရခဲ့ပေမယ့် ကမ်းလှမ်းမှု တစ်စုံတစ်ရာထပ်မံမပြုခဲ့တဲ့အတွက် တိုက်စစ်မှူးဖယ်လ်ကာအိုဟာ မိခင်ကလပ်မိုနာကိုအသင်းကို ပြန်ရတော့မှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နွေရာသီအပြောင်းအရွှေ့ကာလ ပိတ်ခါနီးအချိန်မှာ မန်ယူက ဖယ်လ်ကာအိုကို တစ်နှစ် အငှားလုပ်ခလစာအတွက် ပေါင် ခြောက်သန်းနဲ့ ခေါ်ယူခဲ့ပြီး သူ့ကိုအပြီးသတ်ခေါ်ယူမယ်ဆိုရင် ပြောင်းရွှေ့ကြေးပေါင် ၄၃သန်းပေးချေရဖို့ ရွေးချယ်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

ဒါပေမယ့်လက်ရှိမှာ ကိုလံဘီယာတိုက်စစ်မှူးဟာ ခြေစွမ်းပိုင်းကျဆင်းနေပြီး မန်ယူအတွက်ပွဲပေါင်း ၂၉ ပွဲဝင်ကစားခွင့်ရချိန်မှာ လေးဂိုးသာ သွင်းယူနိုင်ခဲ့ပါတယ်။ နောက်ဆုံးဝင်ကစားခဲ့တဲ့ ၁၃ ပွဲမှာ တစ်ဂိုးမှမသွင်းယူနိုင်ခဲ့တာဟာ နည်းပြဗန်ဟားလ်အနေနဲ့ သူ့ကိုခေါ်ယူဖို့ လက်တွန့်သွားတဲ့အကြောင်းတစ်ချက်ဖြစ်ပါတယ်။ ဒါ့အပြင် လုပ်ခလစာမြင့်မားသလို ပြောင်းရွှေ့ကြေးကြီးမြင့်တဲ့ ကစားသမားဖြစ်တာကြောင့် သူ့ကို မန်ယူက လက်လွှတ်လိုက်တာဖြစ်ပါတယ်။

မေ ၂၅ရက်မှာ ဗန်ဟားလ်က "ဖယ်လ်ကာအိုဟာ ထိပ်တန်းပရော်ဖက်ရှင်နယ် အရည်အသွေးရှိတဲ့ကစားသမားဖြစ်သလို ကောင်းမွန်တဲ့ စရိုက်ရှိတဲ့သူပါ။ အားလုံးရဲ့ကိုယ်စားကျွန်တော်ပြောချင်တာကအနာဂတ်မှာ သူကောင်းမွန်တဲ့အရာတွေကို ပိုင်ဆိုင်နိုင်ပါစေ" ဟု MUFC.comမှတစ်ဆင့်ပြောကြားခဲ့သည်။

ဖယ်လ်ကာအိုဟာ လက်ရှိမှာ တစ်ပတ်လုပ်ခပေါင် ၂၆၅၀၀၀ရရှိနေပြီး ပေါ်တိုနဲ့ အက်သလက်မှာ စုစုပေါင်းပွဲ ၂၀၀ ဝင်ကစားခဲ့ရာမှာ ၁၅၅ဂိုးအထိသွင်းယူနိုင်ခဲ့ပေမယ့်လည်း ၂၀၁၄ ဇန်နဝါရီက ရရှိခဲ့တဲ့ ဒူးဒဏ်ရာက သူရဲ့အကောင်းဆုံးပုံစံကိုပျောက်ဆုံးသွားစေခဲ့ပါတယ်။

# လမ်းမတော်မြို့နယ်တွင် သစ်ပင်လဲကျပြီး ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပွား

**ရန်ကုန် မေ ၂၅**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် (၉)ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် ဖိုးရာဇာလမ်းထောင့်ရှိ အမြင့် ၂၅ ပေ၊ လုံးပတ် သုံးပေခန့်ရှိ ဗာဒံပင်မှာ မေ ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲက မိုးရေကြောင့် မြေပျော့၍ လျှပ်စစ်ခတ်ကြိုးများပေါ်သို့ လဲကျပြီး ဗိုလ်ချုပ်လမ်းပေါ်သို့ ကန့်လန့်ဖြတ်လဲကျကာ ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပွားခဲ့သည်။



သစ်ပင်လဲကျမှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ အနီးရှိခတ်တိုင်အောက်တွင် ရပ်ထားသည့် ပရိုဘောက်အဖြူရောင် အငှားယာဉ်ပေါ်သို့ ကျိုးကျပိမိခဲ့သဖြင့် တန်ဖိုးငွေကျပ် နှစ်သိန်းဖိုးခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့သဖြင့် လမ်းမတော်မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့တော်စည်ပင်သာယာအဖွဲ့ဝင်များနှင့် မြို့နယ်လျှပ်စစ်ဝန်ထမ်းများက ဝိုင်းဝန်းရှင်းလင်းဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၁ နာရီခွဲတွင် ရှင်းလင်းပြီးစီးခဲ့သည်။

**ကြေးမုံ**

# နတ်မောက်မြို့တွင် မီးလောင်မှုဖြစ်ပွား ဆိုင်ခန်းရှစ်ခန်း မီးလောင်ဆုံးရှုံး

**နတ်မောက် မေ ၂၅**

နတ်မောက်မြို့ ရန်အောင်မြင်ရပ်ကွက်ရှိ မြရတနာကားဂိတ်အနီး၌ မေ ၂၄ ရက် ည ၁၂ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့ရာ သွပ်မိုး၊ ထရံကာ မြေစိုက်ဆိုင်ခန်း ရှစ်ခန်း မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစောမောင်နှင့်အဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများ စုပေါင်းကာ မြို့နယ်မီးသတ်ယာဉ်ခြောက်စီး၊ မြို့မကွက်သစ်ရပ်ကွက် အရန်မီးသတ်ရေသယ်ယာဉ် တစ်စီး၊ မြို့နယ်စည်ပင် ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် မြရတနာကားဂိတ် အဆောက်အအုံတစ်လုံး၊ ရေဒီယိုကက်ဆက် ပြုပြင်ရေးဆိုင်တစ်ဆိုင်၊ ဆံပင်အလှပြင်ဆိုင်နှစ်ဆိုင်၊ ထမင်းဆိုင်တစ်ဆိုင်၊ သံပန်းသံတံခါးပြုပြင်ရေးဆိုင် တစ်ဆိုင်၊ ဆိုင်ကယ်ပြုပြင်ဆိုင် တစ်ဆိုင်၊ ရန်အောင်မြင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတို့ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ စစ်ဆေးခဲ့ရာ မသိဂီ(၄၇)နှစ် နတ်မောက်မြို့နေသူ၏ ဆံပင်အလှပြင်ဆိုင်ခန်းတွင် အသုံးပြုသော ထမင်းပေါင်းအိုး၊ ပန်ကာစသည့် လျှပ်စစ်ပစ္စည်းများ အသုံးပြုရာမှ အပူလွန်ကဲပြီး မီးကူးစက်လောင်ကျွမ်းခြင်း ဖြစ်ကြောင်း စစ်ဆေးသိရှိခဲ့သဖြင့် မီးလောင်မှုနှင့်ပတ်သက်၍ မသိဂီအား နတ်မောက်မြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# ကလေးမြို့ မီးလောင်ဆုံးရှုံးမှု ပထမလေးလပတ်ကာလအတွင်း ယခင်နှစ်ထက် တန်ဖိုးများပြား

**ကလေး မေ ၂၅**

ကလေးမြို့ မီးလောင်မှုဖြစ်ပွားနှုန်းအနေဖြင့် ယခင် ၂၀၁၄ ခုနှစ်ထက် ယခုနှစ် မေလအထိ မီးလောင်မှုတွင် ဆုံးရှုံးမှုတန်ဖိုးများပြားခဲ့ပြီး ယခင်နှစ်က တစ်နှစ်လုံး မီးလောင်မှုနှင့် ယခုနှစ် လေးလပိုင်းအထိ မီးလောင်မှုနှုန်းသည် အရေအတွက် တူလာပြီး ယခင်နှစ်မီးလောင်မှုကို နှစ်ချုပ်တွက်ကြည့်လျှင် ဆုံးရှုံးမှုတန်ဖိုးမှာ ငါးသိန်း မပြည့်ခဲ့သော်လည်း ယခုနှစ်မီးလောင်မှုမှာ အကြိမ်အရေအတွက် တူသော်လည်း ဆုံးရှုံးမှုတန်ဖိုးမှာ ၁၀ သိန်းကျော်သွားပြီဖြစ်ကြောင်း သိရသည်။

"မီးလောင်မှုတွေ အရင်နှစ်ကထက်များတာက လူတွေအနေနဲ့ မီးကိုပေါ့ဆစွာသုံးစွဲလို့ လောင်ကြတာက များပါတယ်။ နောက်ပြီး မီးသတ်ဦးစီးဌာနက ထုတ်ပြန်ထားတဲ့ကြေညာချက်တွေကို လိုက်နာမှုအားနည်းလို့ မီးလောင်ဆုံးရှုံးမှုတွေဖြစ်ရတာပါ"ဟု ကလေးခရိုင်မီးသတ်တပ်ဖွဲ့ဦးစီးအရာရှိ ဦးဘုန်းအဲရ်က ပြောသည်။

ကလေးမြို့နယ်အတွင်း မီးဘေးအန္တရာယ် ကာကွယ်တားဆီးနိုင်ရေးအတွက် မီးသတ်ယာဉ် ၁၅ စီးထားရှိပြီး မီးဘေးကာကွယ်ရေးလုပ်ငန်း များကိုလည်း ပညာပေးလုပ်ကိုင်နေကြောင်း၊ ယခင် ၂၀၁၄ ခုနှစ်တွင် ကလေးမြို့တွင်း မီးလောင်မှုပေါင်း လေးကြိမ်ရှိခဲ့ပြီး ခန့်မှန်းတန်ဖိုးဆုံးရှုံးမှုမှာ ကျပ် ၄၇၄၄၀၀ ရှိခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် မေလအထိ ကလေးမြို့တွင် မီးလောင်မှုပေါင်း ငါးမှု ရှိခဲ့ပြီး စုစုပေါင်းဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် ၁၅သိန်းကျော် ရှိနေပြီဖြစ်ကြောင်း သိရသည်။

**လင်းလက်ကြယ်စင်**

# သုံးခွမြို့တွင် ဆိုင်ကယ်နှစ်စီးမျက်နှာချင်းဆိုင် တိုက်မိ

**သုံးခွ မေ ၂၅**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် မေ ၂၂ ရက် နံနက် ၉ နာရီ ၁၀ မိနစ်ခန့်က ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိပြီး နှစ်ဦးစလုံး ဒဏ်ရာများရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ အမှတ်(၄)ရပ်ကွက် ခရမ်းသုံးခွကားလမ်း၊ ဥက္ကံဝတံတား ကုန်းဆင်းတွင် အရှေ့မှ အနောက်သို့ စိန်လွင်(၃၅)နှစ် ကျောင်းကုန်းကျေးရွာ သုံးခွမြို့နယ်နေသူမောင်းနှင်လာသော Feiling (မီးလင်း) 110 အနက်ရောင် ဆိုင်ကယ်နှင့် အနောက်မှ အရှေ့သို့ မောင်းနှင်လာသော ချစ်သျှားဦး(ခ)အောင်ပု(၂၇)နှစ် သခွတ်ကုန်းကျေးရွာ သုံးခွမြို့နယ်နေသူ မောင်း နှင်လာသော JLM 125 အနက်ရောင်တို့ မျက်နှာချင်းဆိုင်တိုက်မိပြီး နှစ်ဦးစလုံး ဒဏ်ရာရရှိသွား၍ သုံးခွဆေးရုံမှတစ်ဆင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ဆေးကုသလျက်ရှိကြောင်းသိရသည်။

**ကိုကျော်(သုံးခွ)**

# ဆိုင်ကယ်လိုက်လံရောင်းချနေသူကို မသင်္ကာ၍စစ်ဆေးရာ ဆိုင်ကယ်ခိုးမှုပေါ်ပေါက်

**ဒလ မေ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူဌာနမှ တပ်ဖွဲ့ဝင်များသည် မေ ၂၁ ရက် နံနက် ၁၁ နာရီခန့်က ဒလမြို့ ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်း၌ AIMO-125 အစိမ်းရောင် ဆိုင်ကယ်တစ်စီးအား လိုက်လံရောင်းချနေသူ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်နေ ကိုဦး(ခ) မောင်ဇော်(ခ) ကျော်သူဦး (၃၈)နှစ်အား တွေ့ရှိခဲ့ သဖြင့် ၎င်းအားစစ်မေးရာ မေ ၁၈ ရက် မွန်းလွဲ ၁ နာရီခန့်က တွံတေးမြို့နယ် ရွှေဆံတော်ရပ်ကွက် မြို့ရှောင်လမ်းရှိ စားသောက်ဆိုင်ရှေ့မှ ခိုးယူခဲ့ခြင်းဖြစ်ကြောင်း သိရသဖြင့် ဒလမြို့မရဲစခန်းက အရေးယူဆောင်ရွက် ခဲ့ကြောင်း သိရသည်။

**၀၄၀**

**အမည်မှန်**

တောင်ကြီးမြို့၊ အေးသာယာ၊ အလက(၃)တွင် ပညာသင်ကြားနေသော ဦးမျိုးကျော်၏သား မောင်ဇင်မင်းထွဋ်၏ အမည်မှန်မှာ မောင်ဇေယျာအောင် ဖြစ်ပါသည်။

**မောင်ဇေယျာအောင်**

## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကို ပြည်တွင်းသုံးငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က) ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းသုံးပစ္စည်း 1Lot

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၅-၅-၂၀၁၅ ရက်မှ ၁၃-၆-၂၀၁၅ရက်ထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၅-၆-၂၀၁၅ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ကာလထက် ကျော်လွန်ပေးပို့လာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၀၃၅၊ ၀၆၇-၇၉၄၁၁**

## ပဲခူးတိုင်းဒေသကြီး
## လမ်းဦးစီးဌာန၊ ပြည်ခရိုင်
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ပြည်ခရိုင်အတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့် လမ်းတံတားလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်း၊ သစ်မာ အခြားသော ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါလျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြော်ငြာ အပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါပိတ်မည့်ရက်၊ အချိန် | - | ၁၀-၆-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) (၁၆း၀၀)နာရီ |
| တင်ဒါရွေးချယ်မည့်အချိန် | - | ၁၁-၆-၂၀၁၅ ရက် (ကြာသပတေးနေ့)၊ နံနက် ၉ နာရီ |
| တင်ဒါရွေးချယ်မည့်နေရာ | - | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ပြည်ခရိုင်၊ ပြည်မြို့ |

တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ပြည်ခရိုင်၊ ပြည်မြို့တွင် ၂၆-၅-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လမ်းဦးစီးဌာန**
**ပြည်ခရိုင်၊ ပြည်မြို့**
**ဖုန်း-၀၅၃-၂၄၂၄၂၊ ၀၅၃-၂၄၁၀၄**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ လမ်းဦးစီးဌာန၊ ယခင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သောအောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | စဉ် | ပစ္စည်းအမျိုးအမည် |
|---|---|---|---|
| (၁) | ၆"-၉" | (၄) | ဘိလပ်မြေ |
| (၂) | ဘောလုံးကျောက် | (၅) | အုတ် |
| (၃) | ကျောက်စရစ် | (၆) | သဲ |

| | | |
|---|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | ၂၆-၅-၂၀၁၅ ရက် |
| တင်ဒါပိတ်မည့်ရက်/အချိန် | - | ၁၀-၆-၂၀၁၅ ရက်၊ မွန်းလွဲ ၁၃း၀၀နာရီ |
| တင်ဒါဖွင့်မည့်ရက်/အချိန် | - | ၁၀-၆-၂၀၁၅ ရက်၊ မွန်းလွဲ ၁၅း၀၀နာရီ |
| တင်ဒါဖွင့်မည့်နေရာ | - | လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး (ယခင်ခရိုင်အင်ဂျင်နီယာမှူးရုံး)၊ သတ္တဌာနလမ်း၊ စစ်တွေမြို့ |

တင်ဒါလျှောက်လွှာပုံစံစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို စစ်တွေခရိုင်၊ လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူ နိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၄၃-၂၁၀၆၅**




# မြန်မာစီးပွားရေးဖိုရမ်ကျင်းပ၍ ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာများဆွေးနွေး

**မန္တလေး မေ ၂၅**

မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှကြီးမှူး၍ မြန်မာစီးပွားရေးဖိုရမ်ကိုမေ ၂၂ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်းသိရသည်။

ယင်းဆွေးနွေးပွဲသို့ တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဝင်များ၊ ညီနောင်အသင်းများမှ အသင်းဝင်များ၊ မုံရွာ၊ မြင်းခြံ၊ မိတ္ထီလာမှ ပွဲစားကုန်သည်များ၊ စက်မှုဇုန်များမှ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းအောင်က မြန်မာစီးပွားရေးဖိုရမ်ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် အသင်းတွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာသက်သက်ခိုင်က ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်စေရန်နှင့် အထောက်အပံ့ဖြစ်စေရန် မြန်မာစီးပွားရေးဖိုရမ်ကျင်းပရခြင်းနှင့် လုပ်ထုံးလုပ်နည်းများပြောင်းလဲပြီး နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့် ရင်ပေါင်တန်းလာစေနိုင်ရန်၊ ပုဂ္ဂလိကလုပ်ငန်းများ အခက်အခဲများကို နိုင်ငံတော်သို့ အကြံပြုတင်ပြရန်အတွက် ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတကာဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) မှ စီးပွားရေးပညာရှင်က နိုင်ငံတကာအတွေ့အကြုံများနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် မြန်မာစီးပွားရေးဖိုရမ် အတွင်းရေးမှူးရုံးအဖွဲ့မှ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့ကိုဖွဲ့စည်းကာအစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုများအား ရှင်းလင်းတင်ပြခဲ့သည်။ ယင်းနောက် တက်ရောက်လာသော စီးပွားရေးလုပ်ငန်းရှင်များက လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၊ ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတင်ပြကြပြီး မြန်မာစီးပွားရေးဖိုရမ်ကို တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ရေရှားပါးသောကျေးရွာများသို့သောက်သုံးရေလှူ



**သာစည် မေ ၂၅**

မိတ္ထီလာခရိုင် သာစည်မြို့နယ်တွင် နွေရာသီကာလ သောက်သုံးရေရှားပါးသောကျေးရွာများကို လူမှုရေးအသင်းအဖွဲ့ဖြစ်သော စေတနာရှင် လူမှုကူညီရေးအသင်းမှလည်း ကျေးရွာများ သောက်သုံးရေအဆင်ပြေနိုင်ရေးအတွက် ရေကားဖြင့် သွားရောက်လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် မေ ၂၃ ရက် နံနက် ၁၀ နာရီက အောင်သာကျေးရွာအုပ်စု အောင်မြင်သာကျေးရွာသို့ သောက်သုံးရေလှူဒါန်းခဲ့သည်။ စေတနာရှင် လူမှုကူညီရေးအသင်းသည် ပထမအကြိမ်အဖြစ် သမန်းကျားကျေးရွာနှင့် ယခုဒုတိယအကြိမ်အဖြစ် အောင်မြင်သာကျေးရွာတို့တွင် ပီပါစည် ၅၀ ဆံ့ ရေသယ်ကားဖြင့် လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ယင်းသို့ သောက်သုံးရေရှားပါးသောကျေးရွာများသို့ မြို့နယ်တာဝန်ရှိသူများက သောက်သုံးရေရရှိရေးအတွက် ရေတွင်းများတူးဖော်ပေးခြင်း၊ ရေကားများဖြင့်သယ်ဆောင်ကာ သွားရောက်ပေးဝေလှူဒါန်းခြင်းများလည်းရှိသည်။

**ထွန်းထွန်း(သာစည်)**

# မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ

**မကွေး မေ ၂၅**

မကွေးတိုင်းဒေသကြီး မကွေးမြို့ အောင်မင်္ဂလာရပ်ကွက် အ. ထ. က (၁)လမ်းရှိ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၁၅ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ (၁၈)ကြိမ်မြောက်အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲအား မေ ၂၃ ရက် နံနက်၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲသို့ မကွေးတိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဒုဥက္ကဋ္ဌ မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လူလူသန်း၊ အတွင်းရေးမှူး ယာယီရဲမှူးကြီး အောင်စိုးဝင်း၊ ခရိုင်မှူး၊ စိတ်၊ တားအဖွဲ့ဒုဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မင်းဟန်၊ တွဲဘက်အတွင်းရေးမှူး ဒုရဲမှူးညွှန့်ဝင်း၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များ၊ ဆုရွေးချယ်ရေးဆပ်ကော်မတီဝင်များ၊ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၈၀ ဦးခန့်တက်ရောက်ခဲ့သည်။

ပန်းချီပြိုင်ပွဲတွင် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် စုစုပေါင်း ကျောင်းသား ၃၁ ဦး၊ ကျောင်းသူ ၂၅ ဦး၊ စုစုပေါင်း ၅၆ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

မေ ၂၄ ရက် နံနက် ၉ နာရီတွင် ပိုစတာပြိုင်ပွဲနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲအား ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**



ဘုရားကြီးမြို့၏ မော်လမြိုင်-မန္တလေး-ရန်ကုန်လမ်းဆုံမီးပွိုင့်သည် အလွန်ကျဉ်းမြောင်းနေသဖြင့် ကုန်တင်ယာဉ်ကြီးများ အခက်ခဲတွေ့နေကြောင်း သိရသည်။ **အောင်ကြီး(ပဲခူး)**

**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ခုတင်(၃၀၀)သင်ကြားရေးဆေးရုံကြီး၊ မန္တလေးမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကုသရေးဦးစီးဌာန၊ မန္တလေးမြို့၊ ခုတင်(၃၀၀)သင်ကြားရေးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသည့် လူနာများအား ကုသပေးရန် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။
၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၁-၆-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၅-၆-၂၀၁၅ရက်၊ ညနေ ၄း၀၀နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီး
ခုတင်(၃၀၀)သင်ကြားရေးဆေးရုံကြီး၊ မန္တလေးမြို့။
၆၂-လမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း ၀၂-၈၀၃၉၁၊ ၀၂-၈၀၃၄၀

MANDALAY technology
Technologies for Development
obm0ywfefu ifqkdm GIS ESf Google Earth
tokdoifwef
- 2015 ckESf Zefv (6)&ufrS (28)&uftxd (pae? we*aE)
- MCPA / MES / NGO rsm;ESifh tpdk;0efxrf;rsm;? ausmif;om;
rsm; oifwef;ckdu;20% avQmhay;yrnf
Mandalay Technology
taqmif(1)? tcef;(7)? MICT Park vdIif? &efukef
zkef;01-652285? 652286

သစ်တောနဲ့ သစ်ပင်ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မိတ်ဆွေအားသာရွာ၊ ... Virgin Land နှင့် အိုးသွားရို...
* ပြည်တွင်း၊ ပြည်ပ သီးသန့် ခရီးစဉ်များ စီစဉ်ပေးခြင်း။
* ပြည်တွင်း၊ ပြည်ပ ဟိုတယ် Booking စီစဉ်ပေးခြင်း။
* ဗီဇာလျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်း။
* မြို့တွင်း၊ မြို့ပြင် ကားစီးလုံးငှားရမ်းခြင်း။
Ph : 01-8610252, 09-5123793, 09-261027002

လှိုင်မင်းလတ်
စာရင်းကိုင်သင်တန်း Nov Series / 2015
June-13 စမည်။
LCCI, MYOB, IFR

| Level I+II | သင်တန်းချိန် | Level III | |
|---|---|---|---|
| Sec(A) Sat+Sun | 7-9 (am) | Sec(A) Sat-Sun | 3- 8 pm |
| Sec(B) Sat+Sun | 9-11(am) | Sec(B) Wed-to-Sun | 6-8 pm |
| Sec(C) Sun | 11-3(pm) | Sec(C) Tue-to-Fri | 9-12 am |
| Sec(D) Mon+Tue | 6-8 (pm) | ခုံနံပါတ်ယူ ကျောင်းအပ်နိုင်ပြီ | 09 510 9922 |
| Sec(E) Mon to Fri | 12-3(pm) | | 0979 510 9922 |
| Sec(F) Sat | 11-3(pm) | | 0997 510 9922 |
| Sec(G) Wed | 11-3(pm) | | |

၃၄ ၊ ၄ လွှာ၊ အင်းစိန်လမ်းမ။ လှည်းတန်း ၊ဂေဟာရွှတ်(လှည်းတန်းမှတ်တိုင်အနီး) 09 7313 6677

လအလိုက် ဆုတောင်းပြည့်ပန်းများ၊ လအလိုက် ဘုရားမတင်အပ်သောပန်းများ၊
လအလိုက် ဆောင်ရွက်သင့်သည့်အရာများ၊ နေအိမ်ရှိ
လအလိုက်စွန့်ပစ်သင့်သည့်ပစ္စည်းများကို အသေးစိတ်ရေးသားဖော်ပြထားပါသည်။
၁၃၇၇-ခုနှစ်
ဝံ-ကလဲဘို
မြန်မာ့ရိုးရာအဋ္ဌဗေဒကိန်း
တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ရာဟု၊ ကြာသပတေး၊ သောကြာ၊ စနေ
ထွက်ပြီ
ပင်ရင်းဖြန့်ချိရေး
အမှတ်(၂၈၆)၊ မြေညီထပ်
လမ်း- ၄၀ (အထက်)၊ ရန်ကုန်မြို့။
ဖုန်း- ၇၀၉၀၃၂၊ ၃၉၁၁၆၉၊
၀၉-၈၆၁၀၄၈၈
မန္တလေးဖြန့်ချိရေး
လူထုကြီးပွားရေးစာအုပ်တိုက်
အမှတ်(၂၂၁)၊
၈၄လမ်းနှင့်၃၃လမ်းထောင့်၊ မန္တလေးမြို့။
ဖုန်း-၀၂-၃၉၇၁၇၊ ၆၀၁၃၆

ရွှေဇနက အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ဖွင့်လှစ်မည့် မြန်မာနိုင်ငံတွင် ပထမဆုံးသော Clinical Engineering Training သင်တန်းအတွက် သင်တန်းသားခေါ်ယူခြင်း

၂၀၁၅ ခုနှစ်၊ ဇွန်လတွင် စတင်ဖွင့်လှစ်မည့် Clinical Engineering Training သင်တန်းအတွက် သင်တန်းသားခေါ်ယူခြင်း Interview ကို ဂျပန်နိုင်ငံ Osaka Jikei College မှ ကိုယ်စားလှယ်ဖြစ်သူနှင့် ရွှေဇနကအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် မှတာဝန်ရှိသူများ မှ ၃၁-၅- ၂၀၁၅ (တနင်္ဂနွေနေ့) နံနက် (၉)နာရီမှ ညနေ (၄)နာရီအထိ ပါရမီအထွေထွေရောဂါကုဆေးရုံကြီး၊ ရန်ကုန်၊ အမှတ်(၆၀/ G-1)၊ ပါရမီလမ်းသစ်၊ ချော်တွင်းကုန်း မီးပွိုင့်အနီး၊ မရမ်းကုန်းမြို့နယ်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

B.E (သို့မဟုတ်) B.Tech ဘွဲ့ရရှိပြီးသူ စိတ်ပါဝင်စားသူမည်သူမဆို ဝင်ရောက်ဖြေဆိုနိုင်ပါသည်။

လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများသည် Clinical Engineering Training တစ်နှစ်သင်တန်းကို မြန်မာနိုင်ငံတွင် (၉) လ နှင့် ဂျပန်နိုင်ငံတွင် (၃) လ တက်ရောက်ခွင့်ရရှိမည်ဖြစ်ပြီး သင်တန်းပြီးမြောက်ပါက ဂျပန်နိုင်ငံ Osaka Jikei College မှ တိုက်ရိုက်ပေးအပ်သော Clinical Engineering Certificate ကို ရရှိမည်ဖြစ်သည်။
အင်တာဗျူးကြေးပေးသွင်းရန်မလိုပါ၊ အခမဲ့ ဖြစ်ပါသည်။
ဆယ်သွယ်ရန် -
GZP Emerald Education Excellence Training Center
( မြ ပညာ့ရိပ်မွန်၊ အသက်မွေးမှုလေ့ကျင့်သင်ကြားရေးကျောင်း)
အမှတ် ၆၂(က)၊ သံသုမာလမ်းမကြီး၊ ကြီးပွားရေးရပ်ကွက်၊ သွား/ဆေးတက္ကသိုလ်အနီး၊ သစ်စက်မှတ်တိုင်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း -၀၁-၈၅၅၀၆၀၈။

(N.G.E.S) အင်္ဂလိပ်စာသင်တန်းများ
- General English For Four Skills
(one month course / two-months course)
- English for Office Management and secretarial skills
[one-month course / two-months course)
- Foundation English for IELTS [ six-months course]
Commencing on 9th June
တန်းခွဲသစ်များ စတင်လက်ခံနေပြီ
အမှတ်(၄၉)၅-လမ်း(လမ်းတို)Junction Mawtin အနီး၊ လမ်းမတော်မြို့နယ်၊
09-5079896,09-5005219,09-799676100



# ကြေးမုံစာအုပ်စင်စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)



## မြန်မာ့ဘဏ္ဍာရေးလုပ်ငန်းနယ်ပယ် ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာများ

လက်ရှိမြန်မာ့ဘဏ္ဍာရေးလုပ်ငန်းဖွဲ့စည်းပုံနှင့် စွမ်းဆောင်မှု၊ လတ်တလောနှင့် လက်ရှိလုပ်ဆောင်နေဆဲပြုပြင် ပြောင်းလဲမှု၊ အနာဂတ် ဘဏ္ဍာရေးလုပ်ငန်းနယ်ပယ်ပြုပြင်ပြောင်းလဲမှု၊ မဟာဗျူဟာ၏ အဓိကအစိတ်အပိုင်းများ၊ ဘဏ္ဍာရေးနယ်ပယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခြင်း၊ အခြားပြုပြင်ပြောင်းလဲမှုများနှင့် ဘဏ္ဍာရေးနယ်ပယ် ပြုပြင်ပြောင်းလဲမှုများ၏ ဆုံမှတ်စသည့် အကြောင်းအရာများကို ကျော်သွင်ကို ဘာသာပြန်ဆိုထားသည်။

စာအုပ်ကို လင်းလွန်းခင်စာပေတိုက် အမှတ် (၆၃)၊ ၅လွှာ(ဝဲ)၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်မှ တန်ဖိုး ကျပ် ၁၂၀၀ ဖြင့် ထုတ်ဝေသည်။



## စာရေးဆရာလောက၊စာရေးဆရာအကြောင်း

စာရေးဆရာတစ်ယောက် သွေးလိုလျှင် မတောင်းခံရဘဲ လက်မောင်းထိုးပေးတတ်ထားမျိုး၊ နိုင်ငံရပ်ခြားရှိ လူမမာစာရင်းပြုစုပြီး ဆေးဖိုးဝါးခလှူဒါန်းခြင်းမျိုးသည် စာရေးဆရာလောကတွင်သာရှိသည်။

စာရေးဆရာဆိုသည်မှာ ပြင်းထန်သည့် ယုံကြည်ချက်ရှိပြီး အလွန်နူးညံ့သော နှလုံးသားရှိသူများဖြစ်သည်။ ခင်ဆွေဦး၊ ရွှေကူမေနှင်း၊ မောင်သိန်းဆိုင်၊ သုမောင်၊ မောင်ညိုပြာ၊ မအိ၊ မောင်တင်ဆင့်၊ ကြည်နိုင်၊ ကိုလေးမြတ်၊ မောင်ဝေဟင်နှင့် စိုးအောင်တို့ ပါဝင်ရေးသားထားသည်။

စာအုပ်ကို လင်းလွန်းခင်စာပေတိုက် အမှတ် (၆၃)၊ ၅လွှာ(ဝဲ) ရေကျော်လမ်းမကြီး ပုဇွန်တောင်မြို့နယ်မှ တန်ဖိုး ကျပ် ၂၀၀၀ ဖြင့် ထုတ်ဝေသည်။



## မြန်မာ့ရိုးရာစကားထာများ

ဆရာမကြီးကြည်ဦး၏ (၆)နှစ်ပြည့် ကွယ်လွန်ခြင်းအမှတ်တရအဖြစ် ထုတ်ဝေထားသော စာအုပ်ဖြစ်သည်။ စာရေးသူက အပျင်းလည်းပြေ၊ ပညာလည်းရ၊ ဉာဏ်လည်းရွှင်၊ စုပေါင်းဆွေးနွေးကစားကြစေလိုသော စိတ်ဓာတ်များပေါ်ပေါက်လာစေရန်၊ အများအကျိုးသယ်ပိုးလိုသော စိတ်ဓာတ်များ တိုးပွားလာစေရန် ရည်ရွယ်၍ စီစဉ်ထုတ်ဝေထားပါသည်။ ဤစာအုပ်တွင်စကားထာများ၊ စကားလိမ်များ၊ စကားဝှက်များ၊ သင်္ချာစကားထာများ၊ ပုစ္ဆာစကားထာများ၊ ပုံပြင်စကားထာများ အစရှိသော ဗဟုသုတဖြစ်ဖွယ် အဖြာဖြာကို ဖော်ပြထားသည်။

စာအုပ်ကို မဇ္ဈိမစာပေ အမှတ် (၁၂၇)၊ ပထမထပ်(ဝဲ)၊ ၃၉-လမ်းအပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၃၉၂၈၃၅၊ ၀၉-၅၀၆၆၈၄၃ မှ တန်ဖိုး ၃၀၀၀ ကျပ်ဖြင့် ဖြန့်ချိထားပါသည်။



## ပြောပြစရာတွေလဲတပုံကြီး(၄)

မြန်မာသံစဉ်နှင့် ပတ်သက်လျှင် ထွန်းပေါက်ကျော်ကြားခဲ့သူ လည်ချောင်းတည်ဆောက်ပုံအရ အသံအနိမ့်အမြင့် အတက်အဆင်း၊ အတိုးအကျယ်ကို လိုသလို အသံထုတ်နိုင်ခဲ့သူ၊ အဆိုပညာနှင့် ပတ်သက်၍ ဆရာတစ်ဆူလိုဖြစ်ခဲ့သူ မာမာအေးက ၎င်း၏ အတွေ့အကြုံများကို ပြန်လည်မျှဝေထားသည်။ မြန်မာသံစဉ်အဆိုဝါသနာပါသူများ လက်ကိုင်ထားရမည့်စာအုပ်၊ ဂီတနှင့် ပတ်သက်လျှင်သမိုင်းမှတ်တိုင်တစ်ခုဟု ဆိုလျှင် လွန်အံ့မထင်။

စာအုပ်ကို လင်းလွန်းခင်စာပေတိုက် အမှတ် (၆၃)၊ ၅ လွှာ(ဝဲ)၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်မှ တန်ဖိုးကျပ် ၂၅၀၀ ဖြင့် ထုတ်ဝေသည်။


















# မကွေးမြို့ပေါ်နှင့် ကျေးလက်ဒေသများ၌ အင်တာနက် လိုင်းမကောင်း၍ သုံးစွဲသူများအခက်အခဲတွေ့

**မကွေး မေ ၂၅**

မကွေးတိုင်းဒေသကြီး မကွေးမြို့ပေါ်နှင့် ကျေးလက်ဒေသများရှိ အများပြည်သူများမှာ ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများနှင့် တခြားလူမှုရေးလုပ်ငန်းများအတွက် အင်တာနက်လိုင်းများ အသုံးပြုကာ သုံးစွဲလုပ်ဆောင်နေမှုများရှိပြီး ယခုရက်များတွင် အင်တာနက်လိုင်းများ လုံးဝမကောင်း၍ အခက်အခဲဖြစ်နေကြောင်း ယင်းဒေသခံများက ပြောသည်။

"ကျွန်တော်တို့သတင်းတိုက်တွေကိုသတင်းအချက်အလက်တွေနဲ့ ဓာတ်ပုံတွေ အချိန်မီရောက်ရှိအောင် အီးမေးလ်နဲ့ပေးပို့ပေးတဲ့အခါ အင်တာနက်က လိုင်းမကောင်းတော့ သတင်းတစ်ပုဒ်ကို နှစ်နာရီသုံးနာရီလောက်အထိ ကြန့်ကြာတဲ့အပြင် တချို့သတင်းတွေမရောက်တာနဲ့ ကြုံတွေ့နေရတယ်။ ဒါတောင် ညပိုင်းဆယ်နာရီနောက်ပိုင်းမှပို့တာ မနက်မိုးလင်းလို့တောင် မရောက်တာရှိတယ်။ ကျွန်တော်တို့မီဒီယာသမားတော်တော်များများက သတင်းတိုက်တွေကို သတင်းအချက်အလက် အချိန်မီပို့ပေးရတဲ့အခါ အင်တာနက်အသုံးပြုပြီးပို့ပေးရတယ်။ အခုလို အိုင်တီခေတ်ကြီးမှာ အင်တာနက်လိုင်းမကောင်း တာနဲ့ကြုံတွေ့ရတော့ အခက်အခဲဖြစ်ရတယ်"ဟု သတင်းထောက်တစ်ဦးက ပြောသည်။

ယခုအခါ မကွေးမြို့ပေါ်နှင့် ကျေးလက်ဒေသများ၌ လူတိုင်းစေ့ ဖုန်းကိုယ်စီကိုင်နိုင်သဖြင့် အင်တာနက်အသုံးပြုသူများမှာ နေ့စဉ် လူဦးရေသိန်းကျော်အထိ များပြားလာသဖြင့် အဝေးရောက်ဆွေမျိုးသားချင်းများနှင့်အပေါင်းအသင်းများထံ အင်တာနက်လိုင်းများဖြင့် ဆက်သွယ်အသုံးပြုမှုများရှိလာသည်။

ယင်းသို့ အသုံးပြုရာတွင် နှောင့်နှေးကြန့်ကြာမှုများကြောင့် အဝေးရောက်သူများနှင့် အဆက်အသွယ် ပြတ်တောက်ကာ လူမှုရေး ပြဿနာများ ပင်ရှိလာကြောင်းယင်းတို့ကပြောသည်။

"တချို့က နေ့စဉ်အင်တာနက်သတင်းဖတ်ရှုနေတာလည်းရှိပါတယ်။သတင်းတွေကိုဒေါင်းလော့ဆွဲကြည့်ဖို့အတွက် လိုင်းမကောင်းတော့စိတ်ပျက်နေကြပါတယ်။ ဒါကြောင့် လိုင်းတွေကောင်းလာမဲ့အချိန်ကိုစောင့်ကြည့်နေရပါတယ်" ဟု ဒေသခံတစ်ဦးကပြောသည်။

**ဇွဲထက်ရှင်**



## ဗို့အားအပြည့်အဝရရှိစေရန် ၃၅ ACS အစား ၉၅ မီလီမီတာဖြင့် ပေ ၁၅၀၀ အစားထိုးလဲလှယ်

**ကျွန်းလှ မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့၌ မြို့တွင်းလျှပ်စစ်ဗို့အား အပြည့်အဝရရှိစေရန် မေ ၂၄ ရက် နံနက်က ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်ရှိ 11 KV လိုင်းကို လိုင်းလော့စက်မကျဆင်းရေးနှင့် ဗို့အားပြည့်စေရန် ၃၅ ACS အစား ၉၅ မီလီမီတာဖြင့် ပေ ၁၅၀၀ ကို အစားထိုးလဲလှယ်ခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"အရင်က 11 KV လိုင်းမှာ ၃၅ ACS ကြိုးသာဆွဲထားတော့ လိုင်းကျဆင်းမှုတွေဖြစ်ပေါ်ပါတယ်။ အခုလို ၉၅ မီလီမီတာကြိုးကြီးတွေ ပြောင်းလဲဆွဲလိုက်တော့ လိုင်းကျဆင်းမှုမရှိတော့ဘဲ ပြည်သူတွေ လျှပ်စစ်ဗို့အား အပြည့်အဝသုံးစွဲနိုင်မှာဖြစ်ပါတယ်" ဟု မြို့နယ်လျှပ်စစ်ဦးစီးမှူး ဦးစန်းအောင်က ပြောပြသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# နိုင်ငံတော်မှချီးမြှင့်သော လူမှုအကျိုးပြုအသင်းအဖွဲ့ဆု ကလေးမြို့ ကာယကံမေတ္တာလူမှုကူညီရေးအသင်းမှ ရရှိ

**ကလေး မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ နေသာပညာဒါနဆရာတော် ဦးဓမ္မိကမှဦးစီးဦးဆောင်ပြုလုပ်ဆောင်ရွက်နေသော ကာယကံမေတ္တာလူမှုကူညီရေးအသင်းကြီးသည် နိုင်ငံတော်သမ္မတမှချီးမြှင့်သော လူမှုအကျိုးပြုအသင်းအဖွဲ့ဆုကိုရရှိခဲ့ကြောင်း သိရသည်။

"အသင်းအဖွဲ့ကြီးကို အဓိကရည်ရွယ်ဖွဲ့စည်းရခြင်းရည်ရွယ်ချက်က ဗုဒ္ဓအလိုကျ ကာယကံမေတ္တာဖြင့် ကလေးဒေသဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံ၊ လူမျိုး၊ ဘာသာယဉ်ကျေးမှု တည်တံ့ခိုင်မြဲစေရန်နဲ့ လူမှုပတ်ဝန်းကျင်တွင် ပရဟိတစိတ်များ တိုးပွားလာစေရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါတယ်။ ကာယကံမေတ္တာ လူမှုကူညီရေးအသင်းကို ဒေသတွင်းပြည်သူတွေရဲ့အသိအမှတ်ပြုမှုအပြင် နိုင်ငံတော်သမ္မတရဲ့ အသိအမှတ်ပြုမှုကိုပါ ခံရတဲ့အတွက် ဂုဏ်ယူမိပေမဲ့ အသင်းအဖွဲ့ကြီးအနေဖြင့် ရှေ့ဆက်လုပ်ရမယ့် ပရဟိတလုပ်ငန်းတွေကို ပုံမှန်အတိုင်းသာ ဆက်လက်လုပ်ဆောင်သွားမှာပါ" ဟုအသင်းနာယကတစ်ဦးဖြစ်သူ ဦးဝင်းမြင့်က ပြောသည်။

ကာယကံမေတ္တာ လူမှုကူညီရေးအသင်း (ကလေးမြို့) အပြင် ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်အရေး၊ လူအိုအရေး၊ သံဃာဘေသဇ္ဇ စသည်တို့ပါဝင်သော အခြားလူမှုလုပ်ငန်းစဉ်ကြီးကိုးခုဖြင့် ကျောင်းသူ၊ ကျောင်းသားများ ကျောင်းစာကို အခလွတ် ကူညီသင်ကြားပေးနိုင်ရန် ပညာဒါနသင်တန်းကျောင်းကြီးကို ၁၉၉၆-၁၉၉၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ဉာတိဗျသန အဆွေအမျိုးပျက်စီးသည့်ဘေးကြောင့် အပူသောကရောက်နေသူတို့အား တစ်စုံတစ်ရာသက်သာစေခြင်းအကျိုးငှာ လက်တွေ့ကျကျ ကူညီနိုင်ရန် အမျိုးဘာသာကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရန် ရည်ရွယ်ချက်ဖြင့် ၂၀၀၁ ခုနှစ် မေ ၆ ရက်တွင် ကာယကံမေတ္တာ လူမှုကူညီရေးအသင်းကို တည်ထောင်ခဲ့သည်။

အချိန်မီ သွေးကောင်းသွေးသန့်မရရှိမှုကြောင့် လူနာများဆုံးရှုံးပျက်စီးသည့်ဘေးမှကူညီကယ်တင်နိုင်ရန် သွေးကောင်း သွေးသန့်ကို လှူဒါန်းနိုင်သည့် သစ္စာဇီဝိတဒါနသွေးလှူရှင်များအသင်းကို ၂၀၀၅ ခုနှစ် ဇွန် ၁၉ ရက်တွင် လည်းကောင်း တည်ထောင်ကာ ရဟန်းသာမဏေများ၏ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရန် ဘေသဇ္ဇဒါနဆေး အလှူရှင် အသင်းကြီးကို ၂၀၀၇ ခုနှစ် ဇူလိုင် ၁ ရက်တွင် တည်ထောင်ခဲ့သည်။ နေသာစာကြည့်တိုက်ကြီးကို ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် စတင်ထူထောင် ဖွင့်လှစ်ခဲ့သည်။ ငွေကြေးမပြည့်စုံမှုကြောင့် ဆေးကုသမှုမခံယူနိုင်သည့်သူများကို ကူညီရန် ကာယကံမေတ္တာကုသိုလ်ဖြစ်ဆေးခန်းကို ၂၀၁၀ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် စတင်တည်ထောင်ကာ နွမ်းပါးသက်ကြီးရွယ်အိုများကို နေအိမ်အရောက် ကူညီစောင့်ရှောက်ပေးခဲ့သည်။

သဘာဝသစ်တောပြုန်းတီးမှုကို ကာကွယ်နိုင်ရန် သစ်ပင်များစိုက်ပျိုးခြင်း၊ ထင်းတစ်ချောင်းထိုးမီးဖိုများ ဆောင်ရွက်ပေးခြင်း၊ အောက်ဆီဂျင်လိုအပ်သောလူနာများကို အောက်ဆီဂျင်ဗူးများရရှိအောင်ဆောင်ရွက်ပေးခြင်း၊ မတော်တဆထိခိုက်မှုများကို လူနာတင်ယာဉ်များဖြင့် ဆေးရုံအရောက်ပို့ဆောင်ပေးခြင်းစသည့် လူမှုရေးနယ်ပယ်တွင် လုပ်ဆောင်သင့်သည့် လုပ်ငန်းများအားလုံးကို နေသာကျောင်းတိုက်၏ ပဓာနနာယကဆရာတော်၊ ဘဒ္ဒန္တဓမ္မိကမှ ဦးဆောင်၍ လုပ်ဆောင်ပေးနေကြောင်း သိရသည်။

**လင်းလက်ကြယ်စင်**







ယာဉ်မောင်းအမြန်အလိုရှိသည်

မှတ်ပုံတင်၊ယာဉ်မောင်းလိုင်စင်၊ သန်းခေါင်စာရင်း (မိတ္တူ)နှင့် လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်

အမှတ်၁၄၁/၁၄၅ ၊ (၉)လွှာ(ဘီ)၊ ဗိုလ်အောင်ကျော်လမ်း အောက်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။



# တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့ ၂၀၁၅ ခုနှစ် တိုင်းဒေသကြီးအဆင့် စံပြရဲ ရေးဖြေစာမေးပွဲ ဖြေဆို

**ထားဝယ် မေ ၂၅**

တနင်္သာရီ တိုင်းဒေသကြီးရဲတပ်ဖွဲ့ ၂၀၁၅ ခုနှစ် တိုင်းဒေသကြီးအဆင့် စံပြရဲ ရေးဖြေစာမေးပွဲအား မေလ ၂၃ ရက် နံနက် ၉ နာရီကတိုင်းဒေသကြီး ထားဝယ်မြို့ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးဝင်း ရဲဇာနည်ခန်းမ၌ပြုလုပ်ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ အနက် မြို့နယ်အဆင့်၊ ခရိုင်အဆင့် စာမေးပွဲများတွင် အဆင့်ဆင့်အောင်မြင်ခဲ့သောရဲတပ်ဖွဲ့ဝင် ၁၁ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။



မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တိုင်းသည် မျိုးချစ်စိတ်ဓာတ်ပြည့်ဝ၍ စွမ်းရည်လေးရပ်ပြည့်စုံပြီး နိုင်ငံတကာအဆင့်မီ၊ ခေတ်မီအဆင့်အတန်းရှိသောရဲတပ်ဖွဲ့ဝင်များဖြစ်လာစေရေးအတွက် စံပြုလောက်သည့်တပ်ဖွဲ့ဝင်များကို ရွေးချယ်သတ်မှတ်ခြင်းအားဖြင့် အခြားသောတပ်ဖွဲ့ဝင်များပါ စိတ်ဓာတ်ရေးရာအရ အားကျအတုယူနိုင်လောက်အောင်ဆောင်ရွက်ရန် လိုအပ်သည်။ စံပြရဲရွေးချယ်ရာတွင် ယခင်ကကဲ့သို့ ရေးဖြေအမှတ်များကို အဓိကထားရွေးချယ်ခြင်းထက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွင် တစ်နှစ်တာကာလအတွင်း မတစ်ထောင်တစ်ကောင်ဘွား တာဝန်ထမ်းရွက်နိုင်ခဲ့သည့်လူတော်လူကောင်းများကိုရွေးချယ်ပေးနိုင်ရန် လိုအပ်သည့်အပြင် စံပြရဲသည် Man of the year or Police of the year ဖြစ်စေရန်အတွက် တိုင်းဒေသကြီးအဆင့်တွင် ရေးဖြေစာမေးပွဲ၊ ကြံ့ခိုင်မှုစစ်ဆေးခြင်းနှင့်လူတွေ့ စစ်ဆေးခြင်းများကို နှစ်စဉ်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးအဆင့် စံပြရဲရေးဖြေစာမေးပွဲကို ရဲဇာနည်ခန်းမ၌လည်းကောင်း၊ ကြံ့ခိုင်မှုစစ်ဆေးခြင်းကို တိုင်းဒေသကြီးအားကစားကွင်း၌လည်းကောင်း၊ မေ ၂၄ ရက်တွင်လူတွေ့ စစ်ဆေးခြင်းကိုတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၌လည်းကောင်း ပြုလုပ်ခဲ့သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကျေးရွာချင်းဆက်လမ်းနှင့် အထက်တန်းကျောင်းဖွင့်ပွဲ ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

**ဟားခါး မေ ၂၅**

ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်းသည် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းဦး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးငွန်ဆန်းအောင်၊ ပြည်နယ်ဥပဒေချုပ်ဦးကပ္ပတီအယ်လ် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၂၃ ရက်က ဖလမ်းမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်ကားလမ်းဖွင့်ပွဲနှင့် အခြေခံပညာအထက်တန်းကျောင်းဖွင့်ပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ယင်းနေ့က ပါရ်သဲ-လာသီး-လှန်ဇောလ် ကျေးရွာချင်းဆက်ကားလမ်းဖွင့်ပွဲကို လာသီးကျေးရွာရှိ အဆိုပါကားလမ်းဖွင့်ပွဲမုခ်ဦးရှေ့၌ ကျင်းပရာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးငွန်ဆန်းအောင်၊ ပြည်နယ်ဥပဒေချုပ်ဦးကပ္ပတီအယ်လ်နှင့် ရပ်မိရပ်ဖတစ်ဦးတို့က ဖွင့်လှစ်ပေးကြပြီး ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ဆက်လက်၍ ထင်းရှူး-ဖိုင်ခေါမ်-ဖိုင်ဇောလ်-ဘွာလ်ခွါး ကျေးရွာချင်းဆက်ကားလမ်းဖွင့်ပွဲကို ဖိုင်ဇောလ်ကျေးရွာရှိ အဆိုပါမုခ်ဦးရှေ့၌ကျင်းပရာ ပြည်နယ်လုံခြုံရေး နှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းဦးနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘွာလ်ခွါးကျေးရွာ၌ ကျင်းပသည့် အခြေခံပညာအထက်တန်းကျောင်းဖွင့်ပွဲသို့ တက်ရောက်ခဲ့ပြီး အခြေခံပညာအထက်တန်းကျောင်းဆိုင်းဘုတ်ကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်နှင့် ကျောင်းအုပ်ဆရာမကြီးတို့က ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ အထက်တန်းကျောင်းဖွင့်ပွဲအခမ်းအနားကို အဆိုပါကျောင်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်ကအမှာစကားပြောကြားခဲ့သည်။ ယင်းသို့ အမှာစကားပြောကြားရာတွင် ဘွာလ်ခွါးကျေးရွာသည်ပညာတတ် လူစွမ်းအားအရင်းအမြစ်များပေါ်ထွန်းရာ ကျေးရွာဖြစ်ကြောင်း၊ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ မိမိတို့၏ ရင်သွေးငယ်သားသမီးများအား ပညာတတ်လူတော်လူကောင်းများဖြစ်အောင် အစဉ်လေ့ကျင့်ပြုစုပျိုးထောင်သွားကြရန်လိုကြောင်း၊ မိမိတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အသိပညာအတတ်ပညာများ လက်တွေ့အသုံးချနိုင်ရန် လိုအပ်ကြောင်း ဝန်ကြီးချုပ်က ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လေလီတံတားနှင့် ရေအားလျှပ်စစ်ဓာတ်အားဖွင့်ပွဲသို့ တက်ရောက်ခဲ့ပြီး ပြည်နယ်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူတို့က အဆိုပါတံတားနှင့်ရေအားလျှပ်စစ်ဓာတ်အားကို ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **ချင်းပြည်နယ်(ပြန်/ဆက်)**

# သရက်မြို့တွင် (၁၈) ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲ ကျင်းပ

**သရက် မေ ၂၅**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ (၁၈) ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲကို မေ ၂၃ ရက် နံနက် ၉ နာရီက သရက်မြို့ အ. ထ. က (၁) ရာဆောင် အဆောင်သစ် (၁)တွင် ကျင်းပရာ မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူလေးများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲတွင် မျှော်လင့်ချက်တို့ထားနိုင်ရာ သတင်းစကားလေးတစ်ခုပါ၊ မူးယစ်ဆေးစွဲခြင်းဆိုတာ ကြိုတင်ကာကွယ် ကုသနိုင်တဲ့အရာ၊ မူးယစ်နွံတွင်ကျွံ၍ဆင်း သေမင်းအမြန်ခေါ်လိမ့်မည်၊ စိတ်ဓာတ်ခိုင်မာသန်စွမ်းရေး အားကစားကဏ္ဍ မြှင့်တင်ပေး၊ မူးယစ်ဆေးဆို ရှောင်ပါမနှေး၊ ဝန်းကျင်လှပသာယာဖို့ ဆေးစွဲသုံးသူတိုင်း ဝိုင်းဝန်းကူစို့၊ မူးယစ်အန္တရာယ်လှူရန်စွယ် ကာကွယ်တိုက်ဖျက် လက်ချင်းဆက် ခေါင်းစဉ်များမှ မိမိကြိုက်နှစ်သက်ရာ ခေါင်းစဉ်များဖြင့် ရွေးချယ်ပြီး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **ဇော်ထက်(သရက်)**


**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**
**လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

| | |
|---|---|
| (က) မီးခံသေတ္တာနှင့်ဖိုင်တင်စင် | 2-Items |
| (၁) မီးခံသေတ္တာ(Leeco) (17"x18"x26") | 1-No |
| (၂) ဖိုင်တင်စင်(Leeco)(လေးဆင့်)(6'x3'x18") | 5-Nos |
| (ခ) ရုံးသုံးပရိဘောဂ | 3-Items |
| (၁) Computer Office Desk (3 1/2) | 10-Nos |
| (၂) ဗီရို | 5-Nos |
| (၃) ဆုံလည်ကုလားထိုင် | 10-Nos |
| (ဂ) External HDD (1000 GB=1TB) | 12-Nos |
| (ဃ) Hold Punch, Stapler, Trimmer and Binders | 4-Items |
| (၁) Hold Punch HD-2300 | 10-Nos |
| (၂) Stapler (40 Electric Stapler) | 5-Nos |
| (၃) Trimmers (4 in 1) (18")(A3) | 5-Nos |
| (၄) Binders (Combo/C 250 pro) | 5-Nos |

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၂-၆-၂၀၁၅ရက် ၁၃း၀၀ နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။ သတ်မှတ်ထားသည့်အချိန်ထက် ကျော်လွန်ပေးသွင်းသော တင်ဒါများအား လက်ခံမည် မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန www.mict.gov.mm Website နှင့် အောက်ပါလိပ်စာတို့တွင် စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)**
**အမှတ်(၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂**



**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၅/၂၀၁၅)**

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများကို တင်ဒါခေါ်ယူလိုပါသည်-
မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း
(က) စက်နှင့်စက်အရန်ပစ္စည်းများ- Fire Extinguisher (3)Items, Flexible Hose Pipe(23)Nos, Sewing Head (1)Set
(ခ) ကုန်ကြမ်းပစ္စည်းများ - (4½"x6½") Plastic Bag (10000)Lb, Candle Wick(5500)Viss
(ဂ) စက်ဆီ/ ချောဆီ - Ultra Coolant Oil (400)Liter
နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း
(က) ဓာတုဗေဒပစ္စည်းများ - Propylene Dichloride (PDC)(74) Kg

၂။ တင်ဒါပုံစံရောင်းချမည့်နေ့ရက် - ၂၇-၅-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက်/အချိန် - ၂၆-၆-၂၀၁၅ ရက်၊ ၁၂း၀၀ နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန၊ ဘဏ္ဍာရေးဌာန**
**ရုံးအမှတ်(၄၄)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃**



**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အုပ်ချုပ်မှုအောက်ရှိ ရေအားလျှပ်စစ်စီမံကိန်းများတွင် ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်-

| စဉ် | လုပ်ငန်းအမည် | လုပ်ငန်းပမာဏ |
|---|---|---|
| ၁ | 07/DHPI(P&W)2015-2016<br>ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်း၊ မိုးမိတ်မြို့ရှောင် ဘေလီတံတားတည်ဆောက်ခြင်း | (၂၀၀) ပေ |
| ၂ | 08/DHPI(P&W)2015-2016<br>အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း၊ နားမခေါ်-တာလုံကျေးရွာချဉ်းကပ်လမ်းဖောက်လုပ်ခြင်း | (၈)မိုင် |

၂။ တင်ဒါပုံစံရောင်းချမည့်ရက်၊ အချိန် - ၂၅-၅-၂၀၁၅ရက်၊ ၉း၃၀နာရီ
တင်ဒါပုံစံအရောင်းပိတ်မည့်ရက်၊ အချိန် - ၁၅-၆-၂၀၁၅ရက်၊ ၁၅း၀၀နာရီ
Technical Proposal နှင့် Price Proposal နောက်ဆုံးထား၍ တင်သွင်းရမည့်နေ့ရက်၊ အချိန် - ၁၅-၆-၂၀၁၅ရက်၊ ၁၅း၃၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် ၁၀,၀၀၀ကျပ်နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်။**
**ဖုန်း ၀၆၇-၄၁၀၄၃၁၊ ၄၁၀၂၅၇၊ ဖက်စ်-၀၆၇-၄၁၀၄၃၁**



(N.G.E.S) အင်္ဂလိပ်စာသင်တန်း
ပုံမှန်(စနေ၊တနင်္ဂနွေ) တန်းခွဲများ
-အင်္ဂလိပ်စကားပြော၊ သဒ္ဒါနှင့်အရေးအဖတ်(၃နှစ်ခွဲမှ ၅နှစ်) (၅နှစ်မှ ၁၆နှစ်)
(English For Speaking, Listening, Reading & Grammar) +
(Essay, Letter, Diary, Portfolio & Story Writing)
- Essays နှင့် Letters တို့ ဓာတ်ကျက်လွတ်၊ ဆရာလွတ်၊ လက်တန်းရေးသားတတ်စေရန်
(အစိုးရကျောင်းသင်ရိုးကိုပါ အထောက်အကူပြုနိုင်ပါသည်။)
-Starters, Movers & Flyers, KET, PET & FCE - Cambridge ESOL (UK)မှ အောင်လက်မှတ်များ ရရှိရန် စီစဉ်သင်ကြားပေးခြင်း
ဒွန်-တန်းခွဲသစ်များ အတွက်စတင်လက်ခံနေပြီ
(5%) OFF
အမှတ်(၄၉)၅-လမ်း(လမ်းတို)Junction Mawtin အနီး၊ လမ်းမတော်မြို့နယ်၊
09-5079896,09-5005219,09-799676100



ရွှေစံအိမ်အဆင့်မြင့်တည်းခိုခန်း
ပန်းဆိုးတန်းသင်္ဘောဆိပ်မှ ၅မိနစ်သင်္ဘောစီး
ဒလဘက်ရောက်လျှင် ၅မိနစ်ဆိုက်ကားစီး
ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်းအဲကွန်းရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။
(၁၃၉၉)၊ ဗိုလ်ချုပ်(၁)လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်။
၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၅၉
၀၉ ၂၅၂၀၈၂၅၃၃
၈၀၀၀ ကျပ်
၁၂၀၀၀ ကျပ်

# ရေးမြို့ ပြည်သူ့ဆေးရုံ၌ သွေးလွန်တုပ်ကွေးရောဂါဖြင့် လာရောက်ဆေးကုသမှုခံယူနေသူ များပြားလာ

**ရေး မေ ၂၅**

မိုးဦးကျကာလရောက်ရှိလာ၍ မွန်ပြည်နယ် ရေးမြို့ခုတင် ၅၀ ဆံ့ပြည်သူ့ဆေးရုံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုများပြားနေလျက်ရှိရာ အရေးပေါ်ဆေးဝါးကုသမှုခံယူနေကြရကြောင်း သိရသည်။

အဆိုပါသွေးလွန်တုပ်ကွေးရောဂါဝေဒနာခံစားရသူများမှာ မေ ၂၃ ရက်အထိ ရေးဆေးရုံတွင် ဆေးဝါးကုသခံနေရသူ လူနာပေါင်း ၄၀ မှ ၅၀ ဝန်းကျင်ခန့် လာရောက်ကုသနေကြကြောင်း သိရသည်။

ယင်းဆေးရုံတွင် ဆေးဝါးအလုံအလောက်ရှိနေသော်လည်း အခြားလူနာထက် သွေးလွန်တုပ်ကွေးလူနာအရေအတွက် များပြားလာသဖြင့် ဆေးချိတ်ဆွဲမည့်နေရာများလည်း အခက်အခဲများနှင့် တွေ့ကြုံနေရကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါနှင့် သေဆုံးသူများမရှိသေးသော်လည်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှုန်းထားဆက်လက်မြင့်မားလာနေကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါခံစားနေရသူများမှာ ကလေးသူငယ်များအပြင် ၁၀ နှစ်အထက်ကလေးများလည်း ရောဂါဝေဒနာများခံစားနေရကြောင်း သိရသည်။

အဆိုပါရောဂါဝေဒနာခံစားနေရသူများအား ရောဂါဖြစ်ပွားမှုအရှိန် လျော့ကျထိန်းချုပ်နိုင်ရန်လည်း ကျန်းမာရေးလုပ်သားများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာနေရာဒေသအလိုက် သွေးလွန်တုပ်ကွေးဖြစ်ပွားလျက်ရှိနေသော မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများအထိ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းစီမံချက်များကို ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်းကျန်းမာရေးတာဝန်ရှိသူတစ်ဦးကပြောသည်။

**ထွန်းထွန်း(ရေး)**

## ရွှေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကျေးကော်မရှင်များ လုပ်ငန်းညှိနှိုင်း

**ပခုက္ကူ မေ ၂၅**

ပခုက္ကူမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ရပ်ကျေးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းဝေးကို မေ ၂၃ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးလှရွှေက အဖွင့်အမှာစကားပြောကြားပြီး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးကျော်စိုးထင်က မဲစာရင်းပြုစုခြင်း၊ မဲရုံအခြေနေများ၊ မဲစာရင်းကပ်ခြင်း၊ နယ်မြေခွဲခြားခြင်း၊ မဲရုံတည်ဆောက်ထားရှိမှုနှင့် ရွေးလုပ်ငန်းစဉ်များကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ညဏ်တိုး(ပြန်/ဆက်)**

## လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**မြင်းခြံ မေ ၂၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ရွှေဘုံသာကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ပွဲအခမ်းအနားကို မေ ၂၃ ရက် နံနက် ၈ နာရီက ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံက ယခုလိုထောက်ပံ့ပေးသော ငွေနှင့်ပစ္စည်းများသည် လေဘေးသင့်အိမ်ထောင်များအနေဖြင့် ပြန်လည်ထူထောင်နိုင်ရန်အတွက် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးသည် ပြိုကျပျက်စီးသော အိမ်ခြောက်လုံးအား တစ်အိမ်လျှင် ငွေကျပ်ငါးသောင်းနှုန်းဖြင့် ထောက်ပံ့ပစ္စည်းများ၊ အိမ်ခေါင်မိုးလန်သော လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့သည်။ နဘူးအိုင်ကျေးရွာ၊ ချောင်းလည်ကျေးရွာ၊ ရွှေဘုံသာကျေးရွာ၊ မြင်သာကျေးရွာ၊ ကန်ချောကျေးရွာများသို့ မေ ၁၇ ရက်တွင် မိုးသက်လေပြင်းဝင်ရောက်တိုက်ခတ်ခဲ့ရာ မိုးသက်လေပြင်းကြောင့် ပျက်စီးသွားသော စာသင်ဆောင်များ ပြုပြင်တည်ဆောက်ရာတွင် ၉၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## ဖားပန်ကျေးရွာတွင် သဘာဝစိမ့်စမ်းရေရရှိရေး ဆောင်ရွက်



**အင်းတော် မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ပင်ဝဲကျေးရွာအုပ်စု ဖားပန်ကျေးရွာတွင် သဘာဝစိမ့်စမ်းရေရရှိရေးအတွက် ဒေသခံရွာသူ၊ ရွာသားများမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖားပန်ကျေးရွာသည် ရွှေဘို-မြစ်ကြီးနား မော်တော်ကားလမ်းမကြီးဘေးတွင်တည်ရှိသည့် ကျေးရွာတစ်ရွာဖြစ်ကာ ကျေးရွာနေပြည်သူများ သောက်သုံးရေကို လွယ်ကူစွာသုံးစွဲနိုင်ရေးအတွက် ကျေးရွာနှင့်တစ်မိုင်ခန့်ကွာဝေးသည့် စိမ့်ရေပေါက်မှရေကို ကျေးရွာသို့ သွယ်ယူရရှိနိုင်ရေးအတွက် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း သိရသည်။

ရေသိုလှောင်ကန်ကိုအလျား ပေ ၄၀ အနံ ပေ ၂၀ အမြင့် ၁၀ ရှိ မြေသားကန်အဖြစ် တူးဖော်ထားပြီး ရေပိုက်သွယ်တန်းမည့်လမ်းကြောင်းကိုလည်း တူးဖော်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း ဖားပန်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဆရာတော် ဦးဇနိန္ဒက မိန့်ကြားသည်။

စိမ့်စမ်းရေ သွယ်ယူရရှိရေးကို ၂၀၁၄ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သော်လည်း ငွေကြေးအင်အား မတတ်နိုင်သဖြင့် ပြီးစီးအောင်မဆောင်ရွက်နိုင်သေးကြောင်း၊ ဖားပန်ကျေးရွာတွင် အိမ်ခြေ ၃၇ အိမ်ရှိပြီး လျှပ်စစ်မီးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးမှ တပ်ဆင်ပေးထားသည့် ဆိုလာစနစ်ကိုသာ သုံးစွဲနေကြရသည့် ကျေးရွာတစ်ရွာဖြစ်သည်။ သဘာဝစိမ့်စမ်းရေ သွယ်ယူရရှိရေး အောင်မြင်နိုင်ရန်လည်း အကူအညီလိုအပ်လျက်ရှိကြောင်း သိရသည်။

**(၆၈၅)**


### ဆောက်လုပ်ရေးဝန်ကြီးဌာန
### အဆောက်အအုံဦးစီးဌာန
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီးဌာန ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် ဆောက်လုပ်မည့်ဝန်ထမ်းအိမ်ရာများ တည်ဆောက်ခြင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော သတ်မှတ်စံချိန် စံညွှန်းပြည့်မီသည့် တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းများအား (မြန်မာကျပ်ငွေဖြင့်) လုပ်ငန်းခွင်အရောက် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

၁။ အိတ်ဖွင့်တင်ဒါအမှတ် - အမှတ်စဉ်(၁)၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်
၂။ တင်ဒါပိတ်မည့်ရက်/အချိန် - ၁၁-၆-၂၀၁၅ (၁၂း၀၀နာရီ)
၃။ တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၂-၆-၂၀၁၅ (၁၀း၀၀နာရီ)
၄။ တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး နေပြည်တော်၊ ပျဉ်းမနား
၅။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာများအား (၂၆-၅-၂၀၁၅)ရက်မှစ၍ ရုံးချိန်အတွင်း ဖုန်း-၀၆၇-၂၁၀၁၁၊ ၀၆၇-၂၂၀၇၃၊ ၀၉-၄၉၂၁၂၈၁၆ သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**



### အသိပေးကြေညာချက်

စင်ကာပူနိုင်ငံမှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် MV MODERN LINK V.2 သင်္ဘောသည် ၂၈-၅-၂၀၁၅ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်



REQUEST FOR EXPRESSIONS OF INTEREST
THE REPUBLIC OF THE UNION OF MYANMAR
Ayeyarwaddy Integrated River Basin Management (AIRBM) Project
(Credit No.55590 MM)

Ministry of Transport invites expressions of interest from qualified candidates for the following positions.1) International Senior Advisor to Project Director 2) International Water Resources Management Advisor 3) International Hydro-Met Advisor 4) International Navigation Advisor 5) International Safeguard Advisor 6) International Financial Management Advisor 7) International Procurement Advisor 8) National Safeguard Officer 9) National Procurement Officer 10) National Financial Management Officer.

Further information and a copy of the detailed Terms of Reference (TORs) can be found in www.dwir.gov.mm (Search for International Cooperation World Bank) and UNDB online website.

The deadline for submission of REOI is (22nd June, 2015). If you need any further information, please email to dwir.airbm@gmail.com.



### ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
### မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
### ၄/၂၀၁၅-၂၀၁၆ကြိမ်မြောက် စက်မှုကုန်ကြမ်းသစ်လုံး/ခွဲသား ဈေးပြိုင်လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း သစ်လုံး/သစ်ခွဲသားများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(က) ရောင်းချမည့်ရက်နှင့်အချိန် - ၉-၆-၂၀၁၅ရက်မှ ၁၀-၆-၂၀၁၅ရက်အထိ ၉း၃၀နာရီမှ ၁၆း၃၀နာရီထိ
(ခ) ရောင်းချမည့်အမျိုးအစားနှင့်တန် - ကျွန်းသစ်လုံး(၄၈၈)တန်ခန့်၊ သစ်မာသစ်လုံး (၂၃၄၉၀) တန်ခန့်၊ ကျွန်းခွဲသား(၁၆၆)တန်ခန့်၊ သစ်မာခွဲသား(၄၃၉)တန်ခန့်၊ (ပိတောက်/တမလန်ခွဲသား/ ဓားရွေးများပါဝင်ပါသည်။)
(ဂ) ရောင်းချမည့်နေရာ - အမှတ်(၁၀၃)၊ သစ်စက်ရှင်းလင်းဆောင်၊ မြန်မာ့သစ်လုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီး

၂။ သစ်လုံးဈေးပြိုင်လေလံနှင့် ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သောwww.myanmatimber.com.mmတွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်းနံပါတ် ၀၁-၃၇၂၄၂၃၊ ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၂-၇၀၃၇၁များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်လေလံကျင်းပရေးကော်မတီ**
**ပြည်တွင်းရောင်း/စက်**






### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
### သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်
### အမှတ်-၅၂၊ ၆၆၊ ပိုလ်တထောင်ဘုရားလမ်း၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
### အိတ်ဖွင့်တင်ဒါကြော်ငြာအမှတ်(၀၁/၂၀၁၅-၂၀၁၆)

၁။ ပြည်တွင်းရှိ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ကုန်ကြမ်းသစ်မာသစ်လုံးများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် သစ်တောဖက်စပ်မှ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

အိတ်ဖွင့်တင်ဒါအစီအစဉ်

ရောင်းချမည့်နေ့ရက် - ၁၁-၆-၂၀၁၅ ရက်(ကြာသပတေးနေ့)
ရောင်းချမည့်အချိန် - မွန်းလွဲ ၁း၀၀ နာရီ
သစ်အမျိုးအစားနှင့်တန် - သစ်မာသစ်လုံး(၉၁၂)လုံး၊ (၇၇၇. ၄၀၂)တန်
ရောင်းချမည့်နေရာ - မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

၂။ သစ်လုံးများ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အချက်အလက်များ အသေးစိတ်သိရှိလိုပါက သစ်တောဖက်စပ် website ဖြစ်သော www.fpjvc.com တွင်လည်းကောင်း၊ မြန်မာ့သစ်လုပ်ငန်း website ဖြစ်သော www.myanmatimber.com တွင်လည်းကောင်း ဝင်ရောက်ကြည့်ရှု၍ ဖုန်းအမှတ်-၀၁-၉၀၁၀၇၄၁၊ ၀၁-၉၀၁၀၇၃၃ များတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ
သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်

| စဉ် | တင်ဒါ အမှတ် | လုပ်ငန်းအမျိုးအမည် | တင်ဒါ ပိတ်ရက် |
|---|---|---|---|
| ၁ | ၄၇/မမ/CE | - ကသာ-ဗန်းမော် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းရှိ စင်ခန်းဘူတာအဝင် လမ်း တွင် (၆ ပေ)အမိုးပိတ်တံတား တည်ဆောက်ခြင်း | ၄.၆.၂၀၁၅ |
| ၂ | ၄၈/မမ/CE | - ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းရှိ သမိုင်းမြို့သစ်ဘူတာတွင် လူကူးခုံးကျော် တံတား (FOB) တည်ဆောက်ခြင်း (RSJ Beam,MS Rod, MS Plate, Angle နှင့် သံလမ်းဟောင်းများအား ဌာနမှ ပံ့ပိုးပေးပါမည်) | ၂၅.၆.၂၀၁၅ |
| ၃ | ၄၉/မမ/CE | - ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းရှိ ရေကူးနှင့် တံတားကလေးဘူတာကြား တွင် လူကူးခုံးကျော် တံတား (FOB) တည်ဆောက်ခြင်း (RSJ Beam, MS Rod, MS Plate, Angle နှင့် သံလမ်းဟောင်းများအား ဌာနမှ ပံ့ပိုး ပေးပါမည်) | ၂၅.၆.၂၀၁၅ |

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၂၅.၅.၂၀၁၅)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်း နှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။ ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း:294352,291994




ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

## ဂျပန်နိုင်ငံ APOမှ ကျင်းပမည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရန်ဖိတ်ခေါ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ဂျပန်နိုင်ငံ၊ Asian productivity Organization (APO)၏ အစီအစဉ်ဖြင့် မြန်မာ-ဂျပန် SMEs လုပ်ငန်းရှင်များအကြား အနာဂတ်တွင်ဖြစ်နိုင်ချေရှိသော စီးပွားရေးအခွင့်အလမ်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ဂျပန်နိုင်ငံ၏ SMEsအတွေ့အကြုံ၊ လက်ရှိနည်းပညာများဖြင့် မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စား လုပ်ငန်းများ ထုတ်ကုန်စွမ်းအား တိုးတက်လာရေးအတွက် အထောက်အပံ့ပေးနိုင်ရေး ရည်ရွယ်ချက်ဖြင့် ဂျပန်နိုင်ငံ Tokyo နှင့် Nagoyaတို့တွင် ၂၀၁၅ခုနှစ်၊ စက်တင်ဘာလ ၇ ရက်မှ ၁၁ ရက်အထိ ကျင်းပပြုလုပ်မည့် "SME Innovation and Quality Management for Myanmar to Increase Productivity" အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရန် အောက်ဖော်ပြပါ အရည်အချင်းရှိသူများအား စေလွှတ်ရန်ရှိသဖြင့် လျှောက်ထားနိုင်ပါသည်။

(က) SMEs လုပ်ငန်းရှင်၊ မန်နေဂျာနှင့် ပညာရှင်များ
(ခ) လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်ရှိသူ
(ဂ) တက္ကသိုလ်(သို့)အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ
(ဃ) အင်္ဂလိပ်ဘာသာ အရေး၊ အပြော၊ ကျွမ်းကျင်သူ
(င) ကျန်းမာရေးကောင်းမွန်သူ (Physically, mentally)
(စ) အသက်(၃၅)နှစ်မှ (၅၅)နှစ်အတွင်းရှိသူ

လျှောက်လွှာပုံစံများကို ကုန်သည်/စက်မှုအသင်းချုပ် နိုင်ငံတကာဆက်ဆံရေးဌာန Tel:၀၁-၂၁၄၃၄၄~၄၉(လိုင်းခွဲ-၁၂၀၁၂၂၂၃၀၁)၊ ၀၁-၂၃၀၁၅၆၄၊ Email: ird@umfcci.org.mm.ird.umfcci29@gmail.com သို့ ဆက်သွယ်၍ လာရောက်ထုတ်ယူနိုင်ပါသည်။ လူတွေ့စစ်ဆေးရမည့်ရက်ကို ထပ်မံအကြောင်းကြားပေးမည်ဖြစ်ပါသည်။

**ကုန်သည်စက်မှုအသင်းချုပ်**

**GOLDEN STAR**
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

မိုးနှင်း တစ်ပေ 140 K Sq-Ft (နှစ်ထောင်း) 120
01.534585
254044529

တိုက်နှင့်ခြံ အမြန်ရောင်းမည်
ကလောမြို့၊ ရှခင်းအလွန်လှ(100'×70') RCနှစ်ထပ်တိုက်သစ်အဆင့်မြင့်ပြင်ဆင်ပြီး၊ရေ၊မီးစုံရောင်းဈေး သိန်း (၂၀၀၀)
Ph: 09 - 5071649, 09-795370882
09 - 73200086



**Myanmar Book Centre**
(Supplying The World's Knowledge)
နှစ် (၆၀) မြန်မာ-ဂျပန်နှင့် သံတမန်ဘဝစရီး

Shop I : No. 55, Baho Road, Ahlone Township. Tel: 221 271, 09-730 15993
Shop II : No. 561-567, Room (3), MAC Tower I, Merchant Road. Tel: 370 532, 384 508
Mandalay : Room No. 110, Level-3, Yadanapon Diamond Plaza. Tel: 09 7300 2698

# ဂုဏ်ယူဝမ်းမြောက်ခြင်း

(၁၅-၅-၂၀၁၅) ရက်နေ့၊ နေပြည်တော်၌ ကျင်းပပြုလုပ်သည့် နိုင်ငံ့စွမ်းဆောင်ရည် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏

သုံးနှစ်ဆက် **"အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရည်ဆု"**

**(နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သော လုပ်ငန်းရှင် - ပထမဆု)** ကို

**"ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း"** ကလည်းကောင်း၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏

**"နိုင်ငံ့စွမ်းဆောင်ရည်ဆု"**

**(နိုင်ငံတော်နှင့် ပြည်သူအတွက် လူမှုရေးအကျိုးပြုမှု အကောင်းဆုံး လူမှုရေးအသင်းအဖွဲ့ဆု)** ကို

**"ကမ္ဘောဇအုပ်စု အနာဂတ်အလင်းတန်း ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း"** ကလည်းကောင်း

အသီးသီးဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်

နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး ထမ်းဆောင်နိုင်ပြီး

နိုင်ငံ့အကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်

ကြော်ငြာ

**The Republic of the Union of Myanmar**
**Ministry of Energy**
**Myanma Petrochemical Enterprise**
**Invitation for the Letter of Expression of Interest**

**Title:** Joint Venture Project for the Construction of Liquefied Petroleum Gas (LPG) terminal and Supply Chain of LPG Business (Importation, Storage, Distribution and Marketing)

Myanma Petrochemical Enterprise (MPE) hereby announces an invitation for the Letter of Expression of Interest to implement a joint venture project between MPE and interested investors who shall be a consortium of a local company (or companies) and a foreign company(or companies)and shall have the ability in terms of worldwide experiences in LPG importation, storage, wholesales distribution, marketing and services, financial capability, reliability for long term cooperation.

The scope of the business shall include the construction of a new LPG terminal[i.e.storage tank(s), jetty, etc]on available land area in No(1)Refinery (Thanlyin) and the supply chain of LPG business of importation, storage, wholesale distribution and marketing.

Detailed information for LOEI submission and information related to the joint venture project are available in the Ministry of Energy's websitc (www.energy.gov.mm/index.php/en/information/announcement) and the facebook (www.facebook.com/MinistryOfEnergy.Myanmar)as well as at the following address during office hour starting from 27-5-2015;

**Planning Department**
3rd Floor,Myanma Petrochemical Enterprise
Building No(44), Nay Pyi Taw
lpgbusinessjv@gmail.com

Letter of Expression of Interest must be delivered together with all the necessary materials requested in the detailed information to the following address in person before 12:00 noon on 15-7-2015;

**Managing Director**
**Myanma Petrochemical Enterprise**
**Building No(44), Nay Pyi Taw**

**No telephone enquiries shall be facilitated.**

**The Republic of the Union of Myanmar**
**Ministry of Energy**
**Myanma Petrochemical Enterprise**

**Title:** Invitation for Letter of Expression of Interest(LOEI) for Joint Venture Project of laboratory services for petroleum and petrochemical products

1. Myanma Petrochemical Enterprise (MPE), Ministry of Energy of the Republic of the Union of Myanmar is planning to establish a Joint Venture Project of laboratory services which analyses the specification and qualification of the petroleum and petrochemical products and certifies or recertifies in accordance with the standard of International Organization of Standardization(ISO).

2. MPE hereby announces an invitation to submit the letter of Expression of Interest (LOEI) for the Joint Venture project of laboratory services between MPE and a company which shall have the accreditation of International Organization of Standardization (ISO) and also have experience(s) for the analysis of specification and qualification of the petroleum and petrochemical products.

3. The required data for LOEI submission and information related to the above Joint Venture Project are available in the Ministry of Energy website (http://www.energy.gov.mm/index.php/en/information/announcement)and facebook (www.facebook.com/MinistryOfEnergy.Myanmar)as well as at the following address during the office hours starting from 27-5-2015;

Director (Planning) Fax:067-411124
Myanma Petrochemical Enterprise Email:labjvp@gmail.com
Building No(44), Nay Pyi Taw

4. No telephone inquiries shall be facilitated.

5. LOEI shall be submitted to following address in person no later than 12:00 noon on 15-7-2015;

**Managing Director**
**Myanma Petrochemical Enterprise**
**Building No(44), Nay Pyi Taw**

**ရန်ကုန်တိုင်းဒေသကြီး ကုသရေးဦးစီးဌာန**
**အကူသူနာပြု(ပြင်ပ) သင်တန်းသား/သူများခေါ်ယူခြင်း**

(က) နဝမတန်း(မည်သည့်ဘာသာတွဲမဆို)အောင်မြင်ပြီးသူဖြစ်ရမည်။
(ခ) အသက်(၁၈)နှစ်ပြည့်ပြီး(၂၅)နှစ်ထက်မကြီးရ။
(ဂ) အိမ်ထောင်မရှိသူ လူပျို/အပျိုဖြစ်ရမည်။
(ဃ) (၉)လသင်တန်းပြီးဆုံးအောင်တက်ရောက်ရမည်။
(င) အနည်းဆုံး(၁)နှစ် နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်ရမည်။

-လျှောက်လွှာဝယ်ယူ/လျှောက်ထားရန်နေရာ - အမှတ်(၅၂၀)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗဟန်းမြို့နယ်။
-လျှောက်လွှာစတင်ရောင်းချမည့်ရက် - ၁-၆-၂၀၁၅ ရက်
-လျှောက်လွှာပိတ်ရက် - ၃၀-၆-၂၀၁၅ ရက်
-ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၉-၃၁၃၃၃၅၅၆၆၊ ၀၉-၃၁၃၃၃၅၇၇၇၊ ၀၁-၅၄၄၂၇၉

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ မဟာဓာတ်အားလိုင်းများတွင် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် လိုအပ်သော Transmission Line Maintenance ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၅-၅-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက် - ၁၆-၆-၂၀၁၅ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၄၁၀၂၈၂၊ ၀၆၇-၄၁၀၂၀၉**

**ဆရာဒွေး အင်္ဂလိပ်စာ သဒ္ဒါ**
**အရေးသီးသန့် နှင့် Speaking**
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ်(ပ/၃တွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ (၅)လတက်လျှင် ရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ ၄မှ၈တန်းထိ Guide များအိမ်လိုက်သင်သည်။
ငွန်လ(၃/၄/၆)ရက်နေ့ (ပ/၃)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ခုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
**Ph: 01-375970, 0951 72096, 09254541441**



# လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

